

တက္ကသိုလ်
နေလင်းအောင်
လင်းဟန်တဒု၏ ချွန်ချူးကူ
အာဃာတတေးသွေးစား

တက္ကသိုလ်

**နေလင်းအောင်**

---

# အာဃာတသွေးစား

စာစဉ် (၃)

(၄၀)

မင်မိန်းစုမှာ .... ဣန္ဒြေကောင်းလှသည်။ စစ်ဦးစီးမှူးကြီးတို့၏ ဣန္ဒြေကို မပျက်စေဘဲ ....

"ကျွန်ုပ်တို့သည် သင်တို့ပြည်သို့ စစ်ချီတက်လာခြင်း မဟုတ်ပါ"

ဗိုလ်မှူးကောင်က ....

"အဘယ်သို့ လာရောက်တိုက်ခိုက်ခြင်း ဖြစ်ပါသနည်း .... ကျွန်တော်က သိလို၍ မေးခြင်းဖြစ်ပါသည်၊ စစ်ဦးစီးမှူးကြီး ဖြေကြားရန် မလိုပါ၊ မဖြေချင်လည်း ရပါသည် .... "

မင်မိန်းစုက ....

"ဤနေရာ ရောက်နေပြီဖြစ်၍ သတင်းပေါက်ကြားလျှင်လည်း

အကြောင်းမဟုတ်တော့ပါ၊ ကျွန်ုပ်တို့သည် ဟွာပြည်ကို သိမ်းပိုက်ရန် လာကြခြင်း ဖြစ်သည် .... ”

“စစ်ဦးစီးမှူးကြီးတို့၏ သဘောပင်ဖြစ်ပါသည်၊ ကျွန်တော်တို့ တပ်ကြီးက စစ်ဦးစီးမှူးကြီးတို့ကို အကူအညီပေးဖို့ လိုအပ်လျှင် အကူအညီပေးရန် အသင့်ရှိပါသည် .... ”

“မလိုပါ .... ကျွန်ုပ်တို့ တိုက်နိုင်ပါသည် .... ”

ဝှမ်းကောင်သည် ရိက္ခာပစ္စည်းများကို ပေးအပ်ပြီး ပြန်သွားလေ၏။

မင်မိန်းစုသည် မျက်မှောင်ကုတ်လျက် တွေးတောနေလေ၏။ စစ်၏ အသက်မှာ လျှပ်တစ်ပြက် တိုက်ခိုက်မှုပင် ဖြစ်သည်။ သူတို့သည် ကျန့်ပြည်က သတင်းမရရှိအောင် လွင်ပြင်များ ထူထပ်သော သစ်တောများ၌ ခိုအောင်းစခန်းချခဲ့သည်။ ထိုစဉ်လျက် ယခု ကျန့်ပြည်သည် သူတို့ ချီတက်လာသည့် သတင်းကို ရရှိသွားပေပြီ။

မင်မိန်းစုသည် သက်ပြင်းချလိုက်၏။

“ငါတို့၏ လျှို့ဝှက်ချီတက်မှုကား အချည်းအနှီးဖြစ်လေပြီ”

မင်မိန်းစုသည် ဤသို့ပင် ရေရွတ်မိလေ၏။ ထို့နောက် သူသည် လက်ထောက်စစ်ဦးစီးမှူးများအား ဟွာပြည်သို့ သိမ်းပိုက်တိုက်ခိုက်ရန် အမိန့်ပေးလိုက်လေတော့၏။ ထိုအခါ စီချိစုနှင့် ပိုင်ယီပင်တို့သည် အံ့ဩတကြီး ဖြစ်သွားကြလေသည်။

“တပ်ဦးစီးမှူးကြီး၊ ကျွန်ုပ်တို့သည် ကျန့်ပြည်သို့ ချီတက်ရန် လာခဲ့ခြင်း မဟုတ်ပါလော .... ”

ပိုင်ယီပင်က မင်မိန်းစုအား မေးမြန်းလေ၏။

ထိုအခါ မင်မိန်းစုက သူ့လက်ထောက်နှစ်ယောက်ကို ရှင်းပြလေသည်။

“ကျွန်ုပ်တို့သည် ကျင့်ပြည်နယ် ပိုက်နက်ဖြစ်သော ယောင်စန်းတောင်ဒေသကို တိတ်တဆိတ် ဖြတ်သန်းနိုင်ခဲ့ကြသည်၊ ဤသည်မှာ ဝမ်းသာစရာပင်၊ မည်သည့်တိုင်းပြည်မျှက သူတို့ပြည်အား စစ်ဦးဖြတ်သန်းခွင့်ပေးမည် မဟုတ်ချေ၊ ထို့ကြောင့် ယခုဆိုလျှင် ကျွန်ုပ်တို့သည် လီပေါင်းတစ်ထောင်မျှ ရောက်ရှိလာခဲ့သည်၊ ကျွန်ုပ်တို့ တပ်ကြီးမှာလည်း အပျောက်အရှ အထိအခိုက် မရှိခဲ့ချေ၊ ကျန့်ပြည်သို့ ကျွန်ုပ်တို့ တိတ်တဆိတ် ချီတက်လာခြင်းမှာ အောင်မြင်သည်သို့ ဆိုနိုင်သည် မဟုတ်ပါလော၊ သို့သော် .... ”

မင်မိန်းစု၏ စကားကြောင့် စီချိစုနှင့် ပိုင်ယီပင်တို့မှာ တံတွေးကို မျိုချလိုက်ကြရသည်။

မင်မိန်းစုက ဆက်ပြောလေ၏။

“သို့သော် ကျန့်မင်းသည် တမန်လွှတ်၍ ကျွန်ုပ်တို့အား ဤ

စိတ်ကျေနပ်တော် မူလေမည် .... ”

စီချိစုနှင့် ပိုင်ယီပင်တို့လည်း ယခုမှ အရေလည်သွားတော့၏။ စစ်ဦးစီးမှူးကြီးသည် သူတို့ထက်ပို၍ အကွက်မြင်ပေသည်ဟု စိတ်ထဲမှ ချီးကျူးမိကြ၏။

ဤသို့ဖြင့် ချင်စစ်တပ်ကြီးသည် ဟွာပြည်သို့ ချီတက်သွားပြီး ရုတ်တရက် ဝင်ရောက်တိုက်ခိုက်တော့၏။

ဟွာပြည်မှာ လုံးဝအလစ် အငိုက်မိသွား၏။

သူတို့တိုင်းပြည်ကို ချင်စစ်တပ်ကြီး ဤသို့ ဝင်ရောက် တိုက်ခိုက်မည်ဟု မထင်ပေ။ ဤသို့ ဝင်ရောက်တိုက်ခိုက်သောအခါ လုံးဝရှုံးနိမ့်သွားလေ၏။

အဖြစ်မှန်မှာ ဝှမ်းကောင်ဆိုသူက မင်မိန်းစုအား လှည့်ဖျားသွားခြင်း ဖြစ်သည်။

ဝှမ်းကောင်သည် ကျန့်မင်းက စေလွှတ်လိုက်သော တမန်တစ်ဦး မဟုတ်ချေ။

သို့သော် သူမင်း သူ့တိုင်းပြည်အတွက် တာဝန်သိသိဖြင့် မင်းမိန်စုအား ဝင်ရောက်လိမ်ညာသွားခြင်းသာ ဖြစ်သည်။

ဤနေရာ၌ မင်မိန်းစုကို အထင်သေးရှုံ့ချရန် မလိုပါပေ။ မည်သူမဆိုပင် မင်မိန်းစုနေရာ၌ ရောက်လျှင် မင်မိန်းစု တွေးသလိုသာ တွေးမိ



အရပ်တွင် စောင့်စားပြီး ရိက္ခာပေးဆက်လေသည်၊ ဤသည်ကား အခြားမဟုတ်ချေ၊ သူတို့သည် ကျွန်ုပ်တို့တပ်ကြီး ချီတက်လာခြင်းကို သတင်းရရှိပြီးပြီ၊ စစ်ပြင်ပြီးပြီဟု ပြောလိုရင်းဖြစ်သည်၊ ကျွန်ုပ်တို့ ဤဒေသမှနေ၍ ကျန့်ပြည်ကို ရုတ်တရက် ထိုးစစ်ဆင်ရန် ကြံစည်ထားလေ၏။ ယခု ကျန့်တို့သည် ကျွန်ုပ်တို့ရောက်နေသည်ကို ကြိုတင်သိနေချေပြီ၊ အလစ် အငိုက်ဝင်ရောက်တိုက်ခိုက်ဖို့ လုံးဝမဖြစ်နိုင်တော့ချေ၊ ကျွန်ုပ်တို့သည် ခရီးဝေးမှ ချီတက်လာခဲ့ကြသူများ ဖြစ်သည်၊ အချိန်တိုတိုနှင့် မြန်မြန် တိုက်ခိုက်နိုင်ခြင်းသည်သာ ကျွန်ုပ်တို့ အောင်နိုင်ရေး၏ အသက်သွေးကြောဖြစ်ပေသည်၊ အကယ်၍ ကြန့်ကြာမှုရှိခဲ့သော် စားနပ်ရိက္ခာ အခက်အခဲဖြစ်ပြီး ကျွန်ုပ်တို့၏တပ်ကြီး ပျက်နိုင်၏။ သည်တော့ ကျွန်ုပ်တို့သည် ကျန့်ပြည်ကို မတိုက်ခိုက်တော့ဘဲ တပ်ဆုတ်ပြန်ရန်သာ အသင့်လျော်ဆုံး ဖြစ်တော့သည် .... ”

မင်မိန်းစုသည် ရှည်လျားစွာ ရှင်းပြပြီး ဆက်ပြောပြန်လေတော့၏။

“ကျွန်ုပ်တို့သည် ဟွာပြည်အထိ ရောက်နေခဲ့လေပြီ၊ ရောက်လက်စနှင့် ဟွာပြည်အား တိုက်ခိုက်ပြီး ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာ၊ ရတနာများကို သယ်ယူပြီး မင်းကြီးအား ဆက်သခဲ့လျှင် ကျွန်ုပ်တို့ ကျန့်ပြည်အား စစ်မအောင်ငိုင်မှုကို ဖုံးကွယ်နိုင်မည် ဖြစ်သည်၊ မင်းကြီးလည်း

မည် ဖြစ်သည်။

ဝှမ်းကောင်သည် နွားကုန်သည်တစ်ဦးသာ ဖြစ်သည်။ သူသည် ကျန့်ပြည်သားတစ်ဦးဖြစ်ပြီး နွားများကို အကြီးအကျယ် ကုန်ကူးနေကျ ဖြစ်၏။ သူသည် နွားများကို ရောင်းချရန် လိုယန်းနေပြည်တော်သို့ တပည့်များနှင့် ထွက်လာခြင်းဖြစ်သည်။

လမ်းခရီးတွင် ချင်ပြည်မှ ထွက်လာသော ကုန်သည်နှင့် တွေ့ဆုံပြီး ထွေရာလေးပါး စကားပြောတတ်ကြလေ၏။

ချင်ပြည်မှ ကုန်သည်က ....

"သင်တို့တိုင်းပြည်တော့ ဒုက္ခရောက်တော့မည် .... "

ဝှမ်းကောင်က ....

"အဘယ်ကြောင့် ဒုက္ခရောက်မည်နည်း .... "

"သင်တို့ မသိသလော၊ ကျွန်ုပ် ချင်ပြည်မှ စစ်တပ်ကြီးသည် သင်တို့ ကျန့်ပြည်သို့ စစ်ချီသွားလေပြီ၊ တပ်အင်အားကြီးမားလှသည် သင်တို့ ခုခံနိုင်မည်လော .... "

"သေချာပါ၏လော .... "

"သေချာပါသည် .... မယုံလျှင် .... သင် ကျွန်ုပ်ဇက်ကို ဖြတ်ပါလှည့် .... "

ဝှမ်းကောင်သည် ထိုသတင်းကိုကြားလျှင် သူသည် သူ့တပည့်တစ်ယောက်ကို ကျန့်ပြည်သို့ အလျှင်အမြန်လွှတ်၍ ကျန့်မင်းအား အကြောင်းကြားလေသည်။



ဝှမ်းကောင်၏ တပည့်လည်း ကျန့်မင်းအား အကြောင်းစုံလျှောက်ထား၏။

ဝှမ်းကောင်ကမူ ဟွာပြည်နယ်ခြားအရပ်တွင် မင်း၏ တမန်အား ဝတ်ကောင်းစားလှဝတ်ဆင်၍ ကြိုလင့်နေ၏။

သူ့နွားအချို့ကို ဝှက်ထားပြီး နွားဆယ့်နှစ်ကောင်ကိုမူ ကျန့်ပြည်မင်းက .... ပေးသည့်အလား ပေးရန်အသင့် စောင့်ဆိုင်းနေလေသည်။

ချင်စစ်တပ်ကြီး ဆိုက်ရောက်လာသည်ကို သူ့ဘာသာ ကြိုတင်သိနေသည့်အလား ပြောဆိုပြီး နွားဆယ့်နှစ်ကောင်ကို ပေးအပ်ခဲ့သည်။ ချင်စစ်ဦးစီးမှူးကြီး တွေဝေသွားအောင် သူသည် ပြောဆိုနိုင်ခဲ့သည်။

ထို့ကြောင့် ချင်ဦးစီးမှူးကြီးသည် ကျန့်ပြည်သို့ စစ်မချီဝံ့တော့ဘဲ ဟွာပြည်သို့ အလုံးအရင်းဖြင့် ဝင်တိုက်တော့၏။ ဟွာပြည် စစ်ရှုံးသွားသည်။

ထိုအခါ ချင်ပြည် စစ်တပ်ကြီးသည် ပစ္စည်းဥစ္စာရတနာများကို သိမ်းယူပြီး စစ်တပ်ကြီး ပြန်ဆုတ်သွားတော့သည်။

ကျန့်ပြည်မင်းမှာ ကျင့်ဘွန်မင်းက နန်းတက်ပေးခဲ့သော လန့်

ကျိမ်းသားဖြစ်သည်။

ကျန့်ပြည်ဘုရင်ဖြစ်သောအခါ ကျန့်ပိုက်လန်ဟု အမည်တွင်လေသည်။

သူသည် နန်းတက်စဖြစ်သော်လည်း သူ့ပြည်နယ်များကို သိပ်သည်း ကျစ်လျစ်စွာ အုပ်ချုပ်လေသည်။

သူသည် တာဝန်သိပြည်သူဖြစ်သော ဝှမ်းကောင်၏သတင်းပေးမှုကြောင့် သူ့တပ်ကြီးကို အဆင်သင့် ပြင်ထားလေ၏။

သူတို့မြို့တော်တွင် ယခင်က ချင်မူမင်းက စေလွှတ်ခဲ့သည့် နှစ်ထောင်အင်အားရှိသော တပ်ဖွဲ့သည် ယခုအထိ ရှိနေ၏။

ထိုတပ်ဖွဲ့နှစ်ထောင်သည် ချင်စစ်တပ်ကြီး၏ အစိတ်အပိုင်းဖြစ်သည်။

ကျန့်မင်းကျန့်ပိုက်လန်းသည် ထိုနှစ်ထောင်အင်အားရှိသော တပ်ကို လူလွှတ်၍ အကြောင်းကြားလေသည်။

"စစ်မှူးကြီးတို့ အဆွေတို့၊ ချင်ပြည်စစ်တပ်ကြီးသည် အင်အားကြီးမားစွာဖြင့် ချီတက်လာပြီး ဟွာပြည်ကို ဝင်ရောက်တိုက်ခိုက်လေပြီ၊ အဆွေတို့ အဘယ့်ကြောင့် အကူအညီ မပေးသနည်း ...."

စစ်သည်နှစ်ထောင် တပ်ဖွဲ့တွင်ရှိသော စစ်မှူးများမှာ အံ့သြသွားကြလေသည်။



သူတို့တပ်ဖွဲ့ကြီး တိတ်တဆိတ် ချီတက်လာခဲ့သော်လည်း သတင်းပျံ့နှံ့ကာ ကျန့်ပြည်သားတို့ သိရှိသွားကြလေပြီဟု နားလည်သွားကြသည်။

သူတို့သည် မြို့တော်တွင် တပ်စွဲမနေတော့ဘဲ ပြောသည့်စကားအတိုင်း အလိုက်သင့်ဖြစ်စေရန် တပ်ရုပ်သိမ်းထွက်ခွာသွားကြလေသတည်း။

။။ ◆ ။။

## (၄၁)

## ယောင်စန်းတောင်၏အန္တရာယ်

ချင်ပြည်စစ်တပ်ကြီးသည် ဟွာပြည်ကိုအလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လေရာ အင်အားကြီးမားသော ချင်စစ်တပ်ကြီးကို ဟွာပြည်က မည်သို့မျှ မခုခံနိုင်တော့ဘဲ အရှုံးပေးနေလေတော့သည်။

ချင်ပြည်စစ်တပ်ကြီးသည် ပစ္စည်းရတနာများကို တင်ဆောင်ကာ တပ်ကြီးကို ဆုတ်ခွာလေတော့သည်။ စားနပ်ရိက္ခာများကိုလည်း တင်ဆောင်သွားလေသည်။

လေးလပိုင်းအစတွင် ကျင့်တို့၏ဒေသဖြစ်သော ယောင်စန်းတောင်ဒေသသို့ ပြန်လည်ရောက်ရှိခဲ့ကြလေတော့သည်။ အသွားတုန်းက တိတ်တဆိတ် ဖြတ်သန်းချီတက်နိုင်ခဲ့သော်လည်း အပြန်တွင်မူ



သတင်းပို့နေလေရာ တိတ်တဆိတ် ချီတက်၍ မရတော့ပေ။

မင်မိန်းစုသည် သူ့တပ်ကြီးကိုသူ ဂရုစိုက်သူဖြစ်ရကား ယောင်စန်းတောင်ဒေသသို့ မဝင်မီ တပ်ကြီးကို ခေတ္တအနားပေးလိုက်လေတော့သည်။

မင်မိန်းစုသည် လက်ထောက်ဦးစီးများဖြစ်သည့် စီချီစုနှင့် ပိုင်ယီပင်တို့နှင့် တိုင်ပင်လေသည်။

"ယခင်အခါက ကျင့်တို့သည် ကျွန်ုပ်တို့၏ ဘုရင်မင်းမြတ်နှင့် ကျေးဇူးခံ ကျေးဇူးစားဖြစ်၍ ကျွန်ုပ်တို့တပ်ကြီး ချီလာလျှင် ဝမ်းသာအားရ ကြိုဆိုကြမည်ဖြစ်သည်၊ ယခု ကျင့်ဘွန်မင်း နတ်ရွာစံလေပြီ၊ ထိုမင်း နတ်ရွာစံသည့်အတွက်ပင် ကျွန်ုပ်တို့မင်းကြီးက ကျန့်ပြည်ကို တိုက်ခိုက်ခြင်းဖြစ်သည်၊ ကျင့်ပြည်သည် ကျန့်ပြည်ကို စောင့်ရှောက်နေသူဖြစ်ရာ ယခု ကျွန်ုပ်တို့က ကျန့်ပြည်အား သွားတိုက်သည်၊ အဆင်မပြေ၍ ပြန်ဆုတ်လာသည့် သတင်းကို မုချရရှိပေမည်၊ သူတို့သည် ကျွန်ုပ်တို့ကို မုချတိုက်ခိုက်နေပေလိမ့်မည်။

စီချီစုက ....

"ကျိန်းသေတိုက်ခိုက်နိုင်ပါသည် .... ကျင့်တို့သည် အင်အားကောင်းသည့်နေရာတွင် ကျွန်ုပ်တို့နှင့် တန်းတူလိုက်သူများဖြစ်၍ စစ်ရေးပရိယာယ်လည်း ကျွမ်းကျင်ပါသည်၊ ကျွန်တော်တို့ အထူးသတိ

ထားရမည့်သူများ ဖြစ်ပါသည် .... "

ဝိုင်ယီပင်ကလည်း ဤဒေသကို ဖြတ်ကျော်မည်ဆိုလျှင် အန္တရာယ်အလွန်ကြီးကြောင်း ထောက်ခံလေသည်။

"ကျွန်တော်တို့၏ ဖခင်ကြီးက မှာကြားလိုက်သည် မဟုတ်ပါလော၊ ယောင်စန်းတောင်ဒေသကို ဖြတ်ကျော်လျှင် အထူးသတိပိုရိယထားရမည်ဟု အန္တရာယ်မရှိဘဲနှင့် ကျွန်တော်တို့၏ ဖခင်ကြီး မှာကြားမည် မဟုတ်ပါ .... "

မင်မိန်းစုက သေချာစွာစဉ်းစား၍ အမိန့်ပေးသည်။

"ကျွန်ုပ်တို့ကို ဤယောင်စန်းဒေသတွင် ညှပ်ပူးညှပ်ပိတ်လည်း တိုက်ခိုက်နိုင်သည်၊ တောင်ကမ်းပါးယံပေါ်မှာလည်း တိုက်ခိုက်နိုင်သည်၊ သူတို့သည် နယ်မြေကျွမ်းကျင်သူများဖြစ်၍ တိုက်ခိုက်ပြီးသည်နှင့် ကိုယ်ယောင်ဖျောက် ထွက်ပြေးသွားနိုင်သည်၊ ကျွန်ုပ်တို့တပ်ကြီးသည် တစ်စုတစ်ရုံးတည်း ချီတက်သွား၍ မဖြစ်ချေ၊ အတိုက်ခံရလျှင် တပ်လုံးပြုတ်နိုင်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့တပ်ကြီးကို လေးတပ်လေးစုခွဲလိုက်မည်၊ တစ်တပ်နှင့်တစ်တပ် နှစ်လီမျှခွာ၍ ချီတက်ကြသည်၊ သို့မှသာ တစ်တပ်ချင်း ရန်သူနှင့် တွေ့နိုင်သည်၊ အခြားတပ်များလည်း အန္တရာယ်ကင်းနိုင်သည် .... "

မင်မိန်းစုသည် စစ်မှူးများအား စစ်တပ်ကြီးကို လေးစုခွဲ၍ ချီတက်ရန် အမိန့်ပေးလေ၏။

ထို့နောက် သူတို့သည် အလွန်တစ်ရာ အန္တရာယ်များသည့် ယောင်စန်းတောင်ဒေသကို ဖြတ်ကျော်ကြလေတော့သည်။ တပ်ကို လေးစုခွဲလိုက်သောအခါ ပထမဆုံးတပ်ကို စစ်မှူးပေါင်းမန်းကြည်က ဦးစီးရသည်။

နောက်မှတပ်သည် ပထမတပ်နှင့် နှစ်လီမျှခွာလိုက်သည်။

"ထုံ .... ထုံ .... "

"ထုံ .... ထုံ .... "

ထိုစစ်တပ်သည် ဗုံစည်ဗုံမောင်းများကို တီးနှင့်နေသည်၊ သူတို့သည် ယခုမှပင် တိုက်ခိုက်တော့မည်ကဲ့သို့ ထင်မှတ်ရလေသည်။

မကြာမီ ထိုစစ်တပ်၏ စစ်မှူးသည် မြင်းရထားဖြင့် ရှေ့သို့ တက်လာလေ၏။

သူသည် အော်ငေါက်၍ မေးမြန်းလိုက်သည်။ ဤတပ်ကြီးကို မင်းမိန်းစုဦးစီး၍ ချီတက်လာခြင်းဖြစ်ကြောင်း သူတို့ သတင်းရပြီးလေပြီ။

"သင်သည် မင်မိန်းစုလော .... "

တပ်မှူးပေါင်မန်းကြည်သည် ထိုစစ်မှူးကို ကြည့်လေ၏။ အလွန်တစ်ရာ ရဲရင့်ဖျတ်လတ်ပုံကို မြင်ရကား ကျင့်စစ်တပ်မှ စစ်မှူးတစ်

ယောက် ဖြစ်ရမည်ဟု ခန့်မှန်းလိုက်သည်။

ပေါင်မန်းကြည်သည် ထိုသူ၏အမေးကို မဖြေပေ။ သူက ပြန်မေးလိုက်သည်။

"ကျွန်ုပ်ကို မည်သူနည်းဟု မေးသူသည် အဘယ်သူနည်း။ သင်ဖြေမှ ကျွန်ုပ်ဖြေမည် ...."

ထိုစစ်မှူးသည် ပြန်ဖြေလေ၏။

"ကျွန်ုပ်သည် ကျင့်စစ်တပ်မှ စစ်မှူးကြီး ချင့်စွန်ဖြစ်လေ၏"

ပေါင်မန်းကြည် ခန့်မှန်းချက် မှန်သွားလေပြီ၊ ကျင့်စစ်တပ်မှ စစ်မှူးတစ်ဦးဖြစ်ရမည်ဟု သူ ခန့်မှန်းခဲ့၏။ သို့သော် ထိုနာမည်ကိုတော့ သူ မသိပေ။ ပေါင်မန်းကြည်က လက်ခါပြလိုက်ပြီး ....

"သင်လို သာမန်စစ်မှူးတစ်ယောက်ကို ငါ မသိချေ၊ သင့်စစ်မှူးတစ်ယောက်နှင့် မတိုက်လိုပါ၊ သင်တို့၏ စစ်ဦးစီးမှူးပါလျှင် ရှေ့သို့ ထွက်လာပါစေ .... "

ကျင့်စစ်မှူးကြီး ချင့်စွန်သည် ဒေါသအမျက် ခြောင်းခြောင်းထွက်လာလေတော့၏။

သူသည် စစ်မြင်းရထားကို ပေါင်မန်းကြည်ရှေ့သို့ တရကြမ်းမောင်းနှင်လာလေ၏။

ပေါင်မန်းကြည်သည် စစ်ရထား မောင်းနှင်လာပုံကိုကြည့်၍



သူ့အား တိုက်ခိုက်တော့မည်ကို သိသည်။

သူသည် သတိဝီရိယနှင့် စောင့်ကြည့်နေလေ၏။

စစ်မြင်းရထားချင်း မျက်နှာချင်းဆိုင်မိသောအခါ ချင့်စွန်က လှံဖြင့် ဆီးထိုးလိုက်၏။

ပေါင်မန်းကြည်သည် သတိထားနေသူ ဖြစ်သည့်အလျောက် ထိုးလိုက်ချင်း စစ်ရထားသည် ကျော်လွန်သွားလေ၏။

ထိုအခါ ပေါင်မန်းကြည်က ချင့်စွန်၏နောက်ကျောကို လှံဖြင့် ထိုးလိုက်၏။

ချင့်စွန်လည်း ဤသို့ တိုက်ခိုက်မည်ဟု မျှော်လင့်ထားသူ ဖြစ်ရာ ရှောင်တိမ်းနိုင်လိုက်သည်။

သူတို့သည် စစ်မြင်းရထားနှစ်စီးကို ကွေ့ပတ်မောင်းနှင်ပြီး မျက်နှာချင်းပြန်ဆိုင်လိုက်သည်။

ချင့်စွန်က ....

မင်မိန်းစု .... သင့်လှံချက် သွက်လှပေသည်။

ချင့်စွန်က ပေါင်မန်းကြည်အား ချင်စစ်ဦးစီးမှူးကြီး မင်မိန်းစုဟု ထင်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ပေါင်မန်းကြည်က လှိုက်လှိုက်လှဲလှဲ ရယ်မောလေ၏။

"ကျွန်ုပ်သည် စစ်ဦးစီးမှူးကြီး မင်မိန်းစုမဟုတ်၊ ကျွန်ုပ်သည်

စစ်မှူးကလေး ပေါင်မန်းကြည်တည်း၊ ကျွန်ုပ်တို့ စစ်ဦးစီးမှူးကြီးသည် သင်ကဲ့သို့ စစ်မှူးမျိုးနှင့် အဘယ့်ကြောင့် အချိန်ကုန်ခံပြီး ပြိုင်ဆိုင်နေမည်နည်း ....”

ကျင့်စစ်မှူးချင့်စွန်သည် တွေးနေလေ၏။

“သာမန် စစ်မှူးကလေးပင် ဤမျှ တိုက်ရည်ခိုက်ရည် ပြည့်ဝနေပါလျှင် သူတို့၏ စစ်မှူးကြီးဆိုပါက ငါသေဖို့ပင်ရှိသည်၊ သူပြောသည်မှာ မှန်ပေသည်၊ အဘယ့်ကြောင့် အကျိုးမရှိဘဲ အချိန်ကုန်ခံနေမည်နည်း”

ချင့်စွန်က ပြောသည်။

“ကျွန်ုပ် သင်တို့ကို ဖြတ်သန်းခွင့်ပေးမည်၊ ကျွန်ုပ်၏တပ်ကိုလည်း သင်တို့ မတိုက်ခိုက်ပါနှင့် ....”

ပေါင်မန်းကြည်က ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။ သို့သော် ထိုဝမ်းမြောက်ဝမ်းသာဖြစ်မှုကို မျက်နှာတွင် မပေါ်စေဘဲ ခေါင်းညိတ်သည်။

“ကောင်းပြီ၊ သင်ဆုတ်ဖယ်ပါလော့၊ ကျွန်ုပ်တို့ကို လမ်းပေးပါလော့၊ သို့မှသာ ကျွန်ုပ်တို့ သွားနိုင်မည် ....”

ကျင့်စစ်မှူး ချင့်စွန်သည်လည်း သူ့တပ်ကို ဆုတ်ခွာစေလေ၏

ပေါင်မန်းကြည်လည်း နောက်ဘက်မှ ချီတက်လာသော တပ်များကို သကင်းပို့လိုက်လေ၏။



“ယောင်စန်းဒေသ၌ ကင်းလှည့်နေဟန်ရှိသည့် ကျင့်တပ်ဖွဲ့တစ်ဖွဲ့နှင့် တွေ့ပါသည်၊ သူတို့၏ စစ်မှူးနှင့် ကျွန်တော် စီးချင်းထိုးပါသည်၊ သူက ကျွန်တော့်အား ဦးစီးမှူးကြီး မင်မိန်းစုဟု အထင်ရှိပါသည်၊ ကျွန်တော်က စစ်မှူးကလေး ပေါင်မန်းကြည်သာဖြစ်ကြောင်း ပြောသောအခါ သူ တုန်လှုပ်သွားပုံ ရပါသည်၊ သူ့တပ်ကို မတိုက်လျှင် သွားခွင့်ပြုမည်ဟု ပြောပါသည်၊ ယခု သူ့တပ်ဆုတ်သွားပါပြီ ....”

နောက်မှ တပ်သုံးတပ်လည်း သတိဝီရိယထား၍ လိုက်ကြလေ၏။

သုံးလီမျှ ချီတက်လာကြပြီးသောအခါ တောင်ပေါ်လမ်းမှာ ကျဉ်းမြောင်းလာသည်။ ဘေးနှစ်ဖက်တွင် ကျောက်တောင်နံရံများ ကာဆီးနေသဖြင့် စစ်ရထားများ ကျဉ်းမြောင်းခက်ခဲစွာ သွားကြရသည်။

ထို့ကြောင့် တပ်ကြီး၏ ချီတက်မှုမှာအလွန်နှေးကွေးသွားသည်။

မင်မိန်းစုသည် တပ်ကြီးလေးတပ်ကို ထိန်းသိမ်းရင်း ရှေ့မှ နောက်မှ ကြည့်ရှုလိုက်ပါလာလေ၏။

ထိုစဉ် နောက်ဘက်မှ ဗုံတီးသံများ ဆူညံစွာ ထွက်ပေါ်လာတော့၏။

မင်မိန်းစု၏ တပ်မှ စစ်မှူး၊ စစ်တပ်နှင့် စစ်သည်တို့သည် လွန်

စွာ ထိတ်လန့်ချောက်ချားသွား၏။

သူတို့အား ရန်သူ့တပ်များက လမ်းကျဉ်းကလေးတွင် ညှပ်ပူး ညှပ်ပိတ်တိုက်တော့မည် မဟုတ်ပါလား။

**စစ်မှူး စစ်ကြပ်တို့၏ အစိုးရိမ်ကြီးမှုကို သူတို့၏ စစ်ဦးစီးမှူးကြီး မင်းမိန်းစု၏ တည်ငြိမ်အေးဆေးလွန်းသော ဟန်ပန်က ဖျောက်ဖျက်** စေသည်။

**မင်းမိန်းစုသည် တည်တည်ငြိမ်ငြိမ်ဖြင့် စစ်မှူးများအား ရှင်းလင်း** ပြလေ၏။

"စစ်မှူး စစ်သည်တို့ .... ဘာမျှ မစိုးရိမ်လင့်၊ ဤစစ်ချီရာလမ်း ကြောင်းသည် မည်မျှကျဉ်းမြောင်းသနည်း၊ သင်တို့ အတွေ့ပင်ဖြစ်သည် ဤမျှကျဉ်းမြောင်းသော လမ်းကြောင်းထဲသို့ မည်သည့်ရန်သူမျှ ဆင်း၍ မတိုက်နိုင်ရာ၊ ကျွန်ုပ်တို့ စစ်ချီရမည့် လမ်းကြောင်းအတိုင်း စိတ်အေး လက်အေးသာ ချီတက်ကြပါ .... "

မင်းမိန်းစုသည် ပိုင်ယီပင်အား ရှေ့မှတပ်ကို ကွပ်ကဲစေသည်။ စစ်မှူးပေါင်မန်းကြည်အားလည်း ရှေ့ချီတပ်အဖြစ် ဆက်လက်ချီနိုင်း သည်။

တပ်များ ယုံကြည်ကိုးစားမှု ရှိရန် လက်ထောက်စစ်ဦးစီးမှူး အား ကွပ်ကဲစစ်ချီနိုင်းခြင်း ဖြစ်သည်။



သူကမူ နောက်ချန်ပြီး တပ်များကို လိုက်လံအားပေးစကား ပြောကြားစေလေ၏။

စစ်သည်တို့သည် သူတို့စစ်ဦးစီးမှူး၏ တည်ငြိမ်အေးဆေးသော အသွင်သဏ္ဌာန်ကို တွေ့မြင်သောအခါ စိုးရိမ်စိတ်များ လျော့ပါးသွား ကြကုန်၏။

စိတ်အေးချမ်းစွာ ချီတက်သွားနိုင်ကြသည်။

မကြာမီ ရှေ့တွင် သစ်လုံးကြီးများ အစီအစဉ်တကျ မဟုတ်ဘဲ ပိတ်ဆို့နေသည်ကို တွေ့မြင်ကြရ၏။

စစ်မှူးစစ်သည်တို့မှာ ရန်သူ့အစီအမံဖြစ်ကြောင်း သိရှိကြရပြန် သဖြင့် ထိတ်လန့်စိုးရွံ့မှုများ ဖြစ်ပေါ်လာကြပြန်လေ၏။ စစ်မှူးစစ်သည် တို့၏ အော်ဟစ်သံများကြောင့် မင်းမိန်းစုလည်း ရှေ့သို့တက်ကာ ကြည့် ရသည်။

လမ်းဝတွင် သစ်တုံးကြီးများ ပိတ်ဆို့ထားပြီး အလံကြီးတစ်ခု စိုက်ထူထားသည်ကို တွေ့ရလေ၏။ ထိုအလံကြီးမှာ ပေသုံးဆယ်ခန့် မြင့်ပြီး အလံပေါ်တွင် ကျင့်ဟူသော စာလုံးကြီးကို ရေးထိုးထားလေ ၏။

လူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မတွေ့ရချေ။ လူမပြောနှင့် သက်ရှိဆို၍ ကျေးငှက်တစ်ကောင်တစ်မြီးမျှပင် မတွေ့ရချေ။

သစ်တုံးများမှာလည်း အစီအစဉ်တကျ စီထားသည် မဟုတ်ပေ။ ဖြစ်ကတတ်ဆန်း စုပုံထားခြင်း ဖြစ်သည်။

စစ်မှူးစစ်သည်တို့သည် ထိုမြင်ကွင်းကိုကြည့်ပြီး ထိတ်လန့်နေကြ၏။

'ကျွင်'စာလုံးရေးထားသည့် အလံကြီးသာ တလူလူလွင့်ထု လျက်ရှိတော့သည်။

▪▪ ◆ ▪▪



(၄၂)

တပ်လုံးပြုတ်ခြင်း

မင်မိန်းစုသည် စဉ်းစား၏။ ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်ဆိုသကဲ့သို့ ဖြစ်နေပေပြီ။ နောက်ပြန်ဆုတ်လျှင်လည်း သူတို့ ချင်ပြည်သို့ ရောက်မည်မဟုတ်တော့ပေ။ ရှေ့တိုးပါကလည်း ဘာဖြစ်မည်နည်း မသိပေ။

မင်မိန်းစုသည် ရှေ့သို့တိုးရန် ဆုံးဖြတ်လိုက်၏။ စစ်ဦးစီးမှူးကောင်းတို့ မည်သည်မှာ အဆုံးအဖြတ်၌ ဤသို့ ပြတ်သားရရင်ပေသည်။

"ဤကား သူတို့အင်အားမရှိသဖြင့် ချောက်လှန့်ရန်သက်သက်စီမံထားခြင်း ဖြစ်သည်၊ သစ်တုံးများကို ဖယ်ရှားကြလော့၊ ရှေ့သို့ ချီ

တက်ကြလော့၊ ကျွန်ုပ်တို့ အိမ်ပြန်ခရီးကို မည်သူမျှ မတားနိုင်ပေ"

မင်မိန်းစုသည် ထိုသို့ အမိန့်ပေးလိုက်လေ၏။

စစ်သည်တို့သည် သစ်လုံးကြီးများကို ဖယ်ရှားပြီး လမ်းရှင်းကြလေ၏။ အလံကြီးကို ဓားဖြင့်ခုတ်၍ ဖျက်ဆီးပစ်လိုက်ကြ၏။

မင်မိန်းစုပြောသည်မှာ မှန်လိမ့်မည်ဟု စစ်သည်များက ယုံကြည်သွားကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့အလံကြီးကို ဖျက်ဆီးလိုက်သည့်တိုင် လူသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း တွေ့ရှိရသောကြောင့်တည်း။

ချင်စစ်သည်တော်တို့မှာ လူသူအရိပ်အယောင်မမြင်ရသဖြင့် စိုးရိမ်စိတ်များ လျော့ပါးသွားကြပြန်တော့သည်။

သို့သော် ချင်စစ်သည်တော်တို့ မသိသည့်အချက်မှာ ထိုမြင့်မားစွာ စိုက်ထူထားသည့် အလံကြီးမှာ ကျင့်တို့၏ အချက်ပြအလံကြီးဖြစ်နေသည်ဆိုသည့် အချက်ပေတည်း။

ထိုအလံကြီး လဲကျသွားသည်နှင့် ချင်စစ်တပ်ကြီးသည် သူတို့စီမံထားသည့် ထောင်ချောက်အတွင်းသို့ ကျရောက်သွားပြီကို ကျင့်စစ်သည်တော်တို့ သိရှိလိုက်ကြသည်။ ထို့ကြောင့် ကျင့်စစ်သည်တော်များသည် တောင်ကမ်းပါးယံအမြင့်များဆီမှ ရှေ့သို့ ထွက်လာကြတော့သည်။



ကျင့်စစ်တော်တို့၏ ဗုံတိုများ စည်များ တီးနှက်သံသည် မိုးချုန်းသည့်အလား မြည်ဟည်းထွက်ပေါ်လာလေ၏။ ကျင့်အလံများလည်း မြောက်မြားစွာ ထွက်ပေါ်လာသည်။

ချင်စစ်မှူး၊ စစ်သည်တို့ကား တောင်ကမ်းပါးယံများပေါ်သို့ မော့ကြည့်ကြပြီး ထိတ်လန့်ချောက်ချားကြကုန်သည်။

မင်မိန်းစုသည် တောင်ကမ်းပါးယံပေါ်သို့ မော့ကြည့်လေရာ ကျင့်စစ်မှူးကြီးတစ်ဦးကို ဝင့်ကြွားစွာ တွေ့မြင်ရလေ၏။

ထိုစစ်မှူးကြီးကား ဟူရဲကူးဖြစ်လေသည်။

သူသည် အောင်နိုင်သူဖြစ်၏။ ချင်စစ်သည်တော်တို့မှာ သူ့ထောင်ချောက်အတွင်း ရောက်ရှိနေပြီ မဟုတ်ပါလား။

ကျင့်စစ်မှူးကြီး ဟူရဲကူးက ....

"သင်တို့၏ရှေ့မှာ ချီသွားသော ပေါင်မန်းကြည်၏ တပ်ကို ကျွန်ုပ်တို့ ထိန်းချုပ်ထားလိုက်လေပြီ၊ သင်တို့ ဒူးထောက်အညံ့ခံလော့၊ နို့မဟုတ်လျှင် သင်တို့အားလုံး သေရမည်၊ သင်တို့အားလုံးသည် ကျွန်ုပ်တို့၏ ထောင်ချောက်အတွင်း ရောက်ရှိနေလေပြီ .... "

မင်မိန်းစုသည် သူ့တပ်ကြီး အကျဉ်းအကျပ်ကျပြီကို သိရှိလိုက်၏။ သူသည် ခေါင်းအေးအေးထားပြီး သူ့စစ်တပ်ကို အတန်းလိုက်ပြုစေပြီး နောက်ဆုတ်ရန် အမိန့်ပေးတော့သည်။

ချင်စစ်တပ်ကြီးသည် စည်းကမ်းရှိရှိနှင့် ဆုတ်ခွာကြသည်၊ တစ်လံခရီးသို့ ဆုတ်ခွာပြီးသောအခါ တောတောင်အနှံ့ ကျွင့်အလံများ စိုက်ထူထားသည်ကို တွေ့ရတော့သည်။ ထိုအခါ ချင်စစ်တပ်ကြီးသည် ဆောက်တည်ရာမရတော့ပေ။ ချင်စစ်တပ်ကြီးသည် အကြောက်တရားကြီး စိုးသွားပြီဖြစ်ရာ သူထက်ငါ အလုအယက် ဆုတ်ခွာကြတော့၏။

မည်မျှ အလုအယက်ခွာသနည်းဟူမူ ဟွာပြည်မှ သိမ်းပိုက်လာသော ပစ္စည်းများကိုပင် မမက်နိုင်တော့ပေ။ အားလုံးကို စွန့်ပစ်ပြီး အလုအယက် ပြေးထွက်ကြသည်။

ကျွင့်စစ်သည်တော်များသည် တောင်ကမ်းပါးယံများပေါ် အောက်သို့ ငုံ့ကြည့်နေကြ၏။ ထိုအခါ ကျွင့်စစ်သည်များသည် စည်တိုများကို အပြင်းအထန် တီးနှက်တော့၏။ ကျွင့်တို့၏ စည်တိုများထိုးနှက်သံသည် ဘဝဂ်ညံနေ၏။ တောင်ကြားခွဲ ရောက်နေသော စစ်သည်များမှာ နားကွဲမတတ် ခံစားကြရ၏။ တောတောင်အရှိန်နှင့် ပဲ့တင်ထပ်နေလေရာ စည်တိုနှက်သံများသည် တုန်ဟည်းနေတော့သည်။

ချင်စစ်တပ်ကြီးမှာ အတွေ့အကြုံများသော တပ်ကြီးဖြစ်သော်လည်း ယခုကဲ့သို့ ချောက်ချားဖွယ်ရာ အဖြစ်မျိုးကို မတွေ့ကြုံဖူးခဲ့ပေ။ သူတို့သည် ဆောက်တည်ရာမရ ဖြစ်နေကြ၏။ ဤသည်မှာ ရှုံးခြင်း၏ အစပေတည်း။ မင်မိန်းစုသည် တပ်ကြီးကို ငြိမ်သက်အောင် လိုက်လံ



ထိန်းအုပ်လေ၏။ တပ်ကြီးမှာ ထိန်း၍မရတော့ပေ။

သူတို့အား ကျွင့်စစ်တပ်ကြီးက အပေါ်စီးမှ တိုက်ခိုက်သတ်ဖြတ်ရန် အသင့်စောင့်နေပြီဟု သူတို့စိတ်ထဲ စွဲသွားကြသည်။ တောင်ကမ်းပါးယံမှ စစ်မှူးတစ်ဦးက ချင်စစ်ဦးစီးမှူး မင်မိန်းစုကို လက်ညှိုးထိုး၍ အော်ဟစ်လေ၏။

"မင်မိန်းစု .... သင်သည် သေလူဖြစ်ချေပြီ၊ သင့်တပ်ကြီးကို ကျွန်ုပ်တို့ ချေမှုန်းနိုင်သည်၊ ဒူးထောက်အညံ့ခံလော့ .... "

ထိုသို့ အော်ဟစ်ပြောဆိုသော စစ်မှူးကား လူငယ်စစ်မှူးတစ်ယောက် ဖြစ်၏။ သူ၏အမည်မှာ ကျွင့်ကျွတ်ကွဲဖြစ်လေ၏။ ကျွင့်ဦးစီးမှူးကြီး ရှင်ကျင်း၏သားပေတည်း။

မင်မိန်းစုသည် မဲ့ပြုံးပြုံးလေ၏။

"ကျွန်ုပ်တို့သည် ကျွန်ုပ်က ဤတပ်များကို ဒူးထောက်အညံ့ခံရန် သင်ကြားမပေးပေ၊ တိုက်ရင်းခိုက်ရင်း ပြေးရင်းလွှားရင်း အားလုံး အသေခံကြမည်၊ သင်တို့၏ ပြောစကားကို ကျွန်ုပ်တို့၏ စစ်သည်တော်များ မကြားပေ .... "

မင်မိန်းစုသည် ထိုသို့ ပြောကြားပြီးသည်နှင့် ကသောင်းကနင်းဖြစ်နေသော သူ့တပ်ကြီးကို ကွပ်ကဲရန် ကြိုးစားတော့သည်။

ချင်စစ်တပ်ကြီးမှာ မြေလျှိုး၍လည်း မပြေးနိုင်၊ မိုးပေါ်ပျံ၍

လည်း မပြေးနိုင်ရကား မင်မိန်းစု၏ စစ်မှူးကြီးတို့ ပေးမြဲဖြစ်သည့်အမိန့်ကို ပေးရတော့၏။ အကယ်၍ သူတို့ နောက်ဆုတ်ပေးကြလျှင် ကျင့်စစ်တပ်၏ ကြက်ကလေး ငှက်ကလေးများ သတ်သကဲ့သို့ အသတ်ခံကြရမည် မဟုတ်ပါလား။

"ရှေ့ကို အမြန်တက် .... သေရမည့်အတူတူ နောက်မဆုတ်ကြနှင့်၊ အသေခံ၍သာတိုက်၊ တစ်ယောက်ချင်း အသက်ချင်းလဲရသော်ကိုယ့်တပ် ပျက်ပြုန်းရသကဲ့သို့ သူ့တပ်လည်း ပျက်ပြုန်းရမည်တည်း"

စစ်ဦးစီးမှူးကြီး၏ အမိန့်ဖြစ်သောကြောင့် အချို့တပ်သားတို့သည် ရှေ့သို့ ပြန်လှည့်ကြလေ၏။ နောက်ပိုင်းတပ်များမှာ ဦးစီးမှူးကြီး၏ စကားကိုလည်း မကြားတော့ပေ။

နေကလည်း နေမွန်းတည့်အချိန်သို့ ရောက်နေသဖြင့် အပူစွမ်းအင်များကို အစွမ်းကုန် ထုတ်လွှင့်လေ၏။

ချင်စစ်သည်တော်နှင့် စစ်မှူးတို့မှာ ရှေ့သို့ တက်သည့်အဖွဲ့တက်သည်။ နောက်ဆုတ်ပြေးသူက ပြေးသည်။ ဖရိုဖရဲ ကသောင်းကနင်း ဖြစ်နေတော့သည်။ စစ်မြင်းရထား အမြောက်အမြား ကျန်ရစ်ခဲ့တော့သည်။

မင်မိန်းစုမှာ သူ့တပ်ကြီးကို မထိန်းနိုင်တော့ချေ။ တပ်ကြီးသည် အကြောက်တရား ကြီးစိုးသွားပြီဖြစ်၍ ဤသို့ တပ်ပျက်ရခြင်း



ဖြစ်သည်။

ဤသို့ဖြင့် တက်လာသည့် ချင်စစ်သည်တော်များသည် သစ်တုံးများကို ဖယ်ရှားပစ်သည့်နေရာသို့ ပြန်လည်ရောက်ရှိလာလေ၏။

ကျင့်စစ်သည်တော်တို့သည် တစ်ခဲနက် ရှုပ်ထွေးနေသော ဝါးခက်ဝါးလက်များဖြင့် ပိတ်ဆီးနေသော ဝါးရုံအလားဖြစ်သည်။ သိပ်သည်း ကျစ်လျစ်နေသော ကျင့်စစ်သည်တော်တို့ကို တိုက်ခိုက်ရန် မလွယ်ပေ။

ထိုစဉ် မီးတပ်ထားသော မြားများသည် တောင်ကမ်းပါးယံပေါ်မှ ကျလာလေ၏။ ထိုမီးများကို မြင်သောအခါ ချင်စစ်သည်တော်တို့မှာ ပို၍ ထိတ်လန့်သွားကြ၏။

ကျင့်စစ်သည်များသည် မီးမြားဖြင့် ပစ်ခတ်ခြင်းမှာ အကြောင်းရှိသည်။ စောစောက စုပုံထားသော သစ်လုံးများကို လောင်စာဆီများနှင့် လောင်းထားသောကြောင့်တည်း။ ကျင့်စစ်သည်တို့မှာ ထိုသစ်လုံးများဆီသို့ မီးမြားကို ပစ်ခတ်ခြင်း ဖြစ်သည်။

ကျုန်ပ်တို့၏ မီးမြားများသည် လောင်စာဆီများ ပတ်ဖျန်းထားသည့် သစ်လုံးများပေါ်သို့ ကျရောက်သောအခါ မီးဟုန်းဟုန်း ထတောက်လောင်တော့၏။ တောင်ကြားအတွင်း သစ်လုံးများမီးတောက်လောင်သောအခါ ချင်စစ်သည်တော်များမှာ တိုက်ရမည့် ကျင့်စစ်သည်

တော်များကို မတွေ့ရဘဲ မိမိတို့အား လောင်မည့်မီးများကိုသာ တွေ့ရသကဲ့သို့ ဖြစ်နေတော့သည်။

ထို့ကြောင့် ချင်စစ်မှူး၊ စစ်ကြပ်၊ စစ်သည်တို့မှာ မီးလောင်နေသော သစ်လုံးများအကြားမှ ဖြတ်ပြေးကြလေ၏။ ဖြတ်ပြေးကြသော်လည်း မီးလောင်ပြင်ကိုသာ တွေ့ရှိရသည်။ သူတို့သည် မီးတွင်းမှ မထွက်နိုင်ဘဲ မီးခွဲလောင်သည့်ဒဏ်ကို ခံကြရတော့သည်။

ကျင့်စစ်သည်တော်တို့သည် တောင်ကမ်းပါးယံ လောင်စာများပေါ်သို့ မြားများကိုပစ်ပြီးနောက် ချင်စစ်သည်များပေါ်သို့ မီးမြားများ ပစ်ကြတော့၏။ အရှုးသဖွယ် တောင်ကူးမြောက်ပြေး ပြေးလွှားနေသော ချင်စစ်သည်များမှာ အကာအကွယ်မဲ့ မြားချက်ထိမှန်ကာ သေဆုံးကြ၏။

ချင်စစ်သည်တို့၏ ကြောက်လန့်တကြား အော်ဟစ်နေပုံမှာ ကမ္ဘာပျက်လုခမန်း ဖြစ်လေသည်။ သူတို့ကြောက်လန့်တကြား အော်ဟစ်သံမှာ ဘဝဂ်ညံနေတော့သည်။

မင်မိန်းစုမှာ စစ်သူကြီးကောင်းတစ်ဦး ဖြစ်သော်လည်း ကံကြမ္မာဖန်လာသဖြင့် သူ့တပ်ကြီးကို လုံးဝမထိန်းနိုင်တော့ဘဲ လက်မှိုင်ချနေရတော့သည်။ သူသည် စစ်မှူး၊ စစ်ကဲများအား စည်းကမ်းရှိရှိ အုပ်ချုပ်ပါသည်။ သို့သော် တပ်ကြီးသည် ကျင့်တို့၏ ထောင်ချောက်အတွင်း



ကျဆင်းကာ လုံးဝချေမှုန်းခံရခြင်းမှာ ကံကြမ္မာကိုပင် အပြစ်ပုံချရတော့မည် မဟုတ်ပါလော။

မင်မိန်းစုသည် ပြေးကြလွှားကြ၊ မီးခွဲလောင်ကြ၊ သေကြ ကျေကြပုံကိုကြည့်ရင်း အကြိမ်ကြိမ် သက်ပြင်းချမိလေသည်။

“ငါတပ်တော့ ပျက်ပြီ .... ”

ဝိုင်ယီပင်က ....

“ကံကြမ္မာဖန်လာသည်သာ အောက်မေ့ပါလော၊ စစ်ဦးစီးမှူး၊ ထိန်းကွပ်၍မရသည့်အခြေသို့ ဆိုက်ရောက်သွားပါသည်၊ ကျွန်ုပ်တို့သည် ကျင့်တို့၏ ထောင်ချောက်အတွင်း ကျရောက်ခဲ့ရသည် မဟုတ်ပါလော”

မင်မိန်းစုက ....

ထောင်ချောက်အတွင်း မကျရောက်အောင် သတိရှိဖို့က ကျွန်ုပ်တို့အလုပ်ပင် ဖြစ်သည်။ ယခုတော့ ကျွန်ုပ် အသုံးမကျ၍ တပ်ကြီးမှာ ထောင်ချောက်အတွင်း ကျဆင်းရလေသည်။

စီရှိုစုက ....

“စစ်ဦးစီးမှူးကြီးထက်တော်သော မည်သည့်စစ်ဦးစီးမှူးမျိုးမဆို ဤဒေသမှာသာ ဖြတ်သန်းရပါမည်၊ ထိုအခါ ထောင်ချောက်အတွင်း ကျဆင်းရပါမည် .... ”

မင်မိန်းစုက သက်ပြင်းချရင်း ....

"ဤနေ့တော့ ကျွန်ုပ်သေနေ့ပဲ ဖြစ်တော့မည်၊ ကျွန်ုပ်တပ်ကြီးကတော့ ပျက်ပြီး ကျွန်ုပ်အသက်ရှင်နေမည်ကတော့ သဘာဝမကျပေ၊ သင်တို့နှစ်ဦး ချပ်ဝတ်တန်ဆာများချွတ်၍ လွတ်ရာသို့ ပြေးကြပါလော့၊ သင်တို့ ကျွန်ုပ်တို့ ချင်နေပြည်တော်သို့ ပြန်ရောက်သောအခါ ဘုရင်မင်းမြတ်အား အဖြစ်အပျက်များကို လျှောက်ထားပါလော့၊ ကျွန်ုပ်အတွက် အရှင်မင်းကြီးကိုယ်တိုင် ကလဲ့စားချေပေးပါဟု လျှောက်ထားတောင်းပန်ပါလေလော့ .... "

စီချိုစုနှင့် ပိုင်ယီပင်တို့သည် မျက်ရည်ကျလျက် မင်မိန်းစုအားတောင်းပန်လေသည်။

"စစ်ဦးစီးမှူးကြီး ကျွန်ုပ်တို့နှစ်ယောက်တည်း ပြေးရမည်ဆိုသည်မှာ သဘာဝမကျပါ၊ တပ်ကြီးလည်း ပျက်နေပါပြီ၊ စစ်ဦးစီးမှူးကြီး သေဆုံး၍လည်း အကြောင်းမထူးပါ၊ ကျွန်ုပ်တို့သုံးဦး ထွက်ပြေးလျှင် လွတ်လျှင်လည်းလွတ်မည်၊ မလွတ်လျှင်လည်း အတူသေကြမည်၊ ကျွန်ုပ်တို့ လွတ်မြောက်သွားပါလျှင် ကလဲ့စားချေသည့်စစ်ပွဲကို နောက်တစ်ကြိမ်ဆင်နွှဲနိုင်ပါသည်၊ အရှင်မင်းကြီးတွင် စစ်ဦးစီးမှူးမှတစ်ပါး အားကိုးစရာ စစ်မှူးကြီးဟူ၍ မရှိပါ၊ အရှင်မင်းကြီးကိုယ်တိုင်လည်း စစ်ထွက်နိုင်မည်မဟုတ်ပါ၊ ကလဲ့စားချေသည့် စစ်ပွဲကို စစ်ဦးစီးမှူးကြီးကိုယ်တိုင် ဦးဆောင်ရပါမည်၊ ထို့ကြောင့် စိတ်ကူးမလွဲပါနဲ့၊ စစ်ဦးစီးမှူးကြီးသည်



ကျွန်ုပ်တို့နဲ့အတူ ပြေးပါလော့ .... "

မင်မိန်းစုလည်း တွေးသည်။

"သူတို့ပြောသည်မှာ မှန်ပေသည်၊ ငါ့အတွက် ကလဲ့စားချေမည်ဆိုလျှင် စီချိုစုနဲ့ ပိုင်ယီပင်တို့ပင် ရှိပေသည်၊ သူတို့ကလည်း ငါ့ကိုအားကိုးနေသည်၊ ငါ အသက်ရှင်သန်မှ ကလဲ့စားချေသည့် စစ်ပွဲကို ဦးဆောင်နိုင်မည် .... "

မင်မိန်းစုလည်း စစ်ဝတ်တန်ဆာများကိုချွတ်၍ စစ်သည်များနှင့်အတူ ရောနှောထွက်ပြေးလေတော့သည်။

သူတို့သည် ကံကောင်းထောက်မစွာ မီးတောက်မီးလျှံများကြားမှ လွတ်မြောက်သွားကြလေတော့သည်။ များစွာသော ချင်စစ်သည်တော်များမှာ မီးတောက်မီးလျှံများအကြားတွင် သေဆုံးကြရသည်။ နောက်သို့ ဆုတ်ပြေးသည့် စစ်သည်တော်များမှာ ကျင့်စစ်သည်တော်များ၏ သုတ်သင်မှုကို ခံရသည်။ အနည်းငယ်မျှသော စစ်သည်တော်များသာ အသက်ဘေးမှ လွတ်မြောက်ကြလေသည်။

မင်မိန်းစု၊ စီချိုစုနှင့် ပိုင်ယီပင်တို့မှာ မီးတောက်မီးလျှံများကြားမှ အသက်လုကာ ပြေးထွက်ခဲ့ကြသည်။ သူတို့ အလွန်ကံကောင်းပါသည်။ မီးပွားများသည် မိုးသီးမိုးပေါက်ပမာ ကျရောက်နေသော်လည်း သူတို့ပေါ်သို့ တစ်ချက်မျှ မကျရောက်ခဲ့ပါချေ။ သူတို့သည် အသက်

ဘေးမှ လွတ်မြောက်သွားကြလေသည်။

အတန်ဝေးအောင် ပြေးခဲ့ပြီးမှ ရန်သူအရိပ်အခြည်ကိုကြည့်က

ကျောက်တုံးတစ်တုံးပေါ် ထိုင်၍ အမောဖြေကြလေသည်။

မင်းမိန်းစုက အံကြိတ်၍ ပြောသည်။

"ကျွန်ုပ်တို့ အသက်ဘေးမှ ကံအားလျော်စွာ လွတ်မြောက်ြ

ပေပြီ၊ ကျင့်စစ်သည်တို့သည် သူတို့အား ကျွန်ုပ်တို့က တိုက်ခိုက်ရ

လာသည် မဟုတ်ဘဲနဲ့ ကျွန်ုပ်တို့ကို တိုက်ခိုက်ပေသည်။ ထောင်ချောက်

ဆင်ပြီး တပ်လုံးပြုတ်အောင် တိုက်ခိုက်ခြင်းဖြစ်၍ ကျွန်ုပ်အသည်းနာရ

ပေသည်။ စီချိစုက ....

"မှန်ပေသည်၊ ကျွန်ုပ်တို့သည် ကလဲ့စားချေ စစ်ပွဲတစ်ပွဲတော

ဆင်နွှဲရမည် .... "

မင်းမိန်းစု လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ....

"ကလဲ့စားချေစစ်ပွဲဆင်နွှဲရမည်၊ ကျင့်ပြည် မပျက်၊ပျက်အော

ဆင်နွှဲရမည်၊ ကျွန်ုပ် အသက်ရှင်နေသရွေ့ ကျင့်ပြည်ရှိနေသရွေ့ စစ်

ကို ဆင်နွှဲရမည် .... "

သူတို့သည် စကားသာ ပြောနေကြသော်လည်း ထပ်မံ၍မပြေ

နိုင်တော့ပေ။ သူတို့မှာ အားကုန်ပြေးလာကြသဖြင့် ခြေထောက်မျာ

ပင် ပျော့ခွေနေလေပြီ။



စကားဆုံးသည်နှင့် စီချိစုသည် ခေါင်းမူးပြီး လဲကျသွားလေ၏။ ပိုင်ယီပင်မှာမူ ရေငတ်နေသည်။ မင်းမိန်းစုမှာ နဖူးမှ စီးကျသော ချွေးများသည် ပါးစပ်အတွင်း သိဝင်နေသည်။ ငန်ကျိကျိအရသာရှိသည်ကို သူမသိပေ။ သူသည် မီးတောက်မီးလျှံများကိုသာ ငေးမောကြည့်နေသည်။ နောက်ဆုံး ပိုင်ယီပင်နှင့် မင်းမိန်းစုတို့သည်လည်း လဲကျသွားလေ၏။

ထို့နောက် မကြာမီပင် မြင်းခွာသံများကို ကြားလေတော့သည်။

သူတို့မှာ ထပြေးရန်မဆိုထားနှင့် မတ်တတ်ထရန်ပင် မတတ်နိုင်ဘဲ ဖြစ်နေသည်။ သူတို့လည်း မျက်စိများမှိတ်ပြီး သေမည့်ဘေးကို စောင့်လင့်နေကြတော့သည်။

ကျင့်စစ်တပ်တစ်တပ်သည် မင်းမိန်းစုကို စစ်မှူးကြီးသုံးဦးကို လက်ရဖမ်းမိသွားလေတော့၏။

မင်းမိန်းစု၊ စီချိစုနှင့် ပိုင်ယီပင်တို့ကို အချုပ်လှည်းတွင် ထည့်သွင်းလိုက်တော့သည်။

မင်းမိန်းစုသည် ရန်သူ၏ စစ်နည်းဗျူဟာထောင်ချောက်ဆင်ခြင်းအတတ်ကို ကျိတ်၍ ချီးကျူးမိ၏။ သူတို့ တပ်လုံးပြုတ်ခဲ့ရသည် မဟုတ်ပါလော။

သူတို့သည် ယောင်စန်းတောင်ဒေသကို အသွားရောအပြန်ပါ ဖြတ်သန်းခဲ့ကြသည်။

ရန်သူသည် လူတစ်ဦးတစ်ယောက်မျှ မတွေ့အောင် ပုန်းလျှိုး ရပ်ဖျောက်နေနိုင်ခဲ့ကြသည် မဟုတ်ပါလော။

သူတို့သည် အပြန်ခရီးတွင် သတိထားခဲ့သည်။ ရန်သူသည် သူတို့မမျှော်လင့်သည့် နည်းပရိယာယ်ကို သုံးစွဲခဲ့သည်။

■■ ◆ ■■



(၄၃)

ကျားကိုတောသို့ပြန်လွှတ်ခြင်း

သူတို့၏အဖြစ်အပျက်မှာ မထူးဆန်းသော အဖြစ်အပျက်ဖြစ်သည်။ သူတို့သည် ယောင်စန်းတောင်ဒေသကို ဖြတ်ကျော်သွားသော အခါ ထိုသတင်းကို စစ်ဦးစီးမှူးကြီး ရှင်ကျင်းက ရရှိခဲ့သည်။

စစ်ဦးစီးမှူးကြီးရှင်ကျင်းက နန်းတက်စဖြစ်သော ကျန့်ပိုက် လန်းမင်းကို သတင်းပေးလျှောက်တင်လေ၏။

"အရှင်မင်းမြတ် ချင်စစ်သည်တော်များသည် ယောင်စန်း တောင်ဒေသကို ဖြတ်ကျော်သွားကြပေပြီ၊ ယောင်စန်းတောင်ဒေသ မှာ ကျွန်တော်မျိုးတို့အတွက် မဟာဗျူဟာကျသောဒေသ ဖြစ်ပါသည်၊ ၎င်းတို့သည် ကျန့်ပြည်ကိုတိုက်ခိုက်ရန် ထွက်သွားခြင်းဖြစ်ပါသည်။

ကျန့်ပြည်ကို ကျင့်ဘွန်မင်းတရား စောင့်ရှောက်ခဲ့ပါသဖြင့် ကျန့်ပြည်အား ကျူးကျော်သည့် ချင်စစ်သည်တော်တို့အား တိုက်ခိုက်ဖျက်ဆီးသင့်ပါသည်”

ဤတွင် ကျန့်ပိုက်လန်းမင်းသည် ဝန်ကြီး၊ မှူးမတ်၊ သေနာပတိများနှင့် တိုင်ပင်ရတော့သည်။

ကျန့်ပိုက်လန်းမင်းက ....

“ဤအရေးတော်အား စစ်ဦးစီးမှူးကြီး ရှင်ကျင်းအား တာဝန်ပေးအပ်လိုက်သည်၊ စစ်ဦးစီးမှူးကြီးက အစစအရာရာ ကွပ်ကဲစီမံပါလေ”

ဤသို့ဖြင့် ကျင့်စစ်ဦးစီးမှူးကြီး ရှင်ကျင်းသည် ယောင်စန်းတောင်ဒေသ၌ ထောင်ချောက်ပရိယာယ်များ ဆင်ပြီးနောက် ချင်စစ်တပ်ကြီး ပြန်အလာကို စောင့်ဆိုင်းနေခြင်းဖြစ်တော့သည်။

ချင်တပ်ကြီးသည် ကျန့်ပြည်အား မတိုက်တော့ဘဲ ဟွာပြည်ကို ဝင်တိုက်ပြီး ပြန်လာကြသည်။ ယောင်စန်းတောင်ဒေသက ပြန်အထွက်တွင်မှ ချင်တပ်ကြီးအတွက် ထောင်ချောက်ကြီးသာ ဖြစ်နေတော့သည်။

ကျင့်ပြည်သည် ချင်စစ်တပ်ကြီးမှ စစ်လက်နက်ပစ္စည်းများ ဟွာပြည်ကို တိုက်ခိုက်ခဲ့သည့် စစ်နိုင်ပစ္စည်း အတော်များများကို သိမ်းဆည်းရမိခဲ့သည်။ ကျင့်ပြည်သည် ချင်စစ်တပ်ကြီးကို ဖြိုခွင်းနိုင်လိုက်သဖြင့် အင်အားအကြီးဆုံးတပ်ကြီး ဖြစ်သွားတော့၏။

ကျန့်ပြည်မင်း ကျန့်ပိုက်လန်သည် စစ်ပွဲကို အောင်နိုင်သောကျင့်စစ်တပ်ကြီးအား နန်းမြို့တော် မြို့ရိုးပေါ်မှ ထွက်ကြိုဆိုလေ၏။ ပြည်သူပြည်သားများကလည်း ဝမ်းသာအားရ ကြိုဆိုအော်ဟစ်ကြသည်။

ကျင့်စစ်တပ်ကြီးသည် စစ်အောင်နိုင်သူများပီပီ သွေးကြွေးဖွယ်ရာ သီချင်းများ အော်ဟစ်သီဆိုလာ၏။

ကျင့်လန်းမင်းသည် ချင်စစ်တပ်၏ စစ်ဦးစီးမှူးကြီး မင်မိန်းစုနှင့် လက်ထောက်စစ်ဦးစီးမှူးများဖြစ်သော စီချိုစု၊ ပိုင်ယီပင်တို့အား အဆက်ဆက် ဘိုးတော်မင်းတို့၏ နတ်ကွန်းတွင် ဦးခေါင်းကိုဖြတ်၍ နတ်တင်ရန် စီစဉ်လေတော့၏။ သူသည် လုပ်ပိုင်ခွင့်ရနေလေပြီ။ သူသည် စစ်အောင်နိုင်မင်း မဟုတ်ပါလား။

ကျန့်ပိုက်လန်းမင်း၏ မိထွေးတော်ဘွန်ယွင် ချင်မှုမင်း၏ သမီးတော် မေရှင်မိဖုရားကြီးသည် ချင်စစ်တပ်ကြီးကို ယွင်စန်းတောင်ဒေသတွင် ကျင့်စစ်တပ်ကြီးက စစ်နည်းဗျူဟာအရ ထောင်ချောက်ဆင်၍ အောင်နိုင်လိုက်ကြောင်း ကြားသိရလေ၏။

ထို့ပြင် နောက်ဆက်တွဲကြားရသည့် သတင်းမှာ ချင်စစ်မှူးကြီးနှင့် လက်ထောက် စစ်ဦးစီးမှူးနှစ်ဦးကို ဖမ်းဆီးရမိကြောင်းပင်တည်း။

မိထွေးတော် ဘွန်ယွင်မိဖုရားကြီးသည် ကျန့်ပိုက်လန်းအား သွားရောက်တွေ့ဆုံသည်။ ကျန့်ပိုက်လန်သည် စစ်မှူးကြီးသုံးယောက်အား ဦးခေါင်းဖြတ် နတ်တင်ရန် ပြင်ဆင်နေသည် မဟုတ်ပါလော။

မိဖုရားကြီးက ....

"ချင်ပြည်နှင့် ကျင့်ပြည်တို့သည် ဆွေမျိုးတော်စပ်ကြပါသည်၊ ယခင်က တစ်ပြည်နှင့် တစ်ပြည် အပြန်အလှန် ကူညီရိုင်းပင်းခဲ့ကြပါသည်၊ ချင်ပြည်မှ နောက်ပေါက် စစ်မှူးများကြောင့် ထိုနှစ်ပြည်ထောင် မိတ်ပျက်ကြရသည် .... "

မိဖုရားကြီးပြောသည့်စကားမှာ မမှန်ပါ။ ကျန့်ပြည်သို့ တိုက်ခိုက်ရန် ချင်မူမင်းက အမိန့်ပေး၍ စစ်မှူးများက တိုက်ရခြင်းဖြစ်ပါသည်။ ယခု ချင်ပြည်ကို တိုက်ခိုက်သည့် ကိစ္စမှာလည်း စစ်မှူးကြီး ရှင်ကျင်းက အစရာ ဖြစ်ပါသည်။

"မင်မိန်းစုသည် ယခု တပ်လုံးကျွတ် ပျက်စီးပြီး အရေးနိမ့်ခဲ့ရပြီဖြစ်သည် မယ်တော်ပြောလိုသည်မှာ သားတော် သူတို့သုံးဦးကို သတ်လိုက်လျှင် ချင်မူမင်းသည် သားတော်ကြီးအား ကြီးစွာသော ရန်ငြိုးဖွဲ့တော့မည် ဖြစ်ပါသည်၊ သူတို့သုံးဦးအား သားတော်မသတ်ဘဲ ပြန်လွှတ်လိုက်ပါလျှင် သူတို့သည် အသက်ရှင်နေနိုင်ကြမည် မဟုတ်ပါ၊ သားတော်က မသတ်သဖြင့် ချင်မူမင်းက သတ်မည်ဖြစ်ပါသည်၊ စစ်ရေးရှုံး

နိမ့်လာသော တပ်လုံးပြုတ်အောင် စစ်ရှုံးလာသောသူအား မည်သည့်မင်းသည် အသက်ချမ်းသာခွင့် ပေးပါမည်နည်း .... "

ကျန့်ပိုက်လန်းသည် တွေဝေနေလေ၏။

မယ်တော် မိဖုရားကြီးက ဆက်ပြောလေ၏။

"ချင်မူမင်းသည် တပ်ကြီးပျက်စီးပြီး ပြန်လာသော မင်မိန်းစုအား သေဒဏ်အပြစ်ပေးမည်သာဖြစ်သည်၊ သူတို့သည် ပြန်ပင်ပြန်နိုင်မည် မထင်ပေ၊ သူတို့ ချင်စစ်မှူးသုံးဦးအား မယ်တော်က ပြန်လွှတ်စေချင်သည်၊ သူတို့အား ဤသို့လွှတ်ပေးလျှင် ချင်ပြည်မင်းသည် ကျန့်တို့၏ သဘောထားကိုသိပြီး ချစ်ကြည်မှု ကမ်းလှမ်းလာနိုင်သည် .... "

ကျန့်ပိုက်လန်းသည် ငယ်ရွယ်သော မင်းတစ်ပါးဖြစ်သည်။ နားထောင်တတ်သည်။ အတွေ့အကြုံမရှိသဖြင့် ပြောသမျှ ဟုတ်နိုးနိုးထင်သည်။ ဟိုလူပြောလျှင် ဟုတ်နိုးနိုး၊ သည်လူပြောလျှင် ဟုတ်နိုးနိုး ထင်တတ်ပေသည်။ မိဖုရားကြီး၏ စကားကို နားထောင်ပြီး တွေဝေနေတော့သည်။

ကျန့်ပိုက်လန်းက ....

"မယ်တော် .... ဖမ်းမိထားသောကျားကို သူ့ရပ်တောတောင်သို့ ပြန်မလွှတ်သင့်ဟု ဆိုရိုးစကားရှိပါသည်၊ သူတို့ကို ပြန်လွှတ်လျှင် ကျားကိုတောတောင်သို့ ပြန်လွှတ်သည်နှင့် တူနေပါမည်၊ ဤစကားပုံ

ကို ဆင်ခြင်သင့်ပါသည် .... ”

မိထွေးတော် မိဖုရားကြီးက သာယာညင်းပျောင်းစွာပြောလေ၏။

“မစိုးရိမ်နှင့် သားတော် .... ပြန်လွှတ်သောကျားတို့မှာ သေကြမည် မလွဲတည်း၊ ချူပြည်မှ စစ်မှူးကြီး စိမ်တိတ်ချင်သည် ယခင်က စစ်ရေးတွင် တစ်ကြိမ်တစ်ခါ ရှုံးနိမ့်ခဲ့ခြင်းမရှိသဖြင့် သူတိုင်းပြည်၏ သူရဲကောင်းသဖွယ် သဘောထားခဲ့ကြ၏၊ သို့သော် စစ်ရေးရှုံးနိမ့်သောအခါ ယခင်က အောင်မြင်ခဲ့မှုများကို ထည့်သွင်းမစဉ်းစားတော့ဘဲ ချူမင်းသည် တိမ်စိတ်ချင်အား သေဒဏ်ပေးလေ၏၊ ယခု မင်မိန်းစုလည်း အလားသဏ္ဌာန်တူပင် ဖြစ်ပေလိမ့်မည်၊ မင်မိန်းစုကို မျက်နှာအပျက်ခံပြီး သားတော် မသတ်ပါနှင့်တော့၊ ပြန်လွှတ်လိုက်ပါ၊ သူတို့ကို ချင်ပြည်က သေဒဏ်ပေးမည်ဟု မယ်တော် ပြောဝံ့သည် .... ”

“မယ်တော်၊ ချင်မူမင်းက မသတ်ခဲ့သော် မယ်တော် မည်သို့ပြုလုပ်နိုင်ပါမည်နည်း .... ”

“မယ်တော်သည် မည်သို့မျှ မပြုလုပ်နိုင်ပါ၊ သောင်းချီစစ်တပ်ကြီးအား ပျက်စီးအောင်ပြုလုပ်သော စစ်ဦးစီးမှူးသုံးဦးအား မသတ်ဟု မယ်တော် မထင်ချေ၊ မုချသတ်မည်ဟု မယ်တော်ယုံသည်၊ ဤသည်မှာ သားတော်အား ချင်ပြည်မင်းက ရန်ငြိုးမဖွဲ့ရန် မယ်တော်က စေတနာကောင်းဖြင့် အကြံပေးခြင်းဖြစ်သည်၊ သူတို့သုံးဦးအား လွှတ်ပေးလိုက လွှတ်ပေးလိုက်ပါ၊ သတ်လိုက သတ်ပါ၊ သားတော် သဘောသာဖြစ်ပါသည် .... ”



နောက်ဆုံးတွင် ကျန့်ပိုက်လန်းသည် မယ်တော်၏စကားကို နားထောင်ပြီး အချုပ်ထဲမှ ချင်စစ်မှူးသုံးဦးအား လွှတ်ပေးရန် အမိန့်ပေးလေ၏။

“ချင်ပြည် စစ်ဦးစီးမှူးသုံးဦးကို လွှတ်လိုက်ပါဘိ၊ သူတို့ပြည်သို့ သူတို့ပြန်ပါစေ .... ”

အစောင့်များသည် စစ်ဦးစီးမှူးသုံးဦးအား လွှတ်ပေးလိုက်ကြ၏။

“ကဲ .... စစ်ဦးစီးမှူးကြီးတို့ သွားနိုင်ကြပါပြီ .... ”

အစောင့်များက ပြောလိုက်သည်။

မင်မိန်းစု၊ စီချိစုနှင့် ပိုင်ယီပင်တို့သည် အချုပ်မှ လွတ်လျှင် လွတ်ချင်း ခရီးပြင်းနှင်ကြတော့၏။ မြို့တော်တံခါးဝတွင် ပိုင်ယီပင်သည် သူတွင်ပါသော ရွှေလက်ကောက်နှင့် မြင်းသုံးစီး လဲလှယ်ယူလိုက်၏။

ပိုင်ယီပင်က .... ”

“ခရီးသွားဖို့ အလိုအပ်ဆုံးကတော့ မြင်းပဲ၊ အထူးသဖြင့် ခုလို အချိန်အခါမျိုးမှာပေါ့ .... ”

မင်မိန်းစုသည် ခေါင်းညိတ်လိုက်၏။ ဤလိုအချိန်အခါမျိုးမှာ မင်းနေပြည်တော်မှ ဝေးနိုင်သမျှ ဝေးရာအရပ်သို့ ရောက်ရှိနေရန် လိုအပ်ပေသည်။

မင်းနေပြည်တော်ဆိုသည်မှာ ရန်သူများ ပတ်လည်ဝိုင်းရံနေသည့်အရပ် မဟုတ်ပါလော။

▮▮◆▮▮



(၄၄)

မင်မိန်းစု၊ စီချိစုနှင့် ပိုင်ယီပင်တို့သည် မြင်းများပေါ်သို့ တက်၍ ကဆုန်စိုင်းစီးလေတော့၏။

မင်မိန်းစုတို့ ခရီးအတန်ဝေးကွာသွားချိန်တွင် ကျင့်စစ်မှူးကြီး ရှင်ကျင်းသည် အိမ်၌ ထမင်းစားနေချိန် ဖြစ်လေသည်။

မင်းချင်းတစ်ယောက်သည် အပြေးရောက်လာပြီး သတင်းပေးလေ၏။

"မင်းကြီးသည် မိထွေးတော် ဘွန်ယွင်မိဖုရားကြီး မျှောင်းဖျသဖြင့် ချင်ဦးစီးမှူးတို့ကို အချုပ်အနှောင်မှ လွှတ်ပေးပြီး သူ့ပြည်သို့ ပြန်ခွင့်ပြုလိုက်ပါပြီ .... "

ရှင်ကျင်းမှာ သွင်းအံ့ဆဲဆဲ ထမင်းလုတ်ကို မသွင်းနိုင်ဘဲ တူကို

လွှင့်ပစ်မိလိုက်လေ၏။ ထို့နောက် ရုတ်ခြည်းထကာ နန်းတော်သို့ သွား လေတော့သည်။

သွားရာတွင် အလွန်ဒေါသဖြစ်နေသဖြင့် အဝတ်အစားပင် မလဲ နိုင်တော့ချေ။ နန်းတော်သို့ ရောက်သောအခါ ....

"ချင်ပြည်စစ်မှူးသုံးဦးကား အဘယ်မှာနည်း .... "

ကျွန့်ပိုက်လန်းဘုရင်မှာ ရှင်ကျင်း လွန်စွာ ဒေါသထွက်လာ သည်ကို မြင်သဖြင့် သူ ချင်ပြည်စစ်ဦးမှူးများအား လွှတ်ပေးလိုက်သည် မှာ မှားပြီဖြစ်ကြောင်း သိလိုက်သည်။ သူ့အတွက် ရှင်ကျင်း ဒေါသပြေ မည့်စကားများကို ရွေးချယ်ပြောမိလေ၏။

"စစ်ဦးစီးမှူးကြီး .... ဒေါသမဖြစ်ပါနှင့်၊ ချင်ပြည်မင်းနှင့် ကြီး မားသော ရန်ငြိုးမဖွဲ့ရလေအောင် ထိုစစ်မှူးသုံးဦးအား လွှတ်ပေးနိုင် သဖြင့် ကျွန်ုပ်တို့ လွှတ်ပေးလိုက်ပါသည်၊ ချင်ပြည်မင်းနှင့် ကျွန်ုပ်တို့ မှာ ဆွေမျိုးတော်စပ်ကြပေသည် .... "

စစ်မှူးကြီး ရှင်ကျင်းမှာ မင်းအဆက်ဆက် စစ်မှူးကြီး ဖြစ်လာ ခဲ့သဖြင့် နန်းတော်၌ ဩဇာရှိပေသည်။ ဘုရင်ကလေးအပေါ်၌လည်း ဩဇာရှိပေသည်။

ရှင်ကျင်းသည် ကျွန့်ပိုက်လန်းမင်း စကားကို ကြားသောအခါ ဒေါသထွက်လေ၏။



"ကလေးသာသာ စဉ်းစားဉာဏ်ရှိသော မင်းကလေး .... အရှင်မင်းကလေး သိပါသလော၊ ဤစစ်မှူးသုံးယောက်ကို ဖမ်းဆီးမိရန် ကျွန်ုပ်တို့၏ စစ်သည်အမြောက်အမြားတို့၏ အသက်သွေးချွေးကိုရင်း ပြီး ဤစစ်မှူးသုံးယောက်ကို ဖမ်းမိခဲ့သည်၊ အရှင်မင်းကလေးက အမျိုး သမီးတစ်ဦး၏ တွေးခေါ်မှုဖြင့် ပြောသောစကားကို လိုက်နာပြီး သူတို့ အား လွှတ်လိုက်သည်၊ မိသောကျားကို တောတောင်သို့ ပြန်လွှတ်ခြင်း သည် မိုက်မဲလှချေ၏ဟူသော စကားပုံကို အရှင်မင်းကလေး မကြား ဘူးသလော .... "

ကျွန့်ပိုက်လန်းမင်းသည် ရှင်ကျင်းအား .... ရာဇမာန်မရှဝံ့ဘဲ တောင်းပန်လေ၏။

"ကျုပ်အမှားပါ .... ကျုပ်အမှားကို ပြုပြင်နိုင်ပါသေးသည်၊ ထို စစ်မှူးတို့အား ယခုလိုက်ဖမ်းဆီးပါက မိနိုင်ပါသေးသည်၊ သူတို့ ဝေးဝေး မရောက်နိုင်သေးပါ .... "

ချင်စစ်မှူးကြီးသုံးဦးကို လိုက်လံဖမ်းဆီးရန်အတွက် စစ်မှူးကြီး ယန်းချူဖူအား တာဝန်ပေးအပ်လေ၏။

ကျွန့်ပိုက်လန်းက ....

"စစ်မှူးသုံးဦးအား ဖမ်းမိရန် အမြန်ဆုံးကြိုးစားပေးပါလေ .... ကျွန်ုပ်၏ အမှားပြင်ဆင်ချက်ပေတည်း .... "

စစ်မှူးကြီး ယန်းချူဖူက မင်းကလေးအား အရှိအသေပေးလေ၏။

"စိတ်ချပါ အရှင်မင်းကလေး၊ ကျွန်တော်မျိုး မိအောင်ဖမ်းပါမည် .... "

ထိုအခါ စစ်မှူးကြီး ရှင်ကျင်းက ....

"မင်မိန်းစုအား သင်လိုက်၍မိပါက သူတို့ကို ဖမ်းဆီးသည်ဟူ၍ မပြောဆိုနှင့်၊ မင်မိန်းစုသည် ကိုယ်ခံပညာကောင်းလှသဖြင့် သင့်တပ်၏ တစ်ဝက်ကို သေကျေပျက်စီးအောင် ခုခံပြီး သူပါအသေခံသွားလိမ့်မည်၊ ထို့ကြောင့် ပရိယာယ်သုံးကာ ချိုသောစကားကိုဆို၍ သူတို့အား ပြန်ခေါ်ခဲ့ပါ .... "

ယန်းချူဖူသည် ခေါင်းညိတ်ဝန်ခံလေ၏။

ယန်းချူဖူသည် စစ်မြင်းရထားပြင်၍ မြင်းသည်တော်များကို ခေါ်ကာ အပြင်းလိုက်သည်။

မြို့တံခါးဝရောက်သော် မြင်းရထားကိုရပ်၍ စုံစမ်းလေသည်။

"ဤနေရာမှ လူသုံးဦးထွက်ခွာသွားကြသည်ကို မမြင်မိကြသလော .... "

ထိုအခါ ဖျွေလက်ကောက်နှင့် မြင်းကို လဲလှယ်လိုက်သူက စစ်မှူးကြီး ယန်းချူဖူအား ပြော၏။



"စစ်မှူးကြီး ယန်းချူဖူသည် နဖူးကို လက်ဝါးနှင့် ရိုက်မိလေ၏။

"ကုန်းပေါ်၌တင်သောငါးကို ရေထဲသို့ ချမိသကဲ့သို့ ဖြစ်ချေပြီ၊ ကျွန်ုပ်တို့ အမြန်လိုက်ကြအံ့၊ ကံကောင်းမှ မိတော့မည် .... "

ယန်းချူဖူသည် သူ့နောက်မှ မြင်းသည်တော်များကို အချက်ပြပြီး အပြင်းလိုက်လေတော့၏။

မင်မိန်းစု၊ စီချိုစုနှင့် ပိုင်ယီပင်တို့ကား အပြင်းပင် ခရီးနှင်ကြတော့သည်။ သူတို့သည် ကျန့်ပိုက်လန်းမင်းက သူတို့အား လွှတ်ပေးလိုက်သည်နှင့် မြို့ပြင်သို့ အမြန်ဆုံးထွက်ကြသည်။ မြို့တွင်း၌ရှိနေပါက အလွယ်တကူ ဖမ်းဆီးနိုင်သည် မဟုတ်ပါလော။

မြို့ပြင်သို့ ရောက်သည့်အခါ မြင်းများဖြင့် ခရီးပြင်းနှင်ကြသည်။ မုဆိုးအလုပ်၌ ကျွမ်းကျင်သော မင်မိန်းစုသည် မြင်းများကို မည်သည့်အချိန်၌ အနားပေး အစာကျွေးရမည်ကို သိရှိသည်။ သူသည် မြင်းများကို အစာကျွေး ရေတိုက်ချိန်မှအပ နိုင်သမျှကို အချိန်လု၍ ချင်ပြည်သို့ အရောက်ပြေးကြလေ၏။

မင်မိန်းစုက ....

"ကျွန်ုပ်တို့အား ယခုကဲ့သို့ လွှတ်ခြင်းမှာ တစ်စုံတစ်ခု ပယောဂကြောင့် ဖြစ်မည်ထင်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့အား ပြန်မဖမ်းဟုမည်သူမျှ အာမခံနိုင်ချေ။ ဤမြို့တော်မှ ဝေးဝေးပြေးထားလျှင် ကျွန်ုပ်

တို့၏ အသက်ကင်းလွတ်ခွင့်ရနိုင်သည်၊ သင်တို့မြင်းများကို ဂရုတစိုက်
စီးနင်းပါလေလော့ .... "

စီချိုစုနှင့် ပိုင်ယီပင်တို့က ခေါင်းညိတ်ဝန်ခံကြ၏။ အမှန်လည်း
ကျွန်ုပ်ကိုက်လန်းမင်း စိတ်ပြောင်းသွားခဲ့သည်။ သူတို့အား စစ်မှူးကြီးယန်
ချူဖူကို လိုက်လံဖမ်းဆီးနိုင်းလိုက်ပြီ မဟုတ်ပါလား။

ဤသို့ဖြင့် မင်မိန်းစုတို့သည် မြစ်ဝါမြစ်ကမ်းပါးသို့ ရောက်ရှိလာ
ကြ၏။ မြစ်ဝါမြစ်ကြီးကား ကျယ်ပြောလှ၏။ ရေစီးလည်းသန်သည်
သူတို့သည် မြစ်ဝါမြစ်ကြီးကို မြင်းများပေါ်မှ စီး၍ကြည့်ကြလေ၏။

မင်မိန်းစုက ညည်းညူသည်။

"ခက်ပြီ၊ မြစ်ဆိပ်ကမ်းစပ်၌လည်း လှေတစ်စင်းမျှ မတွေ့ရ
ကျွန်ုပ်တို့ လိုက်မျှော်ပြီး လှေငယ်တစ်စင်းကို သွားရှာမည်လော၊ ထိုသို့
ရှာနေလျှင် နောက်မှလိုက်လာသူရှိက ခက်ပေတော့မည် .... "

ထိုစဉ် မိုးခြိမ်းသံကဲ့သို့ အသံသဲ့သဲ့ကြားရလေ၏။ သေချာစွာ
နားထောင်ကြည့်သောအခါ စစ်မြင်းရထားများ မြင်းများ တစ်ဟုန်ထိုး
လိုက်လာသည့် အသံဖြစ်ကြောင်း စစ်ရည်ဝနေသော စစ်မှူးသုံးဦးသိ
ကြလေ၏။ သူတို့သည် လှည့်ကြည့်မိကြသည်။

မင်မိန်းစုက ....

"အလို .... ကျင့်စစ်မြင်းရထားများ လိုက်လာချေပြီ၊ ကျွန်ုပ်တို့



အဘယ်သို့ လုပ်ရပါအံ့နည်း .... "

စီချိုစုနှင့် ပိုင်ယီပင်တို့မှာလည်း မင်မိန်းစုကဲ့သို့ အသိဉာဏ်ရင့်
ကျက်သူများဖြစ်၍ ပျာယာမခတ်ကြချေ။ သို့သော် ကိုယ်စီကိုယ်စီရင်
ထဲကတော့ စိုးရိမ်နေကြသည်။

ပိုင်ယီပင်က ....

"ကျွန်ုပ်တို့ အောက်သို့မျှော်ပြီး လှေငယ်တစ်စင်းကို ရှာဖွေကြ
မည်၊ ရှာမတွေ့လျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေရုံသာရှိတော့သည်"

မင်မိန်းစုသည် အထက်အရပ်ဆီသို့ မျှော်ကြည့်လေ၏။

"ကြည့်စမ်း၊ ဟိုမှာ လှေတစ်စင်း မဟုတ်ပါသလော .... "

စီချိုစုက ....

"ဟုတ်ပါတယ် စစ်မှူးကြီး .... "

သူတို့သည် ဝမ်းသာအားရဖြစ်သွားပြီး ထိုလှေသမ္ဗန်အား အော်
ဟစ်ခေါ်ငင်ကြလေ၏။ ထိုလှေသမ္ဗန်ကလေးသည် သူတို့သုံးယောက်ရှိ
ရာသို့ ထိုးဆိုက်လာလေ၏။

မင်မိန်းစုက ဝမ်းသာအားရပြောသည်။

"ဤသို့ လှေဆိုက်လာခြင်းသည် ကျွန်ုပ်တို့ ဇာတ်မြောက်ခြင်း
ကို ပြပေသည်၊ ကျွန်ုပ်တို့သည် ကျင့်မင်းလက်မှ လွတ်ချေပြီ .... "

သူတို့သည် ကမ်းပါးပေါ်မှ ပြေးဆင်းသွားပြီး ထိုလှေသမ္ဗန်ပေါ်

သို့ ခုန်လွှားတက်လိုက်ကြ၏။ လှေပေါ်သို့ ရောက်သောအခါ အားလုံ
ပစ်လဲသွားကြတော့သည်။

လှေပေါင်းမိုးထဲမှ တံခါသည်တစ်ဦး ထွက်လာ၏။

မင်မိန်းစုက လဲကျနေရာမှ ပြောလိုက်သည်။

"အို .... တံငါ၊ ကျွန်ုပ်တို့အား တစ်ဘက်ကမ်းသို့ အရောက်ပို
ပါလော့၊ တစ်ဘက်ကမ်းသို့ရောက်လျှင် သင့်အတွက် ဆုလာဘ်တော်
များ ရနိုင်သည် .... "

တံငါသည်သည် ဘာမျှမပြောဘဲ လှေကို ကမ်းမှ ချက်ချင်းခွာ
လေ၏။ လှေသည် ရေလယ်သို့အရောက် တစ်ဘက်ကမ်းပါးသို့လည်း
ကျင့်စစ်တပ်ကြီး ဆိုက်ရောက်လာလေ၏။

တံငါသည်သည် သူ၏ခမောက်ကြီးကို လွှင့်ပစ်လိုက်၏။ ထိုသူ
ကား အခြားသူမဟုတ် ကိုးစွန်းကုပင် ဖြစ်သတည်း။ ကိုးစွန်းကုကို
တွေ့လိုက်ရသောအခါ မင်မိန်းစု၊ စီချိစုနှင့် ပိုင်ယီပင်တို့သည် ဝမ်းသာ
အားရ ဖြစ်သွားကြလေတော့၏။ သူတို့လွတ်ပြီဟုလည်း စိတ်ခုန်းဒုန်း
ချမိသည်။

ကိုးစွန်းကု ဤနေရာသို့ အဘယ့်ကြောင့် ရောက်ရှိနေသနည်း။

ကိုးစွန်းကုသည်ဤမြစ်ကမ်းတွင်တံခါသည်ယောင်ဟန်ဆောင်
၍ လှေသမ္ဗန်နှင့် လာစောင့်နေခဲ့သည်မှာ ရက်ပေါင်းကြာရှည်လှလေ



ပြီ။ သူသည် ဤမြစ်ကမ်း၌ပင် သားငါးရှာဖွေ၍ စားသောက် နေထိုင်ခဲ့ရ
သည်။

တကယ်လည်း တံငါသည်တစ်ပိုင်း ဖြစ်နေချေပြီ။ ဒေသခံတံငါ
သည်များကလည်း သူ့အား တံငါသည်အဖြစ် လက်ခံထားကြချေပြီ။

ကိုးစွန်းကုအား ဤသို့ တာဝန်ပေး ထမ်းဆောင်စေသူမှာ
အခြားသူ မဟုတ်ပေ၊ ပိုင်လိတိဖြစ်လေသည်။

မင်မိန်းစု၊ စီချိစုနှင့် ပိုင်ယီပင်တို့ စစ်ချီသွားကြပြီးနောက် ကျင်စု
သည် မကျန်းမမာ ဖြစ်လာလေ၏။ သူသည် ရာထူးမှ နှုတ်ထွက်ခွင့်
တောင်းသည်။

"အရှင်မင်းကြီး ကျွန်တော်မျိုးသည်လည်း တတ်နိုင်သမျှ အရှင်
မင်းကြီး၏အကျိုးတော်ကို သယ်ပိုးဆောင်ရွက်ပြီးပါပြီ၊ ယခု ကျွန်တော်
မျိုး မကျန်းမမာ ဖြစ်လာသည်၊ ကိုယ့်အရပ် ကိုယ့်ဒေသ၌ ခေါင်းချလို
ပါသည်၊ တာဝန်မှ နှုတ်ထွက်ပြီး ကိုယ့်အရပ် ကိုယ့်ဒေသသို့ သွားခွင့်ပြု
ပါလော့ .... "

ချင်မူမင်းလည်း အကြံပေးဝန်ကြီး ကျင်စု၏ လက်ကို ကိုင်
တော်မူလေ၏။

"အဆွေ .... သင်ပြောသည့်စကားမှာ အမှန်ပင်တည်း၊ သင်ပြု
ဖွယ် ပြောဖွယ်ရှိသည်တို့ကို သင် ပြုမူပြောဆိုခဲ့၏၊ ထိုပြုဖွယ် ပြောဖွယ်

များသည် ငါ့အကျိုးကို သယ်ဆောင်ခြင်းများသာ ဖြစ်ပေသည်၊ အဆွေတော် သင့် အရပ်ဒေသသို့ ကောင်းမွန်စွာ သွားပါတော့ .... "

ချင်မှုမင်းသည် ပညာရှိများကို ထိုသို့ ချီးမြှင့်မြှောက်စားပေသည်။ လူအလုံအလောက်၊ စားနပ်ရိက္ခာ အလုံအလောက်နှင့် ရွှေငွေပစ္စည်း ဆုလာဘ်များစွာကို ကျင်စုနှင့်အတူ ထည့်ပေးလိုက်သည်။

ပိုင်လိတိက ကျင်စုအား ပြောသည်။

"ကျွန်ုပ်သည်လည်း မကြာခဏ မကျန်းမမာ ဖြစ်နေပေပြီ၊ သင့်ကဲ့သို့ မင်းကြီးအား လျှောက်ထားပြီး ကိုယ့်ရပ်ကိုယ့်ရွာနသို့ ပြန်ချင်ပေသည်၊ သို့သော် ကျွန်ုပ်၏ တစ်ဦးတည်းသောသား မင်းမိန်းစု ပြန်အလာကို ကျွန်ုပ် စောင့်နေချင်၍ မင်းကြီးအား မလျှောက်တင်ခြင်း ဖြစ်ပေသည်၊ သူတို့အသက်ရှင်လျက် ပြန်ရောက်ချင်ရောက်ပေမည် .... "

ကျင်စုနှင့် ပိုင်လိတိတို့မှာ ဝန်ကြီးမဖြစ်ခင်ကပင် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသဖြင့် ဝန်ကြီးများဖြစ်ကြသောအခါ သူတို့၏ ခင်မင်မှုမှာ ပို၍ပင် တိုးတက်နိုင်လာသည်။

ကျင်စုသည် ပိုင်လိတိ၏ လက်ကို ကိုင်ဆွဲပြီး စကားပြောသည်။

"ချစ်မိတ်ဆွေ .... ကျွန်ုပ် တစ်ခုပြောလိုက်မည်၊ သူတို့ စစ်ရှုံးမည်မှာ သေချာသည် .... "

"ကျွန်ုပ်က နိုင်မည်ဟု မခန့်မှန်းပါ၊ သူတို့ အသက်ရှင်လျက်



လွတ်မြောက်လာလိမ့်ဟူသော မျှော်လင့်ချက်ဖြင့် စောင့်စားခြင်း ဖြစ်ပါသည် .... "

"ဤသို့ဆိုလျှင် သူတို့သည် အခြေပျက် အနေပျက်ဖြင့် ပြေးလာကြရလိမ့်မည်၊ သင်သည် သူတို့အား မျှော်လင့်နေသေးသည်ဆိုလျှင် အဘယ့်ကြောင့် ဝမ်ဟို (မြစ်ဝါမြစ်) မြစ်ကမ်းတွင် အစောင့်ချမထားပါသနည်း .... "

"ဝမ်ဟိုမြစ်တွင် အစောင့်တစ်ယောက် ....: "

"မှန်သည်၊ အကယ်၍ သူတို့ပြေးလာကြသော် ထိုအစောင့်က အလွယ်တကူ ခေါ်လာနိုင်သည် မဟုတ်ပါလော .... "

မိတ်ဆွေနှစ်ဦး တွေ့ဆုံခန်းမှာ ဤမျှနှင့် ပြီးသွား၏။ ကျင်စုသည်လည်း သူ့အရပ် သူ့ရွာနသို့ ပြန်သွားသည်။ ပိုင်လိတိလည်း ကုံးစွန်းကုအား သွားတွေ့ပြီး ထိုတာဝန်ကို ပေးလိုက်တော့သည်။

ကုံးစွန်းကုသည် ဝမ်ဟိုမြစ် တစ်ဘက်ကမ်းတွင် တံငါသည်အလုပ်ဖြင့် အသက်မွေးရင်း ဘယ်အချိန်ပြန်လာမည်မသိသော မင်းမိန်းစုကို စောင့်နေရလေ၏။

ဤနေ့တွင်မူ မင်းမိန်းစု၊ စီချိစုနှင့် ပိုင်ယီပင်တို့ သုံးယောက်လည်း လှေကလေးပေါ်သို့ ရောက်ရှိလာသည်။

စစ်မှူးကြီး ယန်းချူဖူက ကမ်းပေါ်မှ လှမ်းအော်၍ ခေါ်သည်။

စစ်ဦးစီးမှူးကြီး ရှင်ကျင်းက သင်ပေးလိုက်သည့်အတိုင်း ပျူငှာချိုသာ စွာခေါ်ခြင်း ဖြစ်သည်။

"ချင်ပြည်က စစ်မှူးကြီးတို့ .... သင်တို့အား ဤအတိုင်း လွှတ် ပေးလိုက်ခြင်းကို ကျွန်ုပ်တို့၏ အရှင်ကလေးက စိတ်မကောင်းပါ၊ ထို့ ကြောင့် သင်တို့အား ပြန်လည်ဖိတ်ခေါ်ပါသည် .... "

မင်းမိန်းစုသည် လှေဝမ်းထဲတွင် မတ်တတ်ရပ်ပြီး ပြန်မေးလေ ၏။

"သင်တို့သည် ကျွန်ုပ်တို့အား ပြန်လည်ဖိတ်ခေါ်ပြီး လှောင်အိမ် ထဲတွင် အကျဉ်းချထားဦးမည်လော၊ ခေါင်းဖြတ်၍ သတ်မည်လော"

စစ်မှူးကြီး ယန်းချူဖူက ....

"အလို .... ဘယ်သို့ပြောလိုက်ပါသနည်း၊ သင်တို့အား စားနပ် ရိက္ခာ ငွေကြေးနှင့် မြင်းများ မပေးလိုက်ရသဖြင့် ကျွန်ုပ်တို့ အရှင် ကလေး စိတ်မကောင်းပါ၊ ထိုအရာများကို ပေးလိုက်ပါ၍ ထိုအရာများ ကို လာယူလှည့်ပါ .... "

မင်းမိန်းစုသည် လက်နှစ်ဖက်ဆုပ်ကိုင်ပြီး ဦးညွှတ်အရိုအသေပြု လေ၏။

"ကျွန်ုပ်ကား ချင်ပြည်စစ်တပ်ကြီး၏ စစ်မှူးတည်း၊ ချင်ပြည်စစ် မှူးကြီး မင်းမိန်းစုက သင်တို့ အရှင်ကလေးအား လျှောက်ထားလိုက်ပါ သည်၊ ထိုလျှောက်ထားချက်အတိုင်း သင်တို့ အရှင်လေးအား လျှောက် တင်လိုက်ပါလေ၊ ကျွန်ုပ်တို့သုံးဦးအား မသတ်ဘဲ ပြန်လွှတ်လိုက်ခြင်း အတွက် များစွာကျေးဇူးတင်ပါသည်၊ စားနပ်ရိက္ခာ၊ ငွေကြေးနှင့် မြင်း များကို ထပ်ပေးရန် မလိုတော့ပါ၊ ကျွန်ုပ်တို့ကိုယ်ကို အသက်နှင့်တကွ ပြန်ရခြင်းကိုပင် ကျွန်ုပ်တို့ ကျေနပ်လှပါပြီ၊ အကယ်၍ ကျွန်ုပ်တို့ တိုင်း ပြည်ကို ပြန်သွား၍ အသက်ရှင်နိုင်ခွင့်ရှိဦးမည် ဆိုပါက နောက်ထပ်သုံး နှစ်ကြာလျှင် သင်တို့တိုင်းပြည်သို့ တစ်ခေါက်လာပါဦးမည်၊ သင်တို့၏ အရှင်ကလေးအား ကျေးဇူးတင်စကား ထပ်မံပြောကြားပါဦးမည်"

စစ်မှူးကြီး ယန်းချူဖူသည် အကြီးအကျယ် မျက်နှာပျက်သွား လေ၏။ စစ်မှူးသုံးဦးကို သူတို့ ကံကောင်း၍ ဖမ်းမိခဲ့သည်။ သူတို့ ကံ ဆိုးသောအခါ စစ်မှူးသုံးဦး လွတ်သွားကြလေပြီ။

စစ်မှူးကြီး ယန်းချူဖူက ထပ်မံအော်ဟစ်သည်။

"သင်တို့ ကျေးဇူးတင်မည်ဆိုက ကျေးဇူးတင်ပါ၊ ကျွန်ုပ်တို့ တာ ဝန်ရှိသည့်အတိုင်း စားနပ်ရိက္ခာ၊ ငွေကြေး၊ မြင်းများကိုပေးခြင်း ဖြစ် သည်၊ ကျွန်ုပ်တို့ အရှင်ကလေးက တာဝန်ပျက်ကွက်သည်ဟု အပြော မခံလိုပါ၊ လာယူလှည့်ကြပါ .... "

မင်းမိန်းစုက ခေါင်းယမ်းလေ၏။

"ကျွန်ုပ်တို့ မယူလိုတော့ပါ၊ ဤပစ္စည်းများကိုယူလျှင် ကျွန်ုပ်

တို့ ခေါင်းပြတ်ရမှယ်ရှိပါသည်၊ သင်တို့၏ မြင်းကုန်သည်အား ကျေးဇူးတင်ကြောင်း ပြောလိုက်ပါလေ၊ ရွှေလက်ကောက်တစ်ကွင်းကို မြင်းသုံးကောင် ပေးလိုက်ခြင်းအတွက် အထူးကျေးဇူးတင်လှပါသည်၊ သူပေးသည့် အသက်ပင်ရှိပါတော့သည် .... "

မြင်းသုံးကောင်ကြောင့် သူတို့အသက်ချမ်းသာရာရကြောင်း မင်မိန်းစုက ပြောခြင်းဖြစ်ပါသည်။ ဟုတ်မှန်ပါသည်။ မြင်းသုံးကောင်သာ မရလျှင် သူတို့သည် စစ်မှူးကြီး ယန်းချူဖူလက်မှ မလွတ်ပါ။

ယခုမှ ယန်းချူဖူမှာ ဘာမှ မတတ်နိုင်ဘဲ ရှိလေ၏။ လှေသမ္ဗန်ကလေး မြစ်လယ်သို့ လှော်ခတ်သွားသည်ကိုသာ အံကြိတ်၍ လှမ်းကြည့်နေရသည်။

မင်မိန်းစုတို့ တစ်ဘက်ကမ်းသို့ ရောက်သောအခါ ယန်းချူဖူလည်း သူ့တပ်ကို ပြန်ခေါ်သွားလေသတည်း။

▮▮ ◆ ▮▮



(၄၅)

ဒုတိယအကြိမ်စစ်ရှုံးခြင်း

စစ်မှူးကြီး ယန်းချူဖူသည် မင်မိန်းစုပြောသည့်အတိုင်း ပြန်လည် လျှောက်တင်လိုက်လေ၏။

ထိုအခါ ကျင့်ပြည်မင်း ကျန့်ပိုက်လန်းသည် စိတ်မအေးဖွယ်ရာ ဖြစ်နေတော့သည်။

မင်မိန်းစုသည် နောက်သုံးနှစ်ကြာလျှင် ကျင့်ပြည်သို့ တစ်ခေါက်စစ်ချီလာဦးမည် မဟုတ်ပါလော။

မင်မိန်းစုက ပြောသွားသည့် ကျေးဇူးတင်စကားဟူသည်မှာ ချင်ပြည်က စစ်ပြုလာမည်။

ကလဲ့စားချေမည်ဟု ပြောခြင်းပေတည်း။

တစ်ခုတော့ ရှိသည်။ သူတို့ အသက်ရှင်သန်ခွင့် ရနေသေးလျှင် ဟူ၍ ပြောသောစကားအစ်က ရှိနေသေးသည်။

သူတို့အား ချင်ပြည်မင်းက မသတ်လျှင်ဟူ၍ သဘောရပေသည်။

ထို့ကြောင့် သူတို့ ချင်ပြည်သို့ ပြန်ကြရာတွင် ချင်မှူမင်းက သူတို့အား သတ်မသတ်ဟူ၍ မသိသေးကြောင်း ဆိုပေသည်။

ကျွန့်ပိုက်လန်းမင်းသည် သူလျှိုများ၊ အထောက်တော်များကို ချင်နေပြည်တော်မှ သတင်းဟူသမျှကို ပို့စေသည်။ ထိုသတင်းများကို ကျွန့်ပိုက်လန်းမင်းက နေ့စဉ် စစ်ဆေးသည်။

သူအလိုရှိသည့် သတင်းမှာ ချင်ပြည်မင်း ချင်မှူမင်းက စစ်မှူးကြီးသုံးယောက်အား သေဒဏ်အပြစ်ပေးလိုက်ခြင်းဟူသည့် သတင်းပင်ဖြစ်ပါသည်။

တစ်ပတ်ကြာသော်လည်း ထိုသတင်းကိုမရ .... ။ နှစ်ပတ်ကြာသော်လည်း ထိုသတင်းကိုမရချေ။

သူကြားရသည့် သတင်းမှာ စိတ်မအေးချမ်းဖွယ်ရာ သတင်းသာတည်း။

ချင်မှူမင်းသည် မင်မိန်းစုတို့ သုံးဦးအား သေဒဏ်မပေးသည့်အပြင် ကောင်းမွန်စွာ တွေ့ဆုံဆွေးနွေးနေသည်။



မင်မိန်းစုတို့သည် ကုံးစွန်းကုက ခေါ်လာပြီးနောက် အကျဉ်းကျသော အဝတ်အစားများနှင့်ပင် ချင်မှူမင်း ရှေ့တော်သို့ ဝင်လေ၏။

သူတို့သည် ချင်မှူမင်းအား ဒူးထောက်ရှိခိုးပြီး မျက်ရည်ဖြိုင်ဖြိုင်ကျလေတော့၏။

မင်မိန်းစုသည် ယောင်စန်းဒေသ၏ မဟာဗျူဟာကျသည့် တောင်ချောက်အကြောင်းကို စောဒကမတက်ဘဲ သူ့ကိုယ်သူသာ အပြစ် ပုံချလေ၏။

"ကျွန်တော်မျိုးတို့ ညံ့ဖျင်းလှသဖြင့် ကြီးစွာသော ရှုံးနိမ့်မှုကို ရင်ဆိုင်ရပါသည်၊ ကျွန်တော်မျိုးကိုသာ အပြစ်ဒဏ်ပေးတော်မူပါ။ တစ်တပ်လုံးပြုတ် ဆုံးရှုံးရခြင်းမှာ ကြီးလေးသော အပြစ်ဒဏ်ထိုက်ပါသည်၊ ထိုအပြစ်ဒဏ်သည် ကျွန်တော်မျိုးနှင့်သာ ထိုက်တန်ပါသည် .... "

ချင်မှူမင်းသည် ကိုယ်တော်တိုင်လာပြီး မင်မိန်းစု ဝပ်တွားနေသည်ကို ဆွဲထူလိုက်လေ၏။ မျက်ရည်တွေ စီးကျပြီး သူ့အမှားကို ဝန်ခံလေ၏။

"သင့်အပြစ် မဟုတ်ပေ စစ်ဦးစီးမှူးကြီး .... "

ချင်မှူမင်းသည် မျက်ရည်သုတ်ပြီး ဆက်လက်မိန့်ကြားသည်။

"ဤသို့ဖြစ်စေသူမှာ ငါပင်တည်း၊ ငါ၏ စေခိုင်းချက်ကြောင့် သင်တို့သည် အသက်မသေရုံ ခွေးပြေးဝက်ပြေး ပြေးလာရပေသည်၊

ငါ၏ အစီအစဉ်သည် မှားယွင်းနေချေတကား၊ ငါသည် သင်တို့ဖခင်နှစ်ဦး၏ ကန့်ကွက်တင်လျှောက်ချက်ကို လက်မခံမိပေ၊ ငါမင်း၏ အစီအစဉ်ဖြစ်သည်၊ ငါ့အစီအစဉ်အတိုင်း အောင်မြင်မည်ဟု ငါ ထင်ခဲ့ပေသည်၊ ယခုတော့ ငါမမှန်၊ သင်တို့ဖခင်များက မှန်ပေသည်၊ ယခု သင်တို့ ဝင်ပန်းဆင်းရဲ သေဘေးကြုံတွေ့ခဲ့ရသည်မှာ ငါ့ကြောင့်ဖြစ်သည်၊ သြော် .... ပညာရှိတို့ တွေးကြည့်သည်မှာ ပြေးကြည့်တာထက် မှန်သည်ဟူသော စကားသည် မှန်စွတကား၊ ရှိပါစေတော့၊ ကျင့်ပြည်ကို နောက်တစ်နေ့ အနိုင်တိုက်နိုင်ရန်သာ သင်တို့ အားမွေးကြပါတော့"

မင်မိန်းစုသည် မျက်ရည်တွေတွေကျဆင်းလျက်မှ အံကြိတ်၍ ပြောသည်။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုး အသက်ရှိနေသရွေ့ ကျင့်ပြည်တည်ရှိနေသရွေ့ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေရာ၊ ကျွန်တော်မျိုး၏ အသက်သွေးချွေးအားလုံး ကျင့်ပြည်အား လက်စားချေရေးတွင် အသုံးချပါအံ့ .... "

အံကြိတ်၍ ပြောလိုက်သည့် မင်မိန်းစု၏အသံသည် ညီလာခံတက်ရောက်နေကြသည့် ဝန်ကြီး၊ ဝန်ကလေး၊ မှူးမတ်အားလုံးအတွက် ကြက်သီးထစရာ ဖြစ်သွားလေ၏။

မင်မိန်းစုက ဆက်၍လျှောက်ထားလေ၏။



"အရှင်မင်းကြီး .... အရှင်၏တပ်မှူး ကျွန်တော်မျိုးသည် အရှင်၏ မြို့တံခါးပေါက်တို့ကို ကျွန်တော်မျိုး၏ အသွေးအသားများဖြင့် လီမ်းကျံထားပါမည်၊ ဤဝင်ပေါက် ထွက်ပေါက်များမှ ထွက်၍ အရှင့်အတွက် လက်စားချေပါမည် .... "

ချင်မူမင်းသည် မျက်ရည်သုတ်လေ၏။ သူတို့သုံးဦးမှာ စီချိစုနှင့် ပိုင်ယီပင်တို့ကို ကြည့်ရှုလေ၏။ သူတို့သုံးဦးမှာ လူရုပ်မပေါ်တော့ပေ။ မုတ်ဆိတ်ကျင်စွယ်များဖြင့် ညစ်ပတ်ပေရေနေသော သူတို့အားမည်သူကမျှ စစ်မှူးကြီးများဟု မထင်တော့ပေ။

ဤသို့ ဖြစ်ပျက်ကြုံတွေ့ရခြင်းမှာ ငါ၏အစီအစဉ် ညံ့ဖျင်းမှုကြောင့်ဟု ချင်မူမင်း သိလေ၏။ သူ့သူရဲကောင်းများ၏ ဆိုးဆိုးရွားရွားတွေ့ကြုံမှုများကို သူသည် မှားစွာစိတ်ထိခိုက်ခဲ့လေသည်။

သူသည် မင်မိန်းစုကို တွဲယူထစေပြီးနောက် စီချိစုနှင့် ပိုင်ယီပင်တို့အားလည်း ဤသို့မိန့်ကြား၏။

"လက်ထောက်စစ်မှူးများ .... သင်တို့လည်း ငါ့ကြောင့် ဒုက္ခရောက်ရသည်၊ ယခု သင်တို့ ပြန်ပါလေလော့၊ ချမ်းသာစွာ နေကြပါလော့၊ အားမွေးထားကြပါလော့၊ တစ်နေ့တွင် ကျင့်ပြည်သည် ကျွန်ုပ်တို့၏ ခြေဖဝါးအောက်သို့ ရောက်ရမည် .... "

ပိုင်ယီပင်က ....

"စိတ်ချပါ အရှင် .... ကျွန်တော်မျိုးတို့၏ အသွေးအသားအားလုံးကို ကျင့်ပြည်အား လက်စားချေရေးကိစ္စတွင် မြုပ်နှံထားပါမည်"

ချင်မူမင်းက ....

"ကဲ .... သွားကြပေတော့၊ ချမ်းသာစွာ အနားယူကြပေတော့"

မင်မိန်းစု၊ စီချိစုနှင့် ပိုင်ယီပင်တို့သည် ချင်မူမင်းအား ကျေးဇူးတင်စကားပြောဆိုကာ ရှိခိုးပြီး ပြန်သွားကြ၏။

▮▮◆▮▮



(၄၆)

ပိုင်လိတိသည် သားဖြစ်သူ မင်မိန်းစုနှင့် တွေ့ကြလေ၏။ တွေ့သောအခါ သားအဖ ဖက်ငိုကြသည်။

မင်းမိန်စုက ....

"ဖခင် .... ဖခင် စေလွှတ်ထားသော ကုံးစွန်းကု ကယ်တင်သည့် အသက်ပင်ရှိပါတော့သည် .... ကုံးစွန်ကုသည် မြစ်ကမ်း၌ တံငါသည်သဖွယ် အသက်မွေးမြူပြီး ကျွန်တော်တို့အား လွတ်မြောက်ကြရပါသည် .... "

ပိုင်လိတိက ရှင်းပြလေ၏။

"ဤသည်မှာ ကျင်စု၏အကြံဉာဏ်ပင် ဖြစ်ပါသည် .... ကျင်စုက ဟွမ်ဟိုမြစ်ကမ်း၌ အစောင့်တစ်ယောက် ချထားပါက သားတို့

အသက်ကို ကယ်နိုင်မည်ဟု ကြိုတင်တွေးဆပြီး ပြောဆိုခဲ့သဖြင့် ဖခင်က ကိုးခွန်းကုအား အစောင့်ချထားခြင်း ဖြစ်ပါသည် .... "

မင်မိန်းစုသည် ယောင်စန်းတောင်ဒေသ၌ သူ မည်သို့ချေမှုန်းခဲ့ရပုံတို့ကို ပြောပြလေ၏။

ပိုင်လီတီက ....

"ဤသည်မှာ သားတို့၏အပြစ် မဟုတ်ပေ .... အရပ်ဒေသ၏အပြစ်ဖြစ်သည် .... ထိုနေရာသို့ သားထက်တော်သော စစ်မှူးကြီးများရောက်လျှင်ပင် ဤသို့ အဖျက်အဆီးခံရမည်မှာ သေချာသည် .... ဖခင်တို့ ပြောလိုက်သည် မဟုတ်ပါလော .... ယောင်စန်းတောင် ဒေသသို့ဝင်လျှင် သတိဝီရိယထားကြပါဟု မှာကြားလိုက်သည်မဟုတ်ပါလော"

"ကျွန်တော်တို့ သတိဝီရိယထားပါသည် .... တပ်ကြီးကိုလေးစုခွဲ၍ ချီတက်ကြပါသည် .... စစ်မှူးများကလည်း မျက်စိကိုဖွင့်နားကိုစွင့်လျက် ချီတက်ကြပါသည် .... သို့စဉ်လျက် ကျွန်တော်တို့ချေမှုန်းခံကြရပါသည် .... "

"ဤနေရာ၌ တိုက်စစ်မရှိနိုင်ပေ .... လည်စင်းခံရရုံသာ ရှိမည်ဤနေရာရောက်သော တပ်၏အောင်မြင်မှုများ တက်ထက်စက်မှုနှင့်လွတ်အောင် ရှောင်တိမ်းနိုင်လျှင်ပင် အောင်မြင်မည်ဟု ပြောရပေမည်ချေမှုန်းမည့်တပ်သည် အဘက်ဘက်မှ ပိတ်ဆို့ချေမှုန်းနိုင်ခွင့်ရှိသဖြင့်



သူတို့အတွက် အောင်မြင်ရန်မှာ ရာနှုန်းပြည့်ရှိပေသည် .... ဤသို့အတိုက်မခံလိုလျှင် ဤလမ်းမှ မချီတက်ရန်ပင် ရှိသည် .... သားတို့အသက်ရှင်လျက် လွတ်မြောက်လာသည်ကပင် ကံကောင်းလှပေပြီ"

ပိုင်လီတီသည် စီချိစုနှင့် ပိုင်ယီပင်တို့အား ပြောကြားလေသည်။

"မောင်တို့ ဖခင်ကြီးသည် မကျန်းမာသဖြင့် တာဝန်မှနုတ်ထွက်ပြီး ကိုယ့်ရပ် ကိုယ့်ဌာနသို့ ပြန်သွားပေပြီ .... မောင်တို့အားသာလျှင် အရှင်မင်းကြီး၏ အမှုတော်ကို အသက်စွန့်၍ ထမ်းဆောင်ကြရန် မှာကြားခဲ့ပေသည် .... "

စီချိစုနှင့် ပိုင်ယီပင်တို့သည် မျက်ရည်များကျလျက်မှ ခေါင်းညိတ်ပြကြလေ၏။ ပိုင်လီတီက ....

"ဖခင်လည်း အသက်ကြီးပြီ .... ကိုယ့်ရပ် ကိုယ့်ဌာနဆီသို့ ပြန်လိုလှသည် .... သားတို့အား စောင့်နေလိုသဖြင့် ကိုယ့်ရပ် ကိုယ့်ဌာနဆီသို့ မပြန်နိုင်ခြင်း ဖြစ်သည် .... ယခု သားတို့သည်လည်း ပြန်ရောက်ခဲ့ကြလေပြီ .... အရှင်မင်းကြီးကလည်း ဖခင်အား ခွင့်ပြုမည်မှာ သေချာပါသည် .... "

ပိုင်လီတီလည်း တာဝန်မှအနားယူကာ ကိုယ့်ရပ် ကိုယ့်ဌာနဆီသို့ ပြန်သွားလေ၏။

ချင်မှုမင်းလည်း ပညာရှိပိုင်လိတ်အား ပညာရှိကျင်စုအား
ချီးမြှောက်ထောက်ပံ့သည့်နည်းတူ ချီးမြှောက်ထောက်ပံ့လေ၏။

ချင်မှုမင်း၏ထံပါး၌ အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝနေသော
မင်မိန်းစု၊ စီချိစု၊ ပိုင်ယီပင်နှင့် အခြားစစ်မှူးများအားလုံး ညီညာဖွေ
ရှိကြသဖြင့် ချင်မှုမင်းမှာ ပညာရှိနှစ်ဦးလျော့ပါးသွားသော်လည်း အရာ
မယွင်းသကဲ့သို့ ရှိနေလေသည်။

ဘီစီ ၆၂၅တွင် မင်မိန်းစုသည် ချင်မှုမင်းအား ကျင့်ပြည်သို့ စစ်
ချီလိုကြောင်း ကလဲ့စားချေလိုကြောင်း လျှောက်ထားလေ၏။

ချင်မှုမင်းသည် စစ်မှူးများပြောတိုင်း လိုက်လုပ်တတ်သည့်
ဘုရင်မဟုတ်ပေ။

နန်းစံသက် ရှည်ကြာလှပြီဖြစ်၍ အခြေအနေအရပ်ရပ်ကို စေ့
သိရှိသူ ဖြစ်လေသည်။

သူသည် သူ့စစ်တပ်အင်အားကို ကြည့်သည်။ စစ်တပ်ကြီးကို
အသစ်ပြန်လည် ပြုစုပျိုးထောင်ရသည်ဖြစ်၍ စစ်သားများမှာ အတွေ့
အကြုံနည်းနေကြသည်။

သို့သော် စစ်သားအရေအတွက်ကတော့ ပထမတပ်ကြီးကဲ့သို့
ပင် များပြားလှသည်။ စားနပ်ရိက္ခာများကလည်း အသင့်ရှိနေကြသဖြင့်
သူသည် ကျင့်ပြည်အား တိုက်ခိုက်ရန် ခွင့်ပြုလိုက်လေသည်။



ထိုစစ်တပ်ကြီးတွင် မင်မိန်းစုအား စစ်ဦးစီးမှူးကြီး ခန့်အပ်ပြီး
စီချိစုနှင့် ပိုင်ယီပင်တို့အား စစ်ဦးစီးမှူးများအဖြစ် ခန့်အပ်လိုက်သည်။
သူတို့သုံးဦးသည်ပင် ယောင်စန်းဒေသ၌ ရန်သူ၏အချုပ်မှန်းကို ခံလိုက်
ရသည် မဟုတ်ပါလော။ မင်မိန်းစုသည် စစ်မြင်းရထားပေါင်း အစီး
လေးရာကျော်ဖြင့် တပ်သားထောင်သောင်းကို ဦးစီးကာ ကျင့်ပြည်သို့
စစ်ချီသွားလေတော့၏။

ကျင့်ပြည်ကား ချင်ပြည်မှ လာတိုက်မည့် အန္တရာယ်ကို စိုးရိမ်
နေသဖြင့် ရှေးမဆွကပင် စစ်ပြင်ထားရကား အမြဲအသင့်ရှိနေသည့်
ချင်စစ်တပ်ကြီးသည် ယောင်စန်းဒေသသို့ ဖြတ်သန်းရန် မလိုတော့ချေ။
ယခုသူတို့သည် ကျန့်ပြည်ကို တိုက်ရန်မဟုတ်။ ကျင့်ပြည်ကိုတိုက်ရန်
သာ ဖြစ်သဖြင့် အခြားကျေးရွာမြို့နယ်များမှ ကျင့်ပြည်ကို ဝင်တိုက်
တော့သည်။

ကျင့်ပြည်သည် ချင်စစ်မှူးကြီးသုံးဦးကို လွှတ်ပေးလိုက်မိ
ကတည်းက စစ်အင်အားကို တိုးချဲ့ပြင်ဆင်ထားခဲ့ရာ ယခုအခါ အလွန်
သိပ်သည်းကျစ်လျစ်သော စစ်တပ်ကြီးကို ပိုင်ဆိုင်ထားလေ၏။

သူတို့သည် ကျေးရွာများ၌လည်းကောင်း၊ မြို့နယ်များ၌ လည်း
ကောင်း၊ ခရိုင်များ၌ လည်းကောင်း၊ ရန်သူကို တွန်းလှန်ရန် တပ်ဖွဲ့
များသည် စနစ်တကျ ချထားလေ၏။

မင်းမိန်းစုတို့သည် အပြင်းအထန် တိုက်ခိုက်၏။ စစ်မြင်းရထားများကို အတင်းအကျပ် တက်စေသည်။ သို့သော် စစ်တပ်ကြီး၏ သိပ်သည်းသော ခုခံမှုကြောင့် သူတို့၏တိုက်စစ်သည် တပ်လန့်သွားသည် ကသာ များတော့သည်။

နောက်ဆုံး မင်းမိန်းစု၏တပ်ကြီးမှာ ကျင့်စစ်တပ်ကြီးအား အနိုင်မတိုက်နိုင်ဘဲ ပြန်ဆုတ်ရလေတော့၏။

▮▮ ◆ ▮▮



(၅၇)

သူရဲကောင်း၏တိုက်ခိုက်မှု

မင်းမိန်းစုတို့ သုံးဦးသည် အချုပ်လှည်းအတွင်းသို့ ကိုယ်တိုင်ဝင်ကာ ချင်မှုမင်း၏ ရှေ့တော်သို့ သွင်းစေလေ၏။ ချုပ်ဝတ်တန်ဆာများကို ချွတ်ကာ အကျဉ်းသားများ ပုံစံအတိုင်း ဝတ်ဆင်ထားသော မင်းမိန်းစုတို့မှာ စစ်သည်တော်များက ကြည့်၍ မျက်ရည်ကျဖွယ် ရှိနေလေသည်။

"ကျွန်တော်မျိုးတို့သည် နှစ်ကြိမ်တိုင်တိုင် စစ်ရှုံးခဲ့ပါပြီ .... ကျွန်တော်မျိုးတို့အား ချမ်းသာရာ မပေးပါနှင့်တော့ .... အပြစ်ဒဏ်ပေးတော်မူပါအရှင် .... "

မင်းမိန်းစုက အထက်ပါအတိုင်း လျှောက်ထားလေတော့သည်။

ချင်ပြည်မင်းသည် စစ်မှူးကြီး မင်မိန်းစုကို တွေတွေကြီးကြည့်နေလေ၏။

သူသည် မင်မိန်းစုနှင့်တကွ စစ်မှူးကြီးနှစ်ဦးကိုလည်း ခွင့်လွှတ်တော်မူလေသည်။

"ငါသည် နှစ်ကြိမ်တိုင်တိုင် ကျင့်ပြည်အား နိုပ်ကွပ်ဆုံးမရန်စစ်ချီခဲ့သော်လည်း ငါပဲ အရေးနိမ့်ခဲ့သည် .... ပထမအကြိမ်လည်း ပညာရှိများ၏ စကားကို မနာယူခဲ့သဖြင့် ငါ ရှုံးနိမ့်ခဲ့သည် .... ယခု ဒုတိယအကြိမ်လည်း အတွေ့အကြုံမရင့်ကျက်သေးသည့် စစ်သည်တော်များရှိလျက်နှင့်ပင် ငါအတိုက်နိုင်းခဲ့သည် .... သင်တို့အပြစ်မဟုတ်ချေ .... ငါကိုယ်တော်၏ အပြစ်ပင်တည်း .... "

ချင်မှူမင်း ဘုရင်မင်းမြတ်သည် သူ့ကိုယ်သူ အပြစ်ပုံချနေလေသည်။

ထို့ကြောင့် စစ်ဦးစီးမှူးသုံးဦးသည် ဒုတိယအကြိမ်အသက်ချမ်းသာရာ ရလေ၏။

မင်မိန်းစု၏ အသည်းတွင် ဒုတိယအကြိမ် အမာရွတ် ရပြန်လေ၏။

ချင်မှူမင်းအား မင်မိန်းစု၊ စီချီစုနှင့် ပိုင်ယီပင်တို့အပေါ် လွန်စွာအားထားယုံကြည်နေကြောင်း သိရှိနိုင်သည်။ သူသည် နှစ်ကြိမ်တိုင်တိုင်



စစ်ရှုံးလာသည့် သူများအပေါ် အပြစ်မယူနိုင်အောင် ဖြစ်နေရသည်။

ဆောင်းရာသီသို့ ရောက်သောအခါ မင်မိန်းစုသည် သူလျှိုအထောက်တော်များထံမှ သတင်းရရှိလေ၏။ ကျင့်ပြည်သည် တပ်အလုံးအရင်းနှင့် ချင်ပြည်သို့ စစ်ချီလာလေပြီဟု ....

မင်မိန်းစုသည် သတင်းကို လျှောက်ပြီး စစ်ပြင်ဆင်ခွင့်ပြုရန်အမိန့်တောင်းလေ၏။

ချင်မှူမင်းသည် ကျင့်ပြည်ချီတက်လာပြီဟူသည့် သတင်းကို သုံးသပ်လေသည်။ ကျင့်ပြည်အနေဖြင့် ပထမအကြိမ် ယောင်စန်းတောင် ဒေသ၌ အနိုင်တိုက်လိုက်သည်။ ဒုတိယအကြိမ် ချင်ပြည်က သွားရောက်တိုက်ခိုက်သောအခါ အောင်မြင်စွာ တွန်းလှန်နိုင်သည်။ ယခုတစ်ကြိမ်တွင်မူ ချင်ပြည်အား နာလန်မထူနိုင်အောင် နှိပ်ကွပ်မည်ဟု စဉ်းစားပြီး ချီတက်လာနိုင်သည်။ ဤအကြိမ်မှာ အရေးကြီးလှသည်။ သူတို့သည် ချင်ပြည်အား ဆုံးမရန် စစ်ချီလာခြင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ချင်မှူမင်းက မင်မိန်းစုအား ....

"စစ်ဦးစီးမှူးကြီး ယခုအချိန်ကား အရေးကြီးလှသည် .... သင်စစ်ပြင်ဆင်ရာတွင် အသေးအဖွဲ့ကစ၍ ဂရုစိုက်စစ်ပြင်ဆင်လော့ ...."

ချင်မှူမင်းသည် အမိန့်ပေးလိုက်လေ၏။ မင်မိန်းစုသည် နန်းမြို့ရိုးကို ခိုင်ခံ့အောင် ပြုပြင်ပြီး အစောင့်အထပ်ထပ် ချလိုက်လေ၏။

သူသည် မြို့တော်အား အထပ်ထပ် ပြုပြင်သည်။ ကျင့်စစ်တပ်ကြီးသည် မြို့တော်ကျိုးပေါက်ရန် အထူး လုံ့လဝါယမစိုက်ထုတ်လျက် တိုက်ခိုက်မည်ကို သိရှိသည်။

"ရန်သူများသည် မင်းနေပြည်တော်ကို ကျိုးပေါက်ပျက်စီးပြီး သူတို့ဝင်နိုင်သည်အထိ တိုက်ခိုက်လိမ့်မည် .... ကျွန်ုပ်တို့၏ ငါသည် တော်များသည် မြို့ရိုးမကျိုးပေါက်အောင်သာ ကြံ့ကြံ့ခံ ခုခံရမည် .... ရန်သူများက မည်မျှ စစ်မြူသော်လည်း လုံးဝ ထွက်မတိုက်ရ .... "

မင်းမိန်းစုသည် အမိန့်ထုတ်လိုက်၏။

ကျင့်စစ်သည်တို့သည် ချင်နေပြည်တော်သို့ ဆိုက်ရောက်လာလေ၏။ သူတို့သည် အပြင်းအထန်ဆုံး တိုက်ခိုက်သော်လည်း ချင်စစ်သည်တို့လည်း လုံးဝမတိုက်ဘဲနေ၏။

ကျင့်စစ်ဦးစီးမှူးကြီး တစ်ဦးဖြစ်သော ရှင်ရှယ်ကျိုသည် ချင်စစ်မှူးတို့ကို စစ်မြူလေသည်။

"ချင်စစ်သည်တို့ သင်တို့ အဘယ်ကြောင့် ထွက်မတိုက်ပါသနည်း .... သင်တို့သည် သူရဲဘော နည်းသူများလော .... "

ကျင့်တို့သည် မင်းနေပြည်တော်အနီးမှ မြို့ကြီးနှစ်မြို့ကို သိမ်းပိုက်လိုက်ကြသည်။ သို့သော် ချင်စစ်သည်တို့သည် ထွက်မတိုက်ဘဲ အတွင်းမှသာ ခုခံနေကြသည်။



မင်းမိန်းစုသည် တပ်ဖွဲ့ငယ်လေးများခွဲ၍ စစ်ရေးလေ့ကျင့်မှု ပြုစေသည်။ အထပ်ထပ်အခါခါ လေ့ကျင့်ထားကြသဖြင့် တပ်ဖွဲ့ငယ်များမှာ စစ်ရည်ဝနေကြတော့သည်။

ရန်သူတို့မှာလည်း ချင်တို့ကို နေပြည်တော်မှ ထွက်လာအောင် စစ်မမြူနိုင်သဖြင့် မြို့ကြီးနှစ်မြို့ကိုသာ သိမ်းပိုက်ပြီး စခန်းချနေတော့သည်။ နေပြည်တော်မှ ချင်စစ်သည်တော်များကိုလည်း နိုင်အောင်မတိုက်ဘဲ ရှိသည်။ သို့သော် ရက်များမကြာမီ ကျင့်စစ်တပ်ကြီးသည် အနိုင်နှင့်ပိုင်းကာ ပြန်လည်ရုပ်သိမ်းသွားလေတော့သည်။ သူတို့သည် သိမ်းပိုက်ရရှိပြီးသော မြို့နှစ်မြို့ကိုတော့ လက်မလွှတ်ပေ။ လုံလောက်သော အစောင့်အနေအထား ရှိသည်။

ချင်တို့သည် ထိုမြို့ကြီးနှစ်မြို့ကို ခေတ္တလက်လွှတ်ထားကြသည်။ သူတို့ ပြန်လည် အားမွေးရဦးမည် မဟုတ်ပါလော။ မင်းမိန်းစုသည် စစ်သည်များကို ကျိတ်စုပြီး စစ်ရေးလေ့ကျင့်ပေးနေသည်။

ဘီစီ ၆၂၄ ခုနှစ်သို့ ရောက်သောအခါ (ယောင်စန်းတောင်တိုက်ပွဲပြီး သုံးနှစ်ပြည့်မြောက်သော အချိန်တွင်) မင်းမိန်းစုသည် ချင်မှူးမင်အား ကျင့်ပြည်သို့ ကိုယ်တိုင်ကွပ်ကဲပြီး စစ်ချီတိုက်ခိုက်ပါရန် တောင်းပန်လျှောက်ထားလေသည်။

မင်းမိန်းစုက ....

"ဤတစ်ကြိမ်တွင် စစ်ပွဲကြီး မလွဲမသွေ အောင်မြင်ရမည်ဟု ကျွန်တော်မျိုး လျှောက်တင်ဝံ့ပါသည် .... အကယ်၍ ကျွန်တော်မျိုး တင်လျှောက်သည့်စကား မှားယွင်းခဲ့သော် ကျွန်တော်မျိုးအသက်နှင့် ပြန်မလာတော့ပါ .... ကျွန်တော်မျိုး၏ အလောင်းကိုသာ အရှင် တွေ့ရပါတော့မည် .... "

ချင်မူမင်းသည် မင်မိန်းစု၏အသည်းနှ အမာရွတ်ဖြစ်နေသည်ကို ကောင်းစွာ မြင်ပေသည်။ သူကိုယ်တိုင် မချိမဆံ့ ခံစားနေရသည် မဟုတ်ပါလား။

သူတို့သည် ကျင့်တို့အား သုံးကြိမ်သုံးခါ စစ်ရှုံးခဲ့ကြသည် မဟုတ်ပါလော။

ချင်မူမင်းသည် စဉ်းစားပြီး မိန့်ကြားလေသည်။

"ငါတို့သည် ကျင့်တို့အား သုံးကြိမ်သုံးခါ စစ်ရှုံးပြီးလေပြီ .... ယခင်က မည်သူကိုမျှ ငါတို့ မရှုံးခဲ့ဘူးချေ .... ယခု ကျင့်တို့အား သုံးကြိမ်ရှုံးပြီးနောက် ငါတို့၏ဂုဏ်သရေလည်း ပျက်ယွင်းခဲ့လေပြီ .... ယခု အခြေအနေအရ အလယ်ပိုင်းဒေသရှိ ပြည်ထောင်မင်းတို့သာမက အနောက်ပိုင်းဒေသ လူမျိုးစုပြည်နယ်ကလေးများပင် ငါတို့အား အဖက်မလုပ်လိုတော့ပြီ .... "

ချင်မူမင်းသည် ဤမျှပြောဆိုပြီးနောက် အဝေးသို့ မျှော်ကြည့်နေသည်။ သူသည် မင်မိန်းစုအား ပြောနေပုံမရ။ ဟိုအဝေးကြီးသို့ ပြောနေပုံရသည်။

"ပထမ နှစ်ကြိမ်တိုင်တိုင် ကျင့်တို့သည် သူတို့ပြည်၌ ငါတို့အား တိုက်ခိုက်ချေမှုန်းလိုက်သည် .... ၎င်းနောက် ငါတို့ မြေပေါ်၌ ငါတို့အား လာရောက်ချေမှုန်းသည် .... ငါတို့၏ မြို့ကြီးနှစ်မြို့ကို သိမ်းပိုက်လိုက်ကြသည် .... ဤသို့ စစ်ရှုံးသဖြင့် အခြားပြည်ထောင်မင်းတို့၏ အထင်အမြင်သေးခြင်း ငါတို့ခံခဲ့ရလေပြီ .... ထို့ကြောင့် ဤတစ်ကြိမ်သာ ကျင့်တို့ကို စစ်ရေးအရ ရှုံးနိမ့်ခဲ့သော် ငါကိုယ်တော်ပင် တိုင်းပြည်သို့ ပြန်ရန် မျက်နှာမရှိတော့ပြီ .... "

ထိုသို့ပြောပြီးနောက် ချင်မူမင်းသည် ကျင့်ပြည်အား စစ်ချီရန် အမိန့်ထုတ်ပေးလိုက်လေသည်။

ဤတစ်ကြိမ် စစ်ထွက်မှုမှာ လွန်စွာထူးခြားသည်။ မင်မိန်းစုသည် ချင်မူမင်းအား လျှောက်ထားတောင်းပန်သည်။

"အရှင်မင်းကြီး တိုင်းပြည်၏ဘဏ္ဍာငွေမှ အချို့တစ်ဝက်ကို ထုတ်ပြီး စစ်မှုစစ်သည်တို့၏ အိမ်ထောင်စုများအား ပေးစေရန် လျှောက်ထား အသနားခံအပ်ပါသည် .... "

ချင်မူမင်းသည် ရေရှည်အကျိုးကိုကြည့်ပြီး ခွင့်ပြုတော်မူလိုက်လေသည်။

စစ်မှူးစစ်သည်တို့၏ အိမ်ထောင်စုများမှာ မရရှိဖူးသော ငွေကြေးအသပြာများကို ရရှိခဲ့သဖြင့် လွန်စွာ ဝမ်းသာကြလေသည်။

စစ်ထွက်မည့် စစ်မှူး၊ စစ်သည်တို့မှာ နောက်ဆံတင်းမှု လုံးဝမရှိတော့ချေ။ အိမ်၌ ကျန်ရစ်သည့် အိမ်ထောင်စုများ၌ ငွေကြေးပြည့်စုံမှုရှိပြီ မဟုတ်ပါလား။ ချင်ပူမင်း၏ ဘဏ္ဍာတိုက်မှာမူ ငွေတစ်ဝက်ခန့်မျှ လျော့ကျသွားလေတော့သည်။

▮▮ ◆ ▮▮



(၄၈)

စစ်ချီသောနေ့တွင် ချင်ပြည်၌ မကြုံစဖူးအဖြစ်ထူးလျက် စစ်ထွက်သူများအား သောင်းသောင်းဖျဖျ အားပေးသည့် ပြည်သူများအား တွေ့ရှိသည်။

ပြည်သူများသည် စစ်ထွက်သူများ၏ လမ်းဘေးဝဲယာနှစ်ဖက်၌ ရပ်ကာ အားပေးနှုတ်ဆက်ကြလေသည်။

ချင်မူမင်းသည် ဤမြင်ကွင်းမျိုးကို ယခင်တစ်ကြိမ်မျှ မတွေ့ခဲ့ချေ။ မင်မိန်းစု၏အကြံဉာဏ်မှာ ဟန်လှပေသည်ဟု စိတ်တွင်း၌ တွေးတောမိလေ၏။

မြို့လယ်လမ်းမကြီးတစ်လျှောက်နှင့် လမ်းဘေးဝဲယာတွင် နှုတ်

ဆက်သူပြည်သူများ ပြည့်ကျပ်နေသည်။ လက်များကို ဝှေ့ယမ်းပြီး အားပါးတရ နှုတ်ဆက်ကြ၏။

အဖေကို နှုတ်ဆက်သူက နှုတ်ဆက်၏။ မောင်ကို နှုတ်ဆက်သူက နှုတ်ဆက်၏။

လင်သားခင်ပွန်းကို နှုတ်ဆက်သူက နှုတ်ဆက်၏။

တစ်နေရာတွင်မူ သားဖြစ်သူကို မိခင်က နှုတ်ဆက်နေလေ၏။

"သား .... တိုင်းပြည်အတွက် စစ်တိုက်ခြင်း ဖြစ်သည် .... အသက်ကို မနှမြောနှင့် .... သေလိုက သေပါစေ .... အမေတို့ ဂုဏ်ယူရင်း သား၏ အောင်နိုင်မှုကို စောင့်ပါမည် .... "

ရဲရဲတောက် အမေတစ်ဦး၏ စကားပါပေ။ မိခင်သည် သားဖြစ်သူအား ငိုကြွေးနှုတ်ဆက်ခြင်း မပြုပေ။ ရဲရဲတောက်စကားဖြင့် သားအား အားပေးစကား ပြောလေ၏။

သားကလည်း မိခင်အား ခေါင်းညိတ်ရင်း သူအသေခံ၍ အနိုင်တိုက်မည့်အကြောင်း ဝန်ခံပြောကြားသွား၏။

ချင်စစ်တပ်ကြီးသည် မြို့ပြင်သို့ထွက်ပြီး ကျင့်တို့က အစောင့်အနေချထားသော မြို့နှစ်မြို့ကို ပြန်လည် တိုက်ခိုက်လေ၏။ ကျင့်တပ်များသည် တရကြမ်းတိုက်ခိုက်သော ချင်စစ်သည်များ၏ဒဏ်ကို မခံနိုင်ပေ။ သူတို့သည် လက်လွတ်ထွက်ပြေးရလေသည်။



မင်မိန်းစုသည် မြို့နှစ်မြို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် ဆက်လက်ချီတက်ခဲ့၏။ ဤသို့ဖြင့် သူတို့သုံးဦးအား ကုံးချွန်းက ကယ်တင်ခဲ့သည့် ဝမ်ဟိုမြစ်ကမ်းစပ်သို့ ရောက်ရှိခဲ့ကြလေ၏။ တပ်များသည် မြစ်ကြီးကို အားလုံးကူးခတ်ပြီးသော် မင်မိန်းစုက တပ်များကို စစ်ဆေးလေ၏။

မင်မိန်းစုသည် စစ်မှူး စစ်သည်တို့ကို ဤသို့ပြောကြားလေ၏။

"စစ်မှူး စစ်သည်အပေါင်းတို့ ငါတို့တပ်သည် အတက်သာရှိပြီး အဆုတ်မရှိသော တပ်ဖြစ်လေသည် .... ငါတို့ ဤမြစ်ကမ်းစပ်သို့ ကူးသောလှေ၊ သမ္ဗန်၊ ဖောင် စသည်တို့ကို မီးရှို့ဖျက်ဆီးလိုက်တော့မည် .... ငါတို့သည် တိုက်ရင်းသေကြမည် .... အောင်နိုင်လျှင်အောင် မအောင်နိုင်လျှင် အသေခံတော့မည် .... ဤသို့ လှေ၊ သမ္ဗန်၊ ဖောင် စသည်တို့ကို မီးရှို့ဖျက်ဆီးပစ်မည်ကို စစ်မှူး စစ်သည်တို့အားလုံး သဘောတူပါ၏လော .... "

စစ်မှူး စစ်သည်တို့သည် ဘဝင်လှုံ့သော အသံဖြင့် တစ်ခဲနက် အော်ဟစ်ဖြေကြားလေ၏။

"သဘောတူသည် .... သဘောတူသည် .... "

မင်မိန်းစုသည် လှေ၊ သမ္ဗန်၊ ဖောင်အားလုံးကို မီးရှို့ဖျက်ဆီးပစ်လိုက်တော့သည်။

'ထိုမီး၌သည့်ပွဲမှ မီးနိုးများသည် တစ်ခဲနက် ကောင်းကင်
တက်ခဲ့လေ၏။

စစ်သည်တော်များက မီးနိုးလုံးများကို ကြည့်၍ အော်ဟစ်
ကြားလေ၏။

"ကျွန်ုပ်တို့ စစ်ပွဲအောင်နိုင်မှ လှေ၊ သမ္ဗန်များရှာပြီး ပြန်နိုင်မည်
ဤစစ်ပွဲကို မအောင်၊ အောင်အောင် တိုက်မည် .... စစ်ပွဲမအောင်လျှ
ကျွန်ုပ်တို့ အသေခံမည် .... "

စစ်သည်တော်များသည် မိုးလုံးဟိန်းမျှ ဝက်ဝက်ကွဲအော်ဟ
ကြတော့သည်။

ထိုအသံများကို ချင်မူမင်းကိုယ်တိုင်ကြား၏။ ချင်မူမင်းသ
မင်မိန်းစုကို အလွန်အားထားး ယုံကြည်၏။

မင်မိန်းစု အစီအမံများမှာလည်း ဟာကွက်မရှိအောင် ကော
မွန်၏။

သို့စဉ်လျက် သူသည် အဘယ့်ကြောင့်မှန်းမသိ စစ်ရှုံးခဲ့ရသည်

"သြော် .... မင်မိန်းစု .... မင်မိန်းစု .... ငါကိုယ်တော် အ
ကိုးသလောက် ပေါက်မြောက်သော အကြံဉာဏ်ရှိပေသည် .... ဤ
သော စစ်မှုးအား အဘယ်သို့သော အကြောင်းတရားသည် အရှုံးဆီ
ပို့ဆောင်ရသနည်း .... "



မင်မိန်းစု၏ လှေ၊ သမ္ဗန်များ ဖျက်ဆီးမည့် အကြံဉာဏ်ကို ကြား
သောအခါ ချင်မူမင်းသည် ကြက်သီးထမတတ် ဖြစ်သွားလေ၏။

"အံ့ဖွယ်သူရဲ အကြံဉာဏ်ပေတည်း .... ဤတစ်ကြိမ်မှ ငါတို့
စစ်မနိုင်လျှင် နောင် မည်သည့်အခါမျှ နိုင်တော့မည် မဟုတ်ချေ .... "

ဤသို့ဖြင့် လှေ၊ သမ္ဗန်၊ ဖောင်များကို ဖျက်ဆီးပစ်ခဲ့ကာ ချင်စစ်
တပ်ကြီးသည် ကျင့်ပြည်သို့ ဆက်လက်ချီတက်ခဲ့လေတော့၏။

ကျင့်တပ်များမှာလည်း ချင်စစ်တပ်ကြီး ချီတက်လာသောအခါ
ယခင်ကဲ့သို့ လေးလေးနက်နက် မထားတော့ချေ။

သူတို့သည် သုံးကြိမ်တိုင်တိုင် အနိုင်ရခဲ့သည် မဟုတ်ပါလား။

သုံးကြိမ်နိုင်ထားသဖြင့် ချင်စစ်တပ်ကို သူတို့သည် ပေါ့ပေါ့ဆဆ
သဘောထားကြလေ၏။

တစ်ဖက်က ချီတက်လာသောတပ်သည် လှေ၊ သမ္ဗန်၊ ဖောင်
များကို မီးရှို့ဖျက်ဆီးပြီးသော တပ်ဖြစ်သည်။ သူတို့သည် ယခင်တပ်
မျိုးမဟုတ်။

အသေခံပြီး တိုက်ခိုက်မည့်တပ်ဖြစ်နေသည်။

ပေါ့ပေါ့လျော့လျော့နေသော တပ်နှင့် အသေခံတိုက်မည့်တပ်
တို့ တွေ့ကြလေပြီ။

ချင်စစ်တပ်ကြီးသည် လေပြင်းမုန်တိုင်း တိုက်ခတ်သကဲ့သို့ ဝင်

တိုက်လေ၏။

လေပြင်းမုန်တိုင်းသည် သစ်ပင်သစ်ကိုင်းများကို အမြစ်မှ ဖြိုလဲ အကိုင်းအခက်များကို ပြတ်သတ်သွားအောင် တိုက်ခတ်သကဲ့သို့ ချင်စစ်တပ်ကြီးသည် သရဲမရဲ စီးသည့်အလား ဝင်တိုက်လေတော့၏။

ချင်စစ်တပ်ကြီးသည် ဤမြို့ကြီးငါးမြို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

ခုခံသော တပ်များမှာ စုတ်ပြတ်ထွက်သွားသည်။ တပ်လုံးပြုတ်အောင် အတိုက်ခံလိုက်ရသည်။ ရှောင်ပေးသော တပ်များသာ သက်သာခွင့်ရလေ၏။

ထိုအခါ ကျင့်တို့သည် ထိတ်လန့်ချောက်ချားခြင်းကြီးစွာ ဖြစ်ရတော့သည်။

ချင်စစ်တပ်၏တိုက်ခိုက်မှုများမှာ ကြောက်မက်ဖွယ်ရာကောင်းလှသည် မဟုတ်ပါလော။

ကျင့်ပိုက်လန်းမင်းသည် သူ့စစ်တပ်ကြီးအား အမိန့်ထုတ်သည်။

"မည်သူမျှ ထွက်မတိုက်ရ .... မြို့တော်ကိုသာ ကြံ့ကြံ့ခံ၍ ခုခံရမည် .... မြို့တော်မကျလျှင် ချင်စစ်သည်တို့ ဘာမျှမလုပ်နိုင် .... ထို့ကြောင့် မြို့တော်မကျအောင်သာ ကာကွယ်ကြရမည် .... "

ချင်စစ်တပ်အားလုံးသည် မြို့တော်သို့ စုပြုံရောက်ရှိလာ၏။ စစ်သည်တို့မှာ တွေ့သည့်တပ်တိုင်းကို အပြတ်အသတ်အောင်ပွဲခံလာသဖြင့် လွှန်စွာ တက်ကြွနေကြသည်။



မြို့တော်အား တိုက်မည်တကဲကဲ ဖြစ်နေလေ၏။

ချင်စစ်တပ်ကြီးသည် မြို့ရိုးရှေ့သို့ ရောက်ရှိလာသောအခါ ကျင့်စစ်သည်များ ထွက်မတိုက်ဘဲ ရှိသည်ကို ကြုံတွေ့ရတော့သည်။

"ကျင့်စစ်မှူးများ သတ္တိမရှိဖြစ်ကုန်ပြီလော .... သင်တို့သည် ကျွန်ုပ်တို့ပြည်ကို တိုက်ခိုက်စဉ်အခါက ထွက်မတိုက်ရကောင်းလားဟု သရော်လှောင်ပြောင်ခဲ့ကြ၏ .... ယခု သင်တို့ အလှည့်ရောက်လေပြီ .... အဘယ်ကြောင့် မထွက်လေသနည်း .... "

ချင်စစ်သည်တို့သည် ကျယ်လောင်စွာ အော်ဟစ်ကြလေတော့၏။

ချင်စစ်သည်တို့သည် မြို့ရိုးပတ်လည်သို့ လှည့်ပတ်အော်ဟစ်ကြလေ၏။

သူတို့ကို မင်မိန်းစုက တိုက်ရန် လုံးဝ အမိန့်မပေးချေ။

မင်မိန်းစုသည် တိုက်ခဲ့သည့်တိုက်ပွဲများ၌ အသက်ကို ပဓာနမထားဘဲ အသက်စွန့်၍ ဘီလူးသရဲအလား ဦးဆောင်၍ တိုက်ခဲ့သည်။ သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာ ကောင်းလှသဖြင့် ချင်မှူးမင်းကပင် အချည်းအနှီး အသက်မစွန့်သင့်ကြောင်း အနီးအနားမှ မှူး

မတ်တို့အား ပြောခဲ့ရသည်။

သို့သော် မင်းမိန်းစုကတော့ မရချေ။

ချုပ်ဝတ်တန်ဆာကြီး တလွှားလွှားဖြင့် တိုက်ပွဲများကို အုပ်စီးနေပေသည်။

သူသည် ဤတိုက် ပွဲ၌ အသေခံ၍ တိုက်နေလေ၏။ သို့သော် ကံကောင်းထောက်မစွာ သူသည် ဒဏ်ရာတစ်ချက်မျှ မရရှိဘဲ ရှိနေချေ၏။

ကျင့်မင်းမှာ လွန်စွာ ထိတ်လန့်ကြောက်ရွံ့နေချေပြီ။ နောက်ဆုံးတွင် အညံ့ခံပါမည်ဟု ချင်မူမင်းထံ တမန်စေလွှတ်၍ ကမ်းလှမ်းရလေ၏။

ချင်မူမင်းသည် အံကြိတ်၍ ပြောကြားလေ၏။

"ငါသည် ပြည်ထောင်မင်းတို့ အလယ်၌ သုံးကြိမ်သုံးခါ အရှက်ကွဲခဲ့ပြီးလေပြီ .... ယခုမှ သူတို့အညံ့ခံ၍ ဘာလုပ်မည်နည်း .... ကျင့်ပြည်တစ်ပြည်လုံးကို စိစိညက်ညက်ကြေသွားအောင် တိုက်ခိုက်ပစ်ရမည် .... "

မင်းမိန်းစုကတော့ ခပ်မဆိတ်ပင် နေလေ၏။

ချင်မူမင်းသည် အကြံပေးဝန်ကြီး ကျင်စု၊ ပိုင်လီတိတို့ မရှိတော့သော်လည်း အခြားပညာရှိများ ကျန်ရှိနေသေးသည်။ သူသည် ပညာရှိများကို စုဆောင်းသူ မဟုတ်ပါလား။

အကြံပေးဝန်ကြီး တစ်ပါးက ....

"အရှင်မင်းကြီး စိတ်လိုက်မာန်ပါ ဆုံးဖြတ်တော် မမူသင့်ပါ .... ကျင့်ပြည်မင်းသည် ယခုအညံ့ခံရန် ကမ်းလှမ်းလာလေပြီ .... အရှင်မင်းကြီး သူ့ကမ်းလှမ်းချက်ကို လက်မခံဘဲ အရှင်မင်းကြီး၏တပ်ဖြင့် တိုက်ခိုက်သော် အရှင်မင်းကြီး၏တပ်သားထက်ဝက်မျှ ကျဆုံးပြီးမှ ကျင့်မြို့တော်ကို အောင်နိုင်မည် ဖြစ်ပါသည် .... ယခုလို အညံ့ခံချက်ကို လက်ခံလိုက်သော် အရှင်မင်းကြီး၏တပ်သားများ လုံးဝမကျဆုံးဘဲ အောင်ပန်းဆင်နိုင်မည် ဖြစ်ပါသည် .... အရှင်မင်းကြီးသည် ကျင့်ပြည်ကို အောင်နိုင်ဖို့ အဓိကလော .... ဖျက်ဆီးဖို့ အဓိကလော .... ဤနှစ်ချက်ကို စဉ်းစားရန် လိုအပ်ပါသည် .... "

ထိုအကြံပေးဝန်ကြီး၏ စကားကို ချင်မူမင်း စဉ်းစားလေ၏။ သူသည် ကျင့်ပြည်ကို တိုက်ခိုက်ရန် စေလွှတ်စေစဉ်အခါက အကြံပေးဝန်ကြီးနှစ်ပါးဖြစ်သော ကျင်စုနှင့် ပိုင်လီတိတို့၏ အကြံပေးချက်ကို မနာယူခဲ့ကြောင်း သူကောင်းစွာ မှတ်မိနေ၏။

ထိုအကြံပေးဝန်ကြီးက ဆက်လက်၍ လျှောက်ထားသည်။

"ဤစစ်ပွဲကို အောင်နိုင်ခဲ့သော် ယောင်စန်းတောင်၌ ကျဆုံးခဲ့ရသော ကျွန်တော်မျိုးတို့၏ စစ်မှူး၊ စစ်သည်မြောက်မြားစွာတို့၏

အလောင်းများကို ကျွင့်တို့ကလည်း မြှုပ်နှံမည် မဟုတ်ပါ .... အရှင်မင်းကြီး စဉ်းစားတော်မူပါ .... "

ချင်မူမင်းသည် နောက်ဆုံးခေါင်းညိတ်ရလေ၏။

"ငါ၏ပညာရှိများကား မှန်ရာကိုသာ အကျိုးသင့် အကြောင်းသင့် တင်လျှောက်တတ်ကြပေသည်၊ ထိုအကြံပေးဝန်ကြီး ပေးပြချက်သည် မှန်ကန်လှပေသည် .... သူ့အကြံ ပေးချက်ကို ငါတို့ လိုက်နာမှဖြစ်မည်။"

ချင်မူမင်းလည်း ထိုသို့ တွေးလိုက်မိ၏။

ထို့နောက် ကျွင့်မင်း၏အညွှန်ခံမှုကို လက်ခံလိုက်တော့၏။ ကျွန်ုပ်လန်းမင်းသည် နိမ့်သောနေရာမှ ချင်မူမင်း၏ တောင်းဆိုချက်မှန်သမျှကို လိုက်လျောလိုက်ရလေတော့သည်။

ချင်မူမင်းသည် သူ၏စစ်တပ်ကြီးနှင့် ယောင်စန်းတောင် ဒေသသို့ သွားလေ၏။ စစ်ချီတက်ခဲ့စဉ်က ချင်စစ်တပ်သည် အခြားလမ်းမှ ချီတက်ခဲ့ခြင်း ဖြစ်သည်။

ဘုရင့်အနားတွင် မင်မိန်းစုသည် ကပ်၍ လိုက်ပါလာရလေသည်။ ချင်မူမင်း သိလိုသမျှကို မင်မိန်းစုက ဖြေကြားရသည်။

ယောင်စန်းတောင်ပေါ်သို့ ရောက်သောအခါ လွန်ခဲ့သော သုံးနှစ်ကျော်က ချင်စစ်မှူးစစ်သည်တို့၏ အလောင်းများမှာ အရိုးစုများ



အဖြစ်သို့ ပြောင်းလဲနေချေပြီ။

အရိုးစုများမှာ အချို့တောလမ်း၌ ခြေချစရာမရှိအောင် ပြည့်ကျပ်နေသည်။ အရိုးစုများ၏ အနေအထားကို ကြည့်ရခြင်းအားဖြင့် မင်မိန်းစုတို့ မည်မျှ အကျပ်အတည်းဖြစ်ခဲ့ကြောင်း ချင်မူမင်း ရိပ်မိလေ၏။

ချင်စစ်သည်တို့မှာ အရိုးစုများကို ကောက်ယူ၍ တစ်ခုစီကို မြက်များနှင့် ပတ်စည်းရသည်။ ထိုအလုပ်ကို သုံးပတ်ကြာသည်အထိ လုပ်ရသည်။ ချင်စစ်သည်များ မည်မျှ သေဆုံးကြသည်ကို ခန့်မှန်း၍ ကြည့်နိုင်သည်။

ထိုအရိုးစုများကို ထောင့်တစ်နေရာ၌ ကျင်းကြီးများ တူးပြီး မြှုပ်နှံကြရသည်။

ချင်မူမင်းသည် ကိုယ့်သွေးကိုယ့်သားများအား သင်္ဂြိုဟ်သကဲ့သို့ ပင် သင်္ဂြိုဟ်ပွဲကြီး ပြုလုပ်လေ၏။

မင်မိန်းစုက လွန်ခဲ့သော သုံးနှစ်ကျော်မှ အဖြစ်အပျက်ကို ပြန်လှန် ပြောပြလေ၏။

"ကျွန်တော်မျိုး၏စစ်တပ်ကြီးကို အကြောက်တရားကြီး စိုးသွားပါသည် .... ကျွန်တော်မျိုး ထိန်း၍မရတော့ပါ .... စစ်မှူးများ၊ အကြပ်များလည်း ထိန်း၍မရတော့ပါ .... ထိုစဉ် သူတို့သည် လောင်

စာဆိုများ လောင်းထားသည့် သစ်တုံးများအား မီးများဖြင့် ပစ်ပါသည်၊ စစ်သည်တော်များစွာ မီးလောင်သေပွဲဝင်ကြပါသည် အရှင် .... "

ချင်မှူမင်းသည် မင်မိန်းစု၏စကားကို နားထောင်ပြီးနောက် သပြိုဟ်ပွဲကို ဆက်လက်ကျင်းပလေ၏။

ဆုတောင်းမေတ္တာများ ပို့သပြီးသောအခါ ချင်မှူမင်းသည် ဝမ်းနည်းသည်းထန်စွာ ငိုကြွေးလေတော့၏။ ထိုအခါ ဝန်ကြီး၊ မှူးမတ်၊ စစ်မှူး၊ စစ်သည်တို့သည်လည်း ငိုကြွေးကြလေ၏။ ထို့ကြောင့် ယောင်စန်းတောင်ဒေသ ငိုကြွေးသံများ ဘဝင်လျှံသွားတော့သည်။

■■ ◆ ■■



ကျင့်ပြည်အား အောင်မြင်သွားသည့်အတွက် ချင်ပြည်နယ်သည် အပြည်ပြည် ပြည်ထောင်မင်းတို့၏ လေးစားမှုကို ပြန်လည်ရရှိသွားတော့၏။ အနောက်ဘက်ဒေသလူမျိုးစု ပြည်နယ်မင်းများကလည်း ပမာမခန့် မပြုဝံ့တော့ချေ။ အနောက်ဘက်လူမျိုးစု ပြည်နယ်မင်းများသည် သွတက်ငါ အလုအယက် လက်ဆောင်ပဏ္ဏာများ လာဆက်ကြကုန်သည်။

ယင်းတို့အားဖြင့် မကြာမီကာလတွင် ချင်မှူမင်း၏ အစောင့်အရှောက်ခံ ပြည်နယ်ကလေးများနှင့် ဓော်ဘွားနှစ်ဆယ်ကျော်မျှ ရှိသွားလေ၏။

ချင်မှူမင်းက မင်မိန်းစုအား မိန့်တော်မူလေ၏။

"မင်မိန်းစု .... သင်တွေ့ပြီ မဟုတ်ပါလော .... ဤအလှည့်အပြောင်းသည် တစ်ကွက်မျှသာ ရှိသည် .... ငါ ကျင့်ပြည်ကို စစ်ရှုံးခဲ့သော် ဤပြည်နယ်မင်းများနှင့် စော်ဘွားများသည် ငါ့အား ခြေထောက်နှင့် ကန်ကြလိမ့်မည် .... "

မင်မိန်းစုမှာ ရေငုံနှုတ်ပိတ်၍သာ နေလေ၏။

ချင်ပြည်သည် လီပေါင်းတစ်ထောင်ကျော်မျှ နယ်ပယ်ကို ချဲ့ထွင်နိုင်ခဲ့၏။

လူရိုင်းလူမျိုးစုများဖြစ်သော တီချင်းလူမျိုးတို့သည် ချင်ပြည်လက်အောက်သို့ ဝင်လာကြသည်။

ထို့ကြောင့် ချင်မှုမင်းသည် အနောက်ဘက်ဒေသ ပြည်နယ်မင်းတို့၏ ဦးစီးခေါင်းဆောင် ဖြစ်လာလေ၏။

ဤသတင်းကို ကျိုးဘုရင်လုံးလန့်မင်းကြီး သိတော်မူသောအခါ ကြေးဗုံဆယ့်နှစ်လုံးကို ပေးပို့လျက် ဂုဏ်ပြုလေ၏။

။ ◆ ။



(၄၉)

ရင်ခွင်ပိုက်ဘုရင်

ကျင့်ပြည်သည် ချင်ပြည်အား အနိုင်ရပြီးနောက် စစ်ရေးအရ အထွတ်အထိပ်သို့ ရောက်ခဲ့ရသည်။ သို့သော် စတုတ္ထအကြိမ် တွေ့ဆုံတိုက်ပွဲ ဖြစ်ကြသောအခါ ကျင့်ပြည်သည် စစ်ရေးရှုံးနိမ့်သွားခဲ့၏။ ထိုအခါ အထွတ်အထိပ် ဘဝမှ လျှောကျသွားရတော့သည်။

ကျင့်ပြည် စစ်ရှုံးရသောအခါ အားထားရသော ဝန်ကြီးမှူးမတ်များလည်း ကွယ်လွန်အနိစ္စ ရောက်ကြလေ၏။ ကျင့်ထီးနန်းအတွင်း ပညာရှိများ လျော့ပါးသွားရပေသည်။

ဤသို့နေရာတွင် ကျောက်စွမ်း၏သား ကျောက်ဟွန့်သည် နန်းရင်ဝန်ကြီး ဖြစ်လာ၏။ နန်းရင်ဝန်ကြီး ဖြစ်လာသည့်အလျောက် သူရှိ

ကိုင်တွယ်ထားသည့် အာဏာများမှာ မသေးလှချေ။ တိုင်းရေးပြည်ရ
စီမံနိုင်သော ကိစ္စအဝဝကို ကိုင်တွယ်ထားနိုင်သည်။

ဘီစီ ၆၂၀တွင် ကျင့်ပိုက်လန်းမင်း နတ်ရွာစံလေ၏။ အသ
ခုနစ်နှစ်အရွယ်ရှိသေးသော သားတော်ကလေးသည် ရင်ခွင်ပိုက်မ
အဖြစ်ထီးနန်းစိုးစံလေ၏။ ထိုမင်းကလေးကားကျင့်လင်မင်းပင်တည်
ခုနစ်နှစ်အရွယ်သာ ရှိသေးသဖြင့် တိုင်းပြည်အုပ်ချုပ်ရေးရာအဖြာဖြာ
မကိုင်တွယ် မအုပ်ချုပ်တတ်သေးပေ။ နန်းရင်းဝန်ကြီး ကျောက်ဟွန်
စီမံအုပ်ချုပ်နေရ၏။ ကျင့်ပိုက်လန်းမင်း ရှိနေစဉ်ကပင် နန်းရင်းဝန်ကြ
ကျောက်ဟွန်သည် တိုင်းပြည်အုပ်ချုပ်ရေးရာ အဖြာဖြာကို ကိုင်တွ
အုပ်ချုပ်နေရသူဖြစ်ရာ ကျင့်လင်မင်းကလေး နန်းတက်သော အခါတွ
ကား ပြောစရာ မရှိတော့ပေ။

အသက်ခုနစ်နှစ်မျှသာ ရှိသေးသော ကလေးအရွယ်ဖြစ်၍ ကျ
လင်မင်းကလေးသည် ကစားပျော်ပါးခြင်းကိုနှစ်ခြိုက်လှ၏။ ထို့ကြော
ကျင့်လင်မင်းကလေးသည် တစ်နေ့တစ်နေ့ ပျော်ပါးကစားရန်သာ
တွေးနေတတ်ပေသည်။

သို့သော် ကျောက်ဟွန်ကား အကွပ်အညှပ် ကြမ်းသူဖြစ်သည်
ဘုရင်ကလေးကို မျက်မှောင်ကြုတ်၍ အမြဲကြည့်တတ်သည်။

ကျင့်လင်မင်းကလေးသည် ကျောက်ဟွန်ကိုတော့ ငယ်စဉ်က



တည်းက ကြောက်ရွံ့ခဲ့လေ၏။ ကျင့်လင်မင်းကလေး ပျော်ပျော်ပါးပါး
ကစားနေစဉ် ကျောက်ဟွန်ရောက်ရှိလာသော် သူ့ပျော်ရွှင်မှုအားလုံး
သည် ပျောက်ကွယ်သွားတော့သည်။

ဖခမည်းတော် လက်ထပ်ကပင် ဤဝန်ကြီးသည် ရှိခဲ့လေ၏။
ယခုအချိန်အထိ မသေသေးဘဲ ရှိနေသည်ကို ကျင့်လင်မင်းကလေး
သည် အံ့သြနေလေ၏။ သူကတော့ သေစေချင်ပေသည်။

နန်းတော်ထဲတွင် ထိုဝန်ကြီးသာ ဩဇာပေးနေသည်။ နေရာ
တကာ ဩဇာပေးသော ထိုဝန်ကြီးကို အမြင်လည်းကတ်သည်။
ကြောက်လည်း ကြောက်ပေသည်။

ကျင့်လင်မင်းကလေး အနီး၌ အပါးတော်မြဲ ဝန်ကြီးတစ်ဦး အမြဲ
နေနေရ၏။ ထိုအပါးတော်မြဲ ဝန်ကြီးကိုတော့ ကျင့်လင်မင်းကလေး
သည် ချစ်ခင်လေသည်။ ထိုဝန်ကြီးကား ကျူအန့်ကူ ဖြစ်လေ၏။

ကျူအန့်ကူသည် မင်းလိုလိုက် မင်းကြိုက်ဆောင်တတ်သော
ဝန်ကြီးတစ်ပါး ဖြစ်သည်။ ကလေးအရွယ် ဘုရင်ငယ်ကိုပင် ဤမျှအလို
လိုက် အကြိုက်ဆောင်နေလျှင် ဘုရင်ကလေးကြီးပြင်းလာသည့်အခါ
တွင်မူ ပြောစရာမရှိတော့ပေ။

သူသည် တိုင်းပြည်ဘဏ္ဍာတော်များကို မင်းမိန့်နှင့် ထုတ်ယူ
လေ၏။ ကျင့်လင်မင်းကလေး ပျော်ပါးဆော့ကစားရန် ဥယျာဉ်တော်

ကြီးတစ်ခု တည်ဆောက်ပေးလေ၏။ ထိုဥယျာဉ်ကြီးမှာ သစ်ပင်ပန်း
မာလာတို့ဖြင့် အတိပြီးသည်။

ထိုဥယျာဉ်တော်အတွင်း မြင့်မားသော မျှော်စင်ကြီးတစ်ခု
တည်ဆောက်ပေးလေ၏။ အဘယ့်ကြောင့်ဆိုသော် ဘုရင်ကလေး
သည်မျှော်စင်အမြင့်တက်ခြင်းကိုအလွန်တစ်ရာပျော်ရွှင်သောကြောင့်တည်း။

ထိုမျှော်စင်အမြင့်မှာ ဘုရင်ကလေး လိမ့်မကျစေရန် လေးဘက်
လေးတန်တွင် ခိုင်ခံ့သော သစ်သားလက်ရန်းများ ကာရံပေးထား
သည်။ ဘုရင်ကလေးသည် အလွန်ဆော့သည်။ သစ်သားလက်ရန်းများ
ကာရံမပေးလျှင် မရပေ။ မုချလိမ့်ကျပေလိမ့်မည်။

ထိုမျှော်စင်ကို မြင့်မားစွာ တည်ဆောက်ထားလေ၏။ မျှော်စင်
ပေါ်သို့တက်လျှင် မြို့တော်တစ်ခုလုံး၏မြင်ကွင်းကို တွေ့မြင်နိုင်သည်။

ဘုရင်ကလေးနှင့် ကျူးအန်ကူတို့သည် ထိုမျှော်စင်အပေါ်သို့ နေ
စဉ်တက်ကြသည်။ သူတို့သည် မြို့တော်ကြီးကို ကြည့်ကြသည်။ တစ်ခါ
တစ်ရံ လောက်လေးများဖြင့် ငှက်များကို ပစ်ခတ်ကြလေ၏။

တစ်ခါတစ်ရံတွင် သူတို့သည် နန်းတွင်း၌ နန်းတွင်းကချေသည်
များ ကခုန်ခြင်းကို ကြည့်ရှုလေ၏။ သို့သော် ဘုရင်ကလေးသည် ကခုန်
ခြင်းကို ငြီးငွေ့လွယ်သဖြင့် ဥယျာဉ်တော်အတွင်းသို့သာ သွားကြလေ
၏။



တစ်နေ့တွင် ဘုရင်ကလေးသည် မျှော်စင်ကြီးပေါ်၌ နန်းတွင်း
ကချေသည်များ တီးမှုတ်ကခုန်ကြလျှင် ကောင်းမည်ဟု အကြံရှိလေ၏။
ထိုအကြံကို အပါးတော်မြဲ ဝန်ကြီး ကျူးအန်ကူအား ပြောပြလေ၏။

■■ ◆ ■■

(၅၀)

အပါးတော်မြဲ ဝန်ကြီးသည် ဘုရင်ကလေး လုပ်ချင်သည် မှန်သမျှကို ခေါင်းညိတ်သဘောတူသူ ဖြစ်ရကား နန်းတွင်းကချေသည်များကို မျှော်စင်ပေါ်၌ ကခုန်စေချင်သည် ဆိုသောအခါ အဆို၊ အတီးနှင့် ကချေသည်အားလုံကို မျှော်စင်ပေါ်သို့ ပြောင်းရွှေ့စေတော့၏။

အဆို၊ အတီးနှင့် ကချေသည်တို့သည် သီဆိုတီးမှုတ် ကခုန်လေတော့၏။ ဘုရင်ကလေးသည် မျှော်စင်ပေါ်၌ ဤသို့ကြည့်ရှုရသည်ကို အလွန်ပျော်သည်။

ကခုန်ခြင်းကိုကြည့်လိုက် မြို့တော်မြင်ကွင်းကို ကြည့်လိုက်ဖြင့် ပျော်ရွှင်နေလေသည်။



ဥယျာဉ်တော် ဝင်းနံရံအပြင်ဘက်တွင် ပြည်သူတို့သည် သီဆိုတီးမှုတ်သံကြားရသဖြင့် အပြေးအလွှား လာကြည့်ကြလေ၏။ သူတို့သည် မျှော်စင်ကို မော့ကြည့်ကြသည်။ သူတို့မျက်နှာဝယ် ထူးဆန်းသည့်အမူအရာများ ပေါ်နေ၏။

အဘယ်ကြောင့်ဆိုသော် ပြည်သူလူထုဆိုသည်မှာ နန်းတော်အသိုင်းအဝိုင်းနှင့် မနီးစပ်သော လူတန်းစားဖြစ်ကြသည် မဟုတ်ပါလား။ နန်းတော်မှ အဆို၊ အတီး၊ အကများကို မကြည့်မြင်ဘူးကြချေ။ ထို့ကြောင့် အသံများကြားရသောအခါ သူတို့ အံ့သြနေကြလေ၏။

ထို့ကြောင် ဥယျာဉ်တော်ဝင်း အပြင်ဘက်တွင် လူများစွာ စုပြုံတိုးဝှေ့နေကြတော့သည်။ ပရိသတ်သည် အလွန်စည်ကားစွာ ရှိနေကြလေ၏။

ဘုရင်ကလေးက ထိုလူများကိုကြည့်၍ ....

"ဝန်ကြီး .... ထိုလူများကား မည်သည့်အရာကို ကြည့်ရှုနေပါသနည်း .... "

ကျုံအန့်ကူက ....

"ဤသူများသည် အရှင့်သား အုပ်ချုပ်နေသော ပြည်သူပြည်သားတို့ ဖြစ်ပါသည် .... သူတို့သည် နန်းတွင်းအဆိုအကများကို မမြင်ဘူးကြချေ .... အဆိုသည်၊ အတီးသည်၊ ကချေသည်များကိုလည်း မမြင်

ဘူးကြချေ .... ထို့ကြောင့် သူတို့သည် အံ့ဩစွာ ဝိုင်းဝန်းကြည့်နေကြခြင်း ဖြစ်ပါသည် .... "

ထို့ကြောင့် ဘုရင်ကလေးသည် ထိုလူများကို အထူးအဆန်း သဖွယ် ကြည့်နေတော့သည်။ ထိုလူများသည် သူတို့ချင်းသာ တိုးဝှေ့နေကြသည်။ အော်ဟစ်ဆူညံခြင်း လုံးဝမရှိကြချေ။ ဤမျှော်စင်ပေါ်၌ ပျော်ပါးစားသောက်နေကြသူတို့မှာ ကျင့်လင်မင်းနှင့် နန်းတွင်းဝန်ကြီးမှူးမတ်များ ဖြစ်သောကြောင့်ပေတည်း။

ထိုလူထုပရိတ်သတ်သည် ကချေသည်များ ကနေသည်ကိုတော့ မမြင်ရချေ။ သီးချင်းသံများကိုသာ ကြားရ၏ ထိုသီးချင်းသံကိုသာ နားထောင်နေကြခြင်း ဖြစ်သည်။

သီဆိုကခုန်မှု ပြီးစီးသွားသောအခါ လူထုပရိတ်သတ်ကြီးသည် အလျှိုလျှိုထွက်ခွာသွားတတ်၏။ ထိုအခါ လူသူတစ်ဦးတစ်ယောက်မျှ မကျန်တော့ပေ။

"ဝန်ကြီး .... ကျုပ် ငှက်ပစ်ရတာလဲ စိတ်မပါတော့ဘူး .... ဒီနေ့တော့ ကျုပ်တို့ကစားနည်း အသစ်အဆန်းတစ်မျိုး ပြောင်းကစားရရင် မကောင်းပေဘူးလား .... "

"ဘယ်လို အသစ်အဆန်းမျိုးများ ပြောင်းကစားချင်ပါသလဲ အရှင် .... "



မင်းလိုလိုက် မင်းကြိုက်ဆောင် ကျူအန်ကူက မေးမြန်းလိုက်လေ၏။

ကျင့်လင်မင်းက ....

"ကျုပ် တစ်စုစဉ်းစားမိသည် .... "

"ပြောပါ အရှင် .... "

"ကျုပ်နှင့်သင် ဝင်းနံရံအပြင်၌ ရပ်နေသော ပြည်သူများကို လောက်လေးနှင့် ပစ်ခတ်လက်တည့်စမ်းရလျှင် .... ကောင်းမည်ထင်သည်"

"ကောင်းပါသည် အရှင် .... "

"ဤသို့ ပစ်ခတ်ရာ၌ အမှတ်များ သတ်မှတ်ထားမည် .... မျက်လုံးကို ထိမှန်အောင် ပစ်ခတ်နိုင်လျှင် ဆယ်မှတ် .... ပါး၊ နားရွက်တို့ကို ထိမှန်အောင် ပစ်ခတ်နိုင်လျှင် ရှစ်မှတ် .... ဦးခေါင်းကို ထိမှန်အောင် ပစ်ခတ်နိုင်လျှင် ငါးမှတ် .... ခန္ဓာကိုယ်ကို ထိမှန်အောင် ပစ်ခတ်နိုင်လျှင် တစ်မှတ် .... သတ်မှတ်ပြီး ပြည်သူများကို ပစ်ခတ်ကြမည် .... နောက်ဆုံးနိုင်သူကို ရှုံးသူက ဂုဏ်ပြုအရက်တစ်ခွက် တိုက်ရမည် .... "

"ကောင်းပါသည် အရှင်ကလေး .... "

ကျူအန်ကူက ချက်ချင်း ခေါင်းညိတ်သဘောတူလေ၏။

ဤသို့ဖြင့် သူတို့သည် နောက်တစ်နေ့နံနက်ကို စောင့်နေကြလေ၏။ မျှော်စင်၌ အဆို၊ အတီး၊ အကများ စသောအခါ ပြည်သူများသည် ဥယျာဉ်တော် ဝင်းနံရံအနီးသို့ တိုးဝှေ့ကပ်လာကြတော့၏။

ကျင့်လင်မင်းက ....

"နေပါစေဦး .... လူများမှ ပစ်ခတ်၍ ကောင်းမည် .... လူနည်းလျှင် ထိချင်မှ ထိမည် .... လူများတော့ မလွဲမသွေ ထိပေမည် ...."

မင်းကလေးနှင့် အပါးတော်မြဲ ဝန်ကြီးတို့သည် ဥယျာဉ်ဝင်းအပြင်၌ လူသူများပြားစေရန် စောင့်ဆိုင်းနေကြလေ၏။

လူစုလူဝေး များပြားလာသောအခါမှ မင်းကလေးနှင့် ကျူအုံ့ကူတို့သည် လောက်ကလေးများကို ကောက်ကိုင်ကြလေတော့သည်။

■■ ◆ ■■



(၅၀)

"ဝန်ကြီး .... သင်လည်း ကြိုက်သည့်လူကိုပစ်၊ ကျွန်ုပ်လည်း ကြိုက်သည့် လူကိုပစ်မည် .... "

မင်းကလေးက ပြောပြော်ဆိုဆို လူအုပ်ကြီးကြားသို့ လောက်ကလေးနှင့် ပစ်ခတ်လေတော့၏။

လူထုပရိသတ်ကြီးမှာ မျက်လုံးထိသူထိ၊ ပါးစပ်ထိသူထိ၊ နှာခေါင်းထိသူထိဖြစ်ပြီး ကြောက်လန့်တကြား ပြေးလွှားကြတော့၏။

လူစုအုပ်ကြီးသည် ဝရုန်းသုန်းကား ဖြစ်သွားသည်။ ဦးခေါင်းထိမှန်၍ နဖူးကွဲသူကွဲ၊ နှာခေါင်းကို ထိမှန်သဖြင့် နှာခေါင်းရိုးကျိုးသူကကျိုး ဖြစ်ကုန်သည်။ လူအုပ်ကြီးသည် လောက်စာလုံးများ အဆက်မပြတ် ကျလာသဖြင့် နောက်သို့ လှည့်မပြေးဘဲ မနေရဲတော့ချေ။

ကစဉ့်ကလျား ထွက်ပြေးကြတော့၏။

ထိုအခါ ကလေးများမှာလည်း ထိတ်လန့်တကြား ပြေးသော လူအုပ်ကြီးတက်နင်းမိသဖြင့် ခြေထောက်ကျိုး လက်ကျိုးဖြစ်ကုန်ပြီး အချို့ကလေးများမှာ သေဆုံးရကုန်သည်။ ကျင့်လင်းမင်းသည် ထိုမြင်ကွင်းကို မျှော်စင်ထက်မှ ကြည့်ပြီး အားရပါးရ ရယ်မောနေတော့၏။ ကျူးအန့်ကူလည်း လက်ညှိုးထိုးပြပြီး ....

"မင်းကလေး .... အရှင်သည် ဟိုမိန်းမကြီး၏ မျက်လုံးကို ထိမှန်အောင် ပစ်နိုင်ပါသည် .... အရှင် ဆယ်မှတ်ရသွားပါပြီ .... ဘယ်ဘက်လူကို ကျွန်တော်မျိုး ပစ်နိုင်သည်မှာ ဦးခေါင်းကို ထိမှန်ပါသည်"

ကျူးအန့်ကူသည် မင်းကလေးက ဆယ့်နှစ်ယောက်ဦးခေါင်းကို ထိမှန်အောင် ပစ်နိုင်၍ ဘယ်နှစ်မှတ်၊ သူက ဘယ်နှစ်ယောက်ဦးခေါင်းကို ထိမှန်အောင် ပစ်နိုင်၍ ဘယ်နှစ်မှတ်ဟူ၍ အနိုင်အရှုံးကို ဆုံးဖြတ်နေပါသည်။

လူအများ ဒုက္ခရောက်သည်ကို ဝန်ကြီးကျူးအန့်ကူသည် မကြည့်ချေ။ မင်းကလေး သဘောမကျအကျသာ ကြည့်နေသည်။

ကျောက်ဟွန်နှင့် ကျင့်လင်မင်းကို စာသင်ကြားပြသသည့် ဆရာသမားဖြစ်သည့် စုတွေတို့သည် ထိုအကြောင်းကို ကြားသဖြင့် မသင့်သော အရာကို လုပ်ရပါမည်လားဟူ၍ ပြောဆိုဆုံးမရန် နောက်



တစ်နေ့နံနက်တွင် နန်းတော်သို့ ဝင်ကြလေ၏။ ကျင့်လင်မင်းအား တွေ့ဆုံရန် ဤသို့ နံနက်စောစောဝင်မှ တွေ့ကြရသည်။ ကျင့်လင်မင်းသည် နေမြင့်သည်နှင့် အပျော်အပါးနှင့်သာ အချိန်ကုန်ပေသည်။

ကျင့်လင်မင်းသည် အတွင်းဆောင်မှ ထွက်တော်မမူသေးချေ။

သူတို့နှစ်ယောက်သည် အပြင်ဆောင်တွင် ရပ်စောင့်နေကြ၏။ အပြင်ဆောင်တွင် ရပ်စောင့်နေစဉ် သူတို့သည် ဟိုကြည့်သည်ကြည့် လျှောက်ကြည့်နေကြလေ၏။ နန်းတွင်းသားနှစ်ဦးသည် ခြင်းတောင်းကြီးတစ်တောင်းကို ထမ်းပိုးနှင့်လျှိုပြီး မနိုင်မနင်းထမ်းလာကြောင်း တွေ့ရှိကြရသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့သည် ထိုခြင်းတောင်းကြီးကို ပြန်ကြည့်လိုက်သောအခါ တောင်းအတွင်းမှ လက်တစ်ဖက်သည် အပြင်သို့ ထွက်ကျနေသည်ကို တွေ့လိုက်ကြရသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြပြန်သည်။

ကျောက်ဟွန်က .... ထိုနန်းတွင်းသားနှစ်ဦးကို လှမ်းခေါ်လိုက်၏။

"လာကြပါဦး .... အမောင်တို့ .... "

နန်းတွင်းသားနှစ်ဦးသည် ခြင်းတောင်းကြီးကို မနိုင်မနင်းထမ်း၍ လာလေ၏။

ကျောက်ဟွန်နှင့် စုတွေတို့ ရှေ့သို့ရောက်သော ခြင်း တောင်းကြီးကို အောက်သို့ ချလိုက်ကြ၏။

"ဤခြင်းတောင်းထဲတွင် ဘာပါပါသနည်း .... "

နန်းတွင်းသားတစ်ဦးက ခြင်းတောင်းကို ဖွင့်ပြလိုက်သည်။ ခြင်းတောင်းကြီးထဲတွင် အမျိုးသားတစ်ဦး၏အလောင်းကို တွေ့မြင်ရ၏။

■■◆■■



ကျောက်ဟွန်သည် မျက်နှာပျက်သွား၏။

"သည်လူသည် မည်သူဖြစ်သနည်း .... မည်သူက သည်လူကို ရက်ရက်စက်စက် ခုတ်ပိုင်းသတ်ဖြတ်လေသနည်း .... "

ထိုအခါ နန်းတွင်းသားတစ်ဦးက ဖြေသည်။

"ဤသူမှာ တခြားသူမဟုတ်ပါ .... စားဖိုမှူးကြီး လောင်အော့ ဖြစ်ပါသည် .... မင်းကလေးအတွက် ချက်ပြုတ်သော ဝက်ဝံလက်ဝါး ဟင်းလျာ မနူးနပ်သဖြင့် မင်းကလေးစိတ်ဆိုးကာ စားဖိုမှူးကြီးအား ဖမ်းဆီးသတ်ဖြတ်စေခြင်း ဖြစ်ပါသည် .... "

ကျောက်ဟွန်သည် သက်ပြင်းချပြီး စုတွေအား ပြောကြားလေ၏။

"ကဲ .... သင်၏တပည့် မည်သို့ပြုမူတတ်သည်ကို သိပြီမဟုတ်ပါလော .... "

စုတွေက အံ့သြစွာ ပြော၏။

"သူသည် ငယ်စဉ်အခါက နူးညံ့ပါသည် .... ဤသို့ရက်စက်ကြမ်းကြုတ်သည့် စိတ်ထားမျိုး မရှိပါ .... ယခုလုပ်ရပ်က ရက်စက်လှပေသည် .... "

"သူသည် ဘုရင်ဖြစ်သွားပြီ မဟုတ်ပါလား .... အာဏာကို မည်သို့ သုံးစွဲရမည်ကို သူသိသွားလေပြီ .... လူတစ်ယောက်အသက်အား မြက်တစ်ပင်အလားနှယ် သတ်မှတ်ခဲ့လေပြီ .... သူ့စိတ်နှင့်မတွေ့တိုင်း သတ်ဖြတ်ပေတော့မည် .... လူ့အသက်ကို တန်ဖိုးထားတတ်တော့မည် မဟုတ်ချေ .... "

"ဘုရင်ဖြစ်နေသဖြင့် လူ့အသက်ကို ပို၍ တန်ဖိုးထားသင့်ကြောင်း သူ့ကို ကျွန်ုပ်ပြောပြရမည် .... "

"သင်ဆုံးမလျှင် ရနိုင်စရာအကြောင်း ရှိပါသည် .... သင်၏တပည့်များကို ကိုင်တွယ်ရာ၌ ထက်မြက်သည့် ဆရာဖြစ်သည်ဟု ကျွန်ုပ်ကြားသိပြီးပြီ .... "

"ကျွန်ုပ် အတွင်းဆောင်သို့ ဝင်ပါမည် .... ဘုရင်ကလေးအား ဖျောင်းဖျပါမည် .... ဆိုဆုံးမပါမည် .... ကျွန်ုပ် ဖျောင်းဖျဆိုဆုံးမ၍



မရသော် သင်က ထပ်မံပြောကြားဆုံးမပါ .... "

စုတွေသည် ဘုရင်ကလေးအား တွေ့ဆုံရန် အတွင်းဆောင်သို့ ဝင်သွား၏။

ကျောက်ဟွန်မှာ ပြင်ပခန်းမဆောင်တွင်သာ နေခဲ့ပေသည်။

ကျင့်လင်မင်းသည် စုတွေအား တွေ့မြင်သည်နှင့် ကြိုဆိုနှုတ်ဆက်လေ၏။

"မပြောပါနှင့်တော့ ဆရာ .... ကျွန်ုပ် သိပြီးပါပြီ .... နောင်ကို ဤသို့ မဖြစ်စေရပါ .... "

စုတွေသည် ထပ်မံမပြောသာတော့ပေ။

မင်းကလေးသည် အရွယ်ကြီးပြင်းလာပြီဖြစ်၍ ခုနစ်နှစ်သားအရွယ်ကလို ဆိုမြည်ငေါက်ငမ်း၍ မရတော့ပါ။

"မင်းကလေး လိမ္မာရန် ငါလာသည် .... မင်းကလေးက သိပြီဆို၍ ငါဘာမျှ မပြောလိုတော့ပေ .... နောင်ကို ဤသို့ ရက်စက်ကြမ်းတမ်းသော အပြုအမူမျိုး မပြုမူလျှင် မင်းကလေးဆီသို့ လာဖို့မလိုတော့ပါ .... "

စုတွေသည် ထိုမျှသာပြောပြီး ခန်းမဆောင်ပြင်ပ၌ စောင့်နေသော ကျောက်ဟွန်ရှိရာသို့ သွားလေ၏။

ကျောက်ဟွန်က ....

"သင် မင်းကလေးကို တွေ့ခွင့်ရခဲ့ပါ၏လော .... "

"တွေ့ပါတယ် .... ကျွန်ုပ် မပြောရသေးမီ သူက ကျွန်ုပ်ပြောမည့် အကြောင်းအရာကိုပင် ကြိုတင်သိနှင့်နေသည် .... နောင် မပြုလုပ်တော့ပါဘူးဟု ကတိပေးပါသည် .... "

"ကတိတည်လျှင် ကောင်းပါသည် .... ကတိမတည်လျှင် ဤတိုင်းပြည်သည် ငါးပါးသာမက သံဃာစင်ပါ မှောက်လိမ့်မည် ...."

ကျောက်ဟွန်နှင့် စုတွေတို့သည် နန်းတော်မှ ထွက်ခွာသွားကြလေ၏။

■■ ◆ ■■



## (၅၂)

### အသက်ချင်းလဲသူ

ဘုရင်ကလေး ညီလာခံမတတ်သည်မှာ ရက်သတ္တတစ်ပတ်ခန့် ရှိလေပြီ။ ကျင့်လင်မင်းကလေး ညီလာခံမတက်သော်လည်း ဥယျာဉ်တော်သို့ကား သွားနေလေ၏။

ကျောက်ဟွန်သည် ဥယျာဉ်တော်သို့ လိုက်သွားပြီး ဥယျာဉ်တံခါးဝ၌ စောင့်နေလေ၏။

ကျင့်လင်မင်း ဥယျာဉ်တော်သို့ ဝင်သောအခါ ဥယျာဉ်အဝင်ဝ၌ ဒူးထောက်ခစားနေသော ကျောက်ဟွန်ကို တွေ့ရလေ၏။

ကျင့်လင်မင်းကလေးသည် မျက်နှာတော် မရွှင်မပျ ဖြစ်သွားလေ၏။

"အထူးကိစ္စရှိပါသလော .... ဘာဘ .... "

ကျောက်ဟွန်က လျှောက်ထားသည်။

"အရှင် မင်းကလေး ပျော်ပါးကစားနေသည်ကို ဆင်ခြင်သင့်ပါသည် .... ကျွန်တော်မျိုး ကြားရသည့်သတင်းမှာ မကောင်းပါ .... အရှင်မင်းကလေးသည် ပြည်သူများကို လှောက်ကလေးနှင့် ပစ်ကစားသည်ဟု ကြားသိရပါသည် .... ပြည်သူများ များစွာ ထိခိုက်ဒဏ်ရာ ရရှိကြပါသည် .... တိုင်းပြည်အုပ်စိုးသော ဘုရင်ဆိုသည်မှာ တိုင်းသူပြည်သားကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင်ရပါသည် .... အရှင်မင်းကလေးက သူတို့အား ဒဏ်ရာအနာတရ ရအောင် သေကျေအောင် မလုပ်သင့်ပါ .... "

မင်းကလေးသည် ပြန်မပြောသော်လည်း မျက်နှာမှာ ညိုသွားပါသည်။ သူသည် ကျောက်ဟွန်အား ကြောက်ရွံ့ခဲ့သည့် အရှိန်ရှိခဲ့သည် မဟုတ်ပါလော။

ကျောက်ဟွန်က ဆက်၍ပြော၏။

"စားဖိုမှူးသည် ဟင်းအနူးအနပ်ကို သူ့စိတ်အထင်နှင့်သာ စီမံချက်ပြုတ်ရပါသည် .... သူသည် နူးသည်ဟု ထင်သည့်ဟင်းကို အရှင်မင်းကလေးက မနူးဟု ထင်ကောင်းထင်နိုင်ပါသည် .... သူက မနူးဟု ယူဆသည့်ဟင်းကိုလည်း အရှင်မင်းကလေးက နူးသည်ဟု ယူဆ



ကောင်း ယူဆနိုင်ပါသည် .... ဤသည်မှာ တစ်ကိုယ်စိတ်တစ်မျိုးဟု ပြော၍ရပါသည် .... အရှင်မင်းကလေးက မနူးဟုယူဆလျှင် နူးအောင် ပြန်ချက်နိုင်းလျှင် ရပါသည် .... လူတစ်ယောက်၏အသက်ကို တန်ဖိုးထားရပါမည် .... အရှင်မင်းကလေး စိတ်မကျေနပ်တိုင်း ဤသို့ လူများကို သတ်ပစ်မည်ဆိုပါက ဤတိုင်းပြည်တွင် လူရှိတော့မည် မဟုတ်ပါ၊ ဤအပြုအမူများကို အရှင်မင်းကလေး ပြုပြင်သင့်ပါသည် .... မပြုပြင်လျှင် တစ်နေ့ .... "

ကျောက်ဟွန်သည် စကားကို မဆက်တော့ဘဲ ဤနေရာတွင် ရပ်တန့်သွားသည်။ သူသည် ဆက်ပြောလိုသည်မှာ မင်းကလေးသည် ဤအပြုအမူများကို မပြင်လျှင် တစ်နေ့တိုင်းပြည်ပျက်လိမ့်မည်ဟု ဆိုလိုရင်း ဖြစ်သည်။

ကျင့်လင်မင်းက ဘာမျှ မပြောချေ။ ကျင့်လင်မင်းထံမှ မည်သည့်အသံမျှ မကြားရသဖြင့် ကျောက်ဟွန်က ဆက်ပြောလေသည်။

"ယနေ့သည် ညီလာခံကျင်းပသောနေ့ ဖြစ်ပါသည် .... အရှင်မင်းကလေး ညီလာခံ မတက်သည်မှာ ရက်သတ္တတစ်ပတ်ရှိပါပြီ .... အရှင် မင်းကလေး ညီလာခံတက်ရန် ကျွန်တော်မျိုးနဲ့အတူ နန်းတော်သို့ ပြန်လိုက်ခဲ့စေလိုပါသည် .... "

ကျင့်လင်မင်းကလေးက ကျောက်ဟွန်ကို မကြည့်ဘဲပြော

သည်။

"ဤနေ့ ညီလာခံကို ဘာဘတို့ပဲ ကျင်းပလိုက်ကြပါ .... နောက်တစ်ကြိမ် ညီလာခံကျမှ ကျွန်ုပ်တက်ရောက်ပါမည် .... ယခု ကျွန်ုပ်မှာ ဥယျာဉ်တော်အဝသို့ပင် ရောက်နေပြီဖြစ်၍ ပြန်မလိုက်လိုတော့ပါ"

ကျောက်ဟွန်သည် စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"အရှင်မင်းကလေးသည် ကစားပျော်ပါးရန်သာ အဓိကထားချေသည် .... တိုင်းပြည်အုပ်ချုပ်ရန်မှာ ပျော်ပါးကစားနေ၍ မရပါ .... ညီလာခံ၌ တိုင်းပြည်ရေးရာ ကိစ္စအဝဝ တင်ပြကြပါသည် .... ထိုကိစ္စများကို အရှင်မင်းကလေး သိရှိရန် လိုအပ်ပါသည် .... "

"ကျွန်ုပ်သည် ဤနေ့နောက်ဆုံးနေ့အဖြစ် ကစားတော့မည် .... နောက်တွင် လုံးဝ လာမကစားတော့ပါ .... "

ကျင့်လင်မင်းကလေးက ဤသို့ ကတိပေးလေသည်။

ကျောက်ဟွန်သည် မင်းကလေးအား ခေါ်မရတော့ပြီ ဖြစ်၍ တစ်ယောက်တည်း ထပြန်ရတော့သည်။

မြင်းရထားပေါ်တွင် အပါးတော်မြဲဝန်ကြီး ကျူအန့်ကူ ရှိပါသည်။ ကျူအန့်ကူသည် ကျောက်ဟွန်အား ကျော်၍မရသဖြင့် မင်းကလေးကိုသာ မြှောက်ထိုးပင့်ကော်လုပ်ပြီး ကျောက်ဟွန်အား ကျော်တက်ရန် ပြုလုပ်နေရသည်။



ကျင့်လင်မင်းကလေးနှင့် ကျူအန့်ကူတို့သည် ဥယျာဉ်တော်ထဲသို့ ဝင်လာကြလေသည်။

ကျူအန့်ကူက သက်ပြင်းချပြီး ပြောလိုက်သည်။

"ဟင် .... ဤအတိုင်းဆိုလျှင် ဥယျာဉ်တော်သို့ လာကစားရသည်မှာ ဤနေ့နောက်ဆုံးနေ့ ဖြစ်ချေတော့မည် .... မနက်ဖြန်ဆိုလျှင် အရှင်မင်းကလေးသည် နန်းတော်အတွင်း ကြက်ကလေး ငှက်ကလေးသဖွယ် အလှောင်ခံရတော့မည် .... အရှင်သည် နန်းရင်းဝန်ကြီး၏ ဆိုဆုံးမသည့်စကားများကို နားငြီးအောင် ကြားရတော့မည်၊ မင်းကျင့်တရား ဆယ်ပါး၊ တိုင်းသူပြည်သားများ လိုက်နာရမည့် နီတိ၊ တိုင်းပြည်အုပ်ချုပ်ရမည့် တရားဓမ္မ စသည်များကို အဖန်တလဲလဲ ပြောဆိုပေတော့မည် .... "

ကျင့်လင်မင်းကလေးမှာ ငိုတော့မည်ကဲ့သို့ ဖြစ်လာလေ၏။

III ◆ III

(၃၃)

"အပါးတော်မြကြီး ကြံစမ်းပါဦး .... ဤလို နန်းတော်ထဲ၌ ကြက်ကလေး၊ ငှက်ကလေး အလှောင်ခံရသကဲ့သို့ မနေနိုင် .... ကျွန်ုပ် ပျင်းပြီး သေရပါလိမ့်မည် .... ကျွန်ုပ်သည် ဥယျာဉ်တော်ထဲ၌ ပျော်ပျော်ပါးပါး ကစားသလို ကစားရမှ နေသာထိုင်သာ ရှိပေမည် .... "

ကျူအန့်သည် ရေတော်တုန်း ရေတွင်းထဲကျလေသည်။ သူသည် နန်းရင်းဝန်ကြီး ကျောက်ဟွန့်အား ရှင်းလင်းပစ်လိုနေသည်။ သို့မှသာ ဘုရင်ကလေးကို လက်ကိုင်ထားပြီး သူ့သြဇာအာဏာ တက်လာမည် မဟုတ်ပါလား။

ကျူအန့်ကူက ရယ်မောရင်း ....

"မပူပါနဲ့အရှင်ကလေး၊ကျွန်တော်မျိုးအကြံတစ်ခုရှိထားပါသည်"



ကျင့်လင်မင်းသည် ဝမ်းသာအားရ ဖြစ်သွားသည်။

"အပါးတော်မြကြီး တော်ပေသည် .... သင့်အကြံအစည်ကို ကျွန်ုပ် ကြားလိုလှသည် .... "

"ကျွန်တော်မျိုး၏ အိမ်ဂေဟာတွင် အင်အားဗလနဲ့ ပြည့်စုံပြီး အသတ်အပုတ် ကျွမ်းကျင်သော ကျွန်တစ်ယောက် ရှိပါသည် .... ထိုသူ၏နာမည်မှာ ကျူဏီဖြစ်ပါသည် .... သူ့အား ကျွန်တော်မျိုးက သေဆိုလျှင် သေပါသည်အရှင် .... ရှင်ဆိုလျှင် ရှင်ပါသည်အရှင် .... ကျွန်တော်မျိုး စေခိုင်းသည့် မည်သည့်အလုပ်ကိုမဆို လုပ်ပါသည် .... သူ့အား လွှတ်၍ ကျောက်ဟွန့်ကို လုပ်ကြံသတ်ဖြတ်လိုက်လျှင် နောင်ကို အရှင့်သား ကိုယ်စိတ်ချမ်းသာ နေနိုင်ပြီမဟုတ်ပါလော .... "

မင်းကလေးက လက်ခုပ်လက်ဝါးတီး၍ ပြောလေ၏။

"သင့်နည်းလမ်း အလွန်ကောင်းသည် .... သင့်အကြံအတိုင်း ဖြစ်မြောက်အောင်မြင်အောင် လုပ်ပါလော့ .... "

ကျင့်လင်မင်းမှာ ဝမ်းသာအားရ ဖြစ်နေတော့သည်။

ထိုညတွင် ကျူအန့်ကူသည် သူ့ကျွန် ကျူဏီအား တာဝန်ပေး၍ စေလွှတ်လိုက်သည်။

"သင်သည် နန်းရင်းဝန်ကြီး ကျောက်ဟွန့်အား သတ်ဖြတ်လုပ်ကြံရချေမည် .... လုပ်ကြံနိုင်ပါမည်လော .... "

ကျူဏီက ....

"ကျွန်တော်မျိုး မလုပ်ကြံနိုင်သည့်အရာ မရှိပါ အရှင် ...."

"ကောင်းပြီ .... သင်သည် ဤနေ့ညပင် သွားရောက်လုပ်ကြံလော့ .... အသေလိုချင်သည် .... ဒဏ်ရာရခြင်းကို အလိုမရှိချေ ... သင်၏အစွမ်းသတ္တိကို ပြပါလေလော့ ...."

"စိတ်ချပါ အရှင် .... ကျွန်တော်မျိုး ဆောင်ရွက်ပါမည် ...."

ကျူအန်ကူသည် ကျူဏီအား စေလွှတ်လိုက်တော့၏။

ကျူဏီသည် နန်းရင်းဝန်ကြီး ကျောက်ဟွန့်အိမ်သို့ သွားလေ၏။ ကျောက်ဟွန်သည် ဝါးငါးချက်ခေါက်သည့် အချိန်တိုင်း အိပ်ရာထလေသည်။ ကျူဏီအား ညကတည်းက လွှတ်လိုက်သော်လည်း ကျူဏီအနေဖြင့် ကြိုက်သည့်အချိန် သတ်နိုင်သည်။ ကျောက်ဟွန်ညီလာခံ မတက်မီ လုပ်ကြံသတ်ဖြတ်လျှင် ကျူဏီအလုပ်ပြီးပေပြီ။

ကျူဏီလည်း နန်းရင်းဝန်ကြီး၏အိမ်ဂေဟာ ခြံဝင်းအတွင်းသို့ ဝင်၍ သစ်ပင်တစ်ပင်ထက်တွင် ပုန်းအောင်းနေလေတော့၏။ ကျူဏီသည် တစ်ညလုံး ချောင်းမြောင်းနေသည်။ သူသည် ကျောက်ဟွန်အား တစ်ယောက်တည်း မတွေ့ရချေ။

ဤသို့ဖြင့် အချည်းအနှီးအချိန်များ ကုန်ဆုံးသွားခဲ့ရသည်။ ကျူဏီလည်း သစ်ပင်ထက်တွင်သာ ပုန်းခိုနေရပေသည်။



ဤသို့ဖြင့် ဝါးလေးချက်ခေါက်သောအချိန်သို့ ရောက်ရှိလာလေ၏။ ကျောက်ဟွန်၏အိမ်မှ အမှုထမ်းများသည် နိုးလာကြလေပြီ။ ကိုယ့်တာဝန်အသီးသီး လုပ်ဆောင်ရန် ပြင်ဆင်ကြ၏။ မြင်းရထားသမားကလည်း မြင်းနှင့်လှည်းကို ပြင်ဆင်သည်။ မီးဖိုချောင် အလုပ်သမားများကလည်း မီးဖိုချောင်တွင်းသို့ ဝင်ကြသည်။ မီးမွှေးကြသည်။ ရေနွေးအိုး တည်ကြသည်။ ချက်ပြုတ်ရန် ပြင်ဆင်ကြသည်။

ကျူဏီလည်း ဤအတိုင်းနေ၍ မဖြစ်တော့ချေ။ သူ မလှုပ်ရှားလျှင် ကျောက်ဟွန်အား တွေ့ရတော့မည် မဟုတ်ချေ။ ကျောက်ဟွန် နံနက် ညီလာခံတက်သွားနိုင်လျှင် သူ့တာဝန် မအောင်မြင်တော့ကြောင်း သခင်ကြီး ကျူအန်ကူ သိရှိသွားပေလိမ့်မည်။ ဤသို့သော အဖြစ်မခံနိုင်ပေ။

သူသည် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်၏။ သူသည် ကျောက်ဟွန်၏အိမ်ဂေဟာအတွင်းသို့ ဝင်လိုက်သည်။ အိမ်ဂေဟာမှာ ရိုးရိုးပင်။ ပရိဘောဂများလည်း ထူးထူးခြားခြား မရှိပေ။ ဝန်ကြီးတစ်ယောက်၏ အိမ်ဂေဟာနှင့် လားလားမျှ မတူပေ။ သာမန်လက်လုပ်လက်စား အိမ်ကဲ့သို့ ရှိလေသည်။

ထိုအချိန်တွင် ဝါးငါးချက် ခေါက်လေ၏။ ကျောက်ဟွန်သည် နိုးလာလေ၏။ သူသည် ကိုယ်လက်သန့်စင်ပြီးသော် အဝတ်အစားများ

ကို လဲလှယ်လေ၏။ သူ ပထမ ဝတ်ဆင်ထားသော အင်္ကျီမှာ ဖျင်ကြမ်း အင်္ကျီ ဖြစ်လေ၏။

ကျူဏီသည် သူ့သခင်ဖြစ်သော ဝန်ကြီးကျူအန်ကူနှင့် နှိုင်းယှဉ်ကြည့်၏။

ကျူအန်ကူသည် ပေါင်းသင်းဆက်ဆံရေး၌ ပလွှားထောင်လွှားသည်။ အိမ်တော်အမှုထမ်းများကိုလည်း နှိမ့်ချဆက်ဆံသည်။

သူ၏အိမ်ဂေဟာမှာ နန်းတော်တမျှ ကောင်းမွန်လှ၏။ ပရိဘောဂများမှာလည်း ဖိတ်ဖိတ်လက်နေ၏။

ကျူဏီသည် အရာနှစ်ခုကို နှိုင်းယှဉ်ကြည့်မိသည်နှင့် ကျောက်ဟွန်၏ ရိုးရိုးကျင့် မြင့်မြင့်ကြံဟူသော အကျင့်ကို သိရှိသွားလေ၏။

"ကျောက်ဟွန်သည် ဝန်ကြီးများ၏အချုပ် နန်းရင်းဝန်ကြီး ဖြစ်နေသော်လည်း စည်းစိမ်ချမ်းသာ မခံစားဘဲ ရိုးရိုးမင်းမှုထမ်းတစ်ဦးကဲ့သို့ နေနေကြောင်း ကျူဏီ တွေ့ရှိရသည်။

"ဤကဲ့သို့ မြင့်မြတ်သည့် ပုဂ္ဂိုလ်ကို ငါမည်ကဲ့သို့ သတ်ဖြတ်သင့်ပါမည်နည်း .... "

ကျူဏီသည် တစ်မျိုးတစ်ဖုံ တွေးမိပြန်လေ၏။

"ကျောက်ဟွန်အား မသတ်ဘဲ ငါ မည်ကဲ့သို့ အိမ်ပြန်မည်နည်း"

သူသည် အတွေးနှစ်ခုဖြင့် လုံးချာလိုက်လေသည်။ ကျောက်ဟွန်အား သတ်သင့်မသတ်သင့် တွေးနေရသဖြင့် နဖူးမှ ချွေးသီးချွေးပေါက်ကြီးများ ကျလာလေ၏။



နောက်ဆုံးတွင် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်သည်။ သူ့ဆုံးဖြတ်ချက်သည် မှန်မြတ်ပါသည်။ သူသည် ကျောက်ဟွန်ကြားအောင် လှမ်းအော်လိုက်၏။

"နန်းရင်ဝန်ကြီး .... နားထောင်ပါ .... သင့်ကို သတ်ဖြတ်လုပ်ကြံရန် ကျွန်တော် လာခဲ့သည် .... ကျွန်တော် မလာ၍လည်း မဖြစ်ပါ။ ကျွန်တော်သည် တစ်ပါးကျွန် ဖြစ်နေပါသည် .... ကျွန်တော့်အရှင်သခင် စေခိုင်းသည့်အတိုင်း ကျွန်တော်လာရပါသည် .... သို့သော် သင့်လို ပုဂ္ဂိုလ်မျိုးကို ကျွန်တော် မသတ်လိုပါ .... ကျွန်တော်သာ အသေခံ၍ တာဝန်ကို ရှောင်လွှဲလိုက်ပါမည် .... "

ကျူဏီသည် ထိုသို့ အော်ဟစ်ပြောကြားလိုက်၏။

ကျောက်ဟွန်သည် ရုတ်တရက် ကြောင်သွားလေ၏။ နောက်မှ သဘောပေါက်သွားသည်။

ကျူဏီသည် ထိုသို့ အော်ဟစ်ပြောဆိုပြီးနောက် ကျောက်ဟွန်အား သတ်ရန် ဆောင်ခဲ့သော ဓားဖြင့် သူ့ဝမ်းဗိုက်သို့ ထိုးလိုက်၏။ ထို့နောက် သစ်ပင်ကြီးတစ်ပင်သို့ ပြေးသွားပြီး ဦးခေါင်းနှင့် တိုက်လိုက်လေ၏။

ကျူကီ၏ ဦးခေါင်းသည် ကွဲထွက်သွားပြီး ဦးနှောက်များထွက်ကာ သေဆုံးသွားလေ၏။ ကျောက်ဟွန်သည် အော်ဟစ်ပြောဆိုသံကို နားလည်သဘောပေါက်ပြီးသည်နှင့် ပြေးထွက်လာရာ လဲကျသေဆုံးနေသော ကျူကီ၏အလောင်းကို တွေ့ကြရလေ၏။

သူသည် ကျူကီကို အသေအချာ စစ်ဆေးကြည့်သည်။ မည်သူမှန်း သူမသိပေ။ မည်သူမည်ဝါမှန်းသိလျှင် အရှင်သခင်ကို သိပေမည်၊ အရှင်သခင်ကိုသိလျှင် မည်သူ သတ်နိုင်းမည်ကို သိပြီမဟုတ်ပါလော၊ သို့သော် ယခု ဘဲဥအစရှာမရကဲ့သို့ ခြေရာလည်းပျောက် ရေလည်းနောက်နေလေပြီ။

"အင်း .... သူ့ကို မသိရတော့ သူ့သခင်ကိုလည်း မသိရတော့ဘူးပေါ့ .... ငါ့ကို သေစေချင်တဲ့လူ ရှိနေပြီ .... ငါဟာ နန်းတော်နဲ့ အိမ်ဂေဟာပဲ အချိန်ကုန်နေရတာပဲ .... ငါ့ကို သေစေချင်တဲ့သူဟာ နန်းတော်ထဲကပဲ ဖြစ်ရမယ် .... ဘယ်သူဖြစ်နိုင်သလဲ .... "

ကျောက်ဟွန်သည် ဦးခေါင်းကွဲမတတ် စဉ်းစားသော်လည်း သူ့အား သေစေချင်သူကို စဉ်းစား၍ မရပေ။ သူသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး အိမ်တော်အမှုထမ်းများကို ခေါ်လိုက်သည်။

အိမ်တော်သား အမှုထမ်းများ ရောက်လာသောအခါ ကျူကီ၏အလောင်းကို လက်ညှိုးညွှန်ပြပြီး ....



"သူဟာ ငါ့ကို သတ်ဖို့လာတဲ့လူပါ .... ငါ့ကို မသတ်လိုက်လို့ သူ့ကိုယ်သူ သတ်သေသွားပြီလို့ ငါ့အသက်ကို သူ့အသက်နဲ့ လဲလိုက်တာပဲ .... သူ့ကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်လိုက်ကြပါ .... "

သူသည် ဤသို့ စေခိုင်းပြီး သူ့အိမ်ဂေဟာအတွင်းသို့ ပြန်ဝင်သွားလေ၏။

။ ◆ ။

## (၁၄)

## သေဘောမှလက်မတင် လွှတ်မြောက်ခြင်း

ကျင့်လင်မင်းကလေးသည် ယနေ့ ညီလာခံသို့ တက်ရောက်လာသဖြင့် ဝန်ကြီးများသည် တီးတိုးတီးတိုးနှင့် စကားပြောဆိုနေကြသည်။ ကျင့်လင်မင်းကလေး ညီလာခံမတက်ရသည်မှာ ကြာပြီမဟုတ်ပါလော။

အပါးတော်မြဲဝန်ကြီး ကျူးအန့်ကူသည် ဘုရင်ကလေးအနီး၌ ကပ်ထိုင်နေလေ၏။

သူသည် ဘုရင်ကလေးအနီးသို့ ကပ်ပြီး တီးတိုး လျှောက်ထားလေသည်။

"အရှင်မင်းမြတ် .... ဤနေ့တွင် ကျောက်ဟွန်လာနိုင်တော့



မည် မဟုတ်ချေ .... သူ့အား ခေါ်လိုလျှင် သချိုင်းကို သွားခေါ်မှ ရပေမည် .... "

ဘုရင်ကလေးသည် ကျိတ်၍ ပြုံးလေ၏။

သို့သော် တကယ်ညီလာခံတက်ချိန် ရောက်သောအခါမှ ကျောက်ဟွန် တက်ရောက်လာသဖြင့် ကျင့်လင်ဘုရင်ကလေးနှင့် ကျူးအန့်ကူတို့မှာ မျက်လုံးများ ပြူးသွားကြလေတော့၏။ သူတို့သည် သရဲတစ္ဆေ တွေ့သည့်အလား အံ့သြသွားကြ၏။

ကျောက်ဟွန်သည် သူ့ကို လုပ်ကြံရန်စေခိုင်းသူမှာ ဘုရင်ကလေးနှင့် ကျူးအန့်ကူဟု လုံးဝမထင်သဖြင့် သူတို့၏ အမူအရာများကို ဆန်းစစ်မနေမိပေ။

အနည်းငယ် သံသယဝင်သည်နှင့် ယခု သူတို့ နှစ်ဦး အမူအရာ ပျက်သည်ကို ဆက်စပ်တွေးတောနိုင်ပေသည်။

ကျောက်ဟွန်အား လုပ်ကြံရန် လာသူ ကျူးဇီကလည်း မည်သူက စေခိုင်းလိုက်ကြောင်း ထုတ်ဖော်ပြောမသွားချေ။ ထို့ကြောင့် ကျောက်ဟွန်သည် အသတ်ခိုင်းသူများအား မသိလိုက်ချေ။

ညီလာခံမှာ ထုံးစံအတိုင်း ပြုလုပ်ပြီးနောက် ပြီးစီးသွားလေ၏။ ထူးခြားချက် မရှိခဲ့ပေ။

ဘုရင်ကလေးနှင့် ကျူးအန့်ကူသည် အတော်ကလေး ဦးနှောက်

ခြောက်သွားကြလေ၏။

ကျူအန့်ကူထံသို့ ကျူဏီပြန်မရောက်ခဲ့သဖြင့် ကျူဏီအား ကျောက်ဟွန်၏ အစောင့်အမှုထမ်းများက သတ်ဖြတ်ပစ်လိုက်သည်လား မဆိုနိုင်ပေ။ ကျူအန့်ကူက တွေးတော၏။

ဤကိစ္စ ဤအတိုင်းထား၍ မဖြစ်ချေ။

ကျူဏီ မည်သို့ ဖြစ်ပျက်သည်ကို စုံစမ်းရချေမည်။ နန်းရင်းဝန်ကြီး၏ အိမ်အနီးပတ်ဝန်းကျင်၌ စုံစမ်းရမည်။

ကျူအန့်ကူသည် သူ့လူများကို ရုပ်ဖျက်စေလွှတ်ပြီး ကျောက်ဟွန်၏ အိမ်ဂေဟာအနီးသို့သွားကာ စုံစမ်းစေလေ၏။

မကြာမီ ....

စုံစမ်းပြီးနောက် သူ့လူများ ပြန်ရောက်လာ၏။

သူ့လူများက ဤသို့ ပြန်ပြောပြကြ၏။

"သခင်ကြီး .... ကျူဏီသည် နန်းရင်းဝန်ကြီးအိမ်သို့ ရောက်ရှိပါသည် .... နန်းရင်းဝန်ကြီး၏အိမ်တော်သားများက ဖမ်းဆီးသတ်ဖြတ်ခြင်းမဟုတ်ပါ .... ကျူဏီက နန်းရင်းဝန်ကြီးအား မသတ်လိုပါ .... ထို့ကြောင့် သူ့ကိုယ်သူ သတ်သေပါမည်ဟု ပြောဆိုပြီး သူ့ကိုယ်သူ သတ်သေသွားခြင်း ဖြစ်ပါသည် .... ဤသတင်းမှာ .... နန်းရင်းဝန်ကြီး၏ အိမ်အနီး ပတ်ဝန်းကျင်မှ ပြောကြားသောစကား ဖြစ်ပါသည်...."



သူ့လူများ၏ စကားများကို ကြားသောအခါ ကျူအန့်ကူသည် စဉ်းစားရတော့၏။

ကျူဏီသည် သူတစ်သက်လုံး မွေးထားသော ကျွန် ဖြစ်သည်။ ယခု .... အဘယ်ကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသနည်း။ ကျူအန့်ကူသည် စဉ်းစား၍ မရတော့ချေ။

ကျူအန့်ကူသည် စဉ်းစား၍မရသည့်အဆုံး နန်းတော်သို့ ဝင်လေတော့သည်။

သူ၏အပါးတော်မြဲဝန်ကြီးမှာ တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ရလေသည်။ ကျူအန့်ကူသည် ဘုရင်ကလေးအား တွေ့ဆုံပြီး ကြားခဲ့ရသည့် သတင်းစကားကို ပြောကြားလေတော့၏။

ဘုရင်ကလေးက သက်ပြင်းချသည်။

"ကျူဏီ အဘယ်ကြောင့် စိတ်ပြောင်းသွားသနည်း .... "

"ကျွန်တော်မျိုး မသိပါ, အရှင်ကလေး .... "

"ကျူဏီ စိတ်ပြောင်းသွားသည်မှာ အရေးမကြီး .... ကျောက်ဟွန် မသေသည်က အရေးကြီးသည် .... တစ်နည်းတစ်ဖုံကြံပါဦး အပါးတော်ကြီး .... "

"မပူပါနှင့် အရှင်မင်းကလေး .... ကျွန်တော်မျိုး တစ်မျိုးတစ်ဖုံ ကြံနိုင်ပါသည် .... "

"သင့်အကြံကို ကျွန်ုပ်အား ပြောပြပါဘိ .... "

"ကျွန်တော်မျိုးတွင် အမဲလိုက်ခွေးကြီးတစ်ကောင် ရှိပါသည် ဤခွေးကြီးမှာ အလွန်ရိုင်းစိုင်းသည့် ခွေးကြီးဖြစ်ပါသည် .... ကျွန်တော် မျိုးသည် ဤခွေးကြီးအား သားစိမ်း ငါးစိမ်းများ ကျွေးမွေးထားသဖြင့် ဤခွေးကြီးသည် လူစိမ်းမြင်သည်နှင့် ကိုက်ချင်ခဲချင် ဖြစ်နေပါတော့ သည် .... ဤခွေးကြီးဖြင့် ကျောက်ဟွန်အား သုတ်သင်မည်ဟု ကျွန် တော်မျိုး ကြံစည်ပါမည် .... "

ဘုရင်ကလေးက နားမလည်သဖြင့် မေးသည်။

"ခွေးကြီးကို လွှတ်လိုက်သည်နှင့် ခွေးကြီးက ကျောက်ဟွန် ကို ကိုက်သတ်မည်လော .... အမိန့်ပေးရှုတိုက်၍ အကိုက်ခိုင်းလျှင် ကျွန်ုပ်တို့အဖို့ မကောင်းတော့ချေ .... ကျွန်ုပ်ကို အခြားဝန်ကြီး မှူးမတ် များက ရှုတ်ချပြောဆိုကြလိမ့်မည် .... "

ဘုရင်ကလေးသည် အခြားသူများက မကောင်းထင်မည်ကို တော့ သိသည်။ ကျူအန်ကူက ရှင်းပြလေ၏။

"ခွေးကြီးကို ရှုတိုက်အမိန့်ပေးရန် မလိုပါ .... ခွေးကြီးသည် ကျောက်ဟွန်အား မြင်သည်နှင့် မည်သူကမျှ မစေခိုင်းဘဲ သူ့ဘာသာ ပြေးသွားပြီး လည်မျိုကို ခုန်ဟပ်ကိုက်ခဲပါလိမ့်မည် .... ကျွန်တော်မျိုး တို့က ခွေးကိစ္စထဲ မည်သို့မျှ ဝင်ပါရန် မလိုပါ .... "



ကျူအန်ကူက သူ့တွင်ရှိသည့် နည်းလမ်းအစီအမံအားလုံးကို ပြောပြလိုက်၏။

■■ ◆ ■■

"သင်သည် နန်းရင်းဝန်အစစ်ဘဝ၌ ဘုရင်ကလေးအား အမျိုးမျိုး စိတ်ဆင်းရဲအောင် ပြုလုပ်ပေသည် .... ယခု သင်နန်းရင်းဝန်အတုဘဝ၌ ခွေးဆွဲခံရပေတော့မည် .... "

သူသည် ထိုသို့ပြောပြီးသည်နှင့် ကောက်ရိုးရုပ်၏လည်ပင်းတွင် သွေးစိမ်းရှင်ရှင်နှင့် ဆိတ်သားတုံးတစ်တုံး ချည်နှောင်ပေးလေ၏။

ကျူအန့်ကူသည် အမဲလိုက်ခွေးကြီးကို နန်းရင်းဝန်ကြီး၏ ကောက်ရိုးရုပ်အား ခုန်အုပ်ခိုင်းသည်။ လည်မျို၌ ချိတ်ဆွဲထားသော ဆိတ်သားတုံးကြီးကို ကိုက်ဆွဲစားသောက်စေသည်။

သူသည် အမဲလိုက်ခွေးကြီးအား ထိုသို့ လေ့ကျင့်ပေးနေသည်။ တစ်ပတ်ခန့် ကြာသောအခါ အမဲလိုက်ခွေးကြီးသည် ကောက်ရိုးရုပ်အား တွေ့သည့်နေရာတွင် ပြေးလွှားခုန်အုပ်၍ လည်မျိုမှ ဆိတ်သားအား ထိုးဟပ်ကိုက်ဆွဲသွားတော့သည်။

ခွေးကြီးကို လေ့ကျင့်သင်ကြားပေးနေရာ စိတ်ကြိုက်အနေအထားသို့ရောက်ရှိလာလေတော့၏။ သူသည် စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

"ကဲ .... ကျောက်ပွန် .... ခင်ဗျား ဒီတစ်ခါ မည်သို့လွတ်နိုင်ပါမည်နည်း .... သင့်ကို သိကြားမင်းကြီး ဆင်းကယ်တောင် ဒီတစ်ကြိမ်တော့ လွတ်နိုင်မည်မထင် .... "



(၁၁)

ကျင့်လင်မင်းကလေးသည် ကျူအန့်ကူ၏ နည်းလမ်းအ… အစည်ကို ကြားပြီးနောက် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။ ကျောက်ပွန်အား ခွေးနှင့်ကိုက်သတ်စေမည့် အစီအစဉ်ကို မ… သူမှ မရိပ်မိစေနိုင်သည်ကို ကျင့်လင်မင်းကလေး သိသွား၍ ဖြစ်သည်။

ကျူအန့်ကူသည် အိမ်သို့ပြန်ရောက်သည်နှင့် ကောက်ရိုးလူရုပ် တစ်ရုပ် ပြုလုပ်လျက် ကျောက်ပွန် ဝတ်ဆင်နေကျ နန်းရင်းဝန်ကြီး… ဝတ်စုံကို ဝတ်ဆင်ပေးလေ၏။ ဦးထုပ်၊ ဖိနပ် စသည်တို့ကိုလည်း ဆင်… ယင်ပေး၏။ ကျူအန့်ကူသည် နန်းရင်ဝန်အတု ကောက်ရိုးရုပ်ကို ကြည့်၍ ရယ်လေ၏။

သူသည် ဘုရင်ကလေးထံသို့ ဝင်လေ၏။

သူသည် အစာမကျွေးဘဲထားသော အမဲလိုက်ခွေးကြီးအ
နန်းတော်သို့ ခေါ်ဆောင်သွားလေ၏။

ကျင့်လင်မင်းကလေးသည် ကျောက်ဖွန့်အား စားပွဲကြီး
တက်ရောက်ပါရန် ဖိတ်ကြားလိုက်သည်။ မင်းကလေး စားပွဲကျင်
သည်ဟု တစ်ကြိမ်မျှ မကြားခဲ့ပေ။ ထို့ကြောင့် ထူးခြားလှပေသည်
ကျောက်ဖွန့်ထင်မှတ်လေ၏။

"မင်းကလေး စားပွဲလုပ်သည်ဟု တစ်ကြိမ်တစ်ခါမျှ မကြား
ယခု မင်းကလေး စားပွဲလုပ်ပေသည် .... ထူးခြားလှသည် ....
ကြောင့် တိအော်ဖိန်သည် ငါနှင့်လိုက်ခဲ့ရမည် .... အစစအရာရာ သ
ရှိမှ တော်ပေမည် .... "

ကျောက်ဖွန့်သည် သတိရှိစွာ သူ့ကိုယ်ရံတော် တိအော်ဖိန်
အတူ ကျင့်လင်မင်း၏ နန်းဆောင်သို့ လိုက်ပါသွားလေ၏။ တိအေ
ဖိန်သည် ဓားရိုးပေါ်သို့ အမြဲလက်တင်ထားတတ်သည် .... သူသ
အမြဲသတိရှိသော သက်တော်စောင့်တပ်မှူး ဖြစ်လေသည်။

နန်းတော်သို့ ကျောက်ဖွန့်နှင့် တိအော်ဖိန်တက်လာသောအ
ကျူအန့်ကူ မျက်နှာပျက်သွား၏။ သူလုပ်ကြံမည့်သူမှာ ကျောက်ဖွ
ကို မဟုတ်ပါတကား။



ကျောက်ဖွန့် တစ်ယောက်တည်းကိုသာ သူတို့ အလိုရှိပေ
သည်။

ကျူအန့်ကူမှာ ကျင့်လင်မင်းအပါးတွင် ရှိနေ၏။ သူသည် တိ
အော်ဖိန်အား မျက်ထောင့်နီကြီးဖြင့် ကြည့်ပြီး တိအော်ဖိန်ရှိရာသို့
လျှောက်သွားလေ၏။

"တို့ အရှင်သည် နန်းရင်းဝန်ကြီး တစ်ဦးတည်းကိုသာ ဖိတ်ကြား
သည် .... အပိုလူကို မဖိတ်ချေ .... သင်သည် အဆောင်အပြင်သို့
သွားရောက်နေပါ .... "

တိအော်ဖိန်သည် ခန်းမဆောင်တွင်နေ၍ မရတော့ချေ။ ခန်းမ
ဆောင်ပေါ်မှ ဆင်းသက်ခဲ့ရပြီး လှေကားရင်းတွင်သာ ရပ်စောင့်နေခွင့်
ရတော့သည်။

ကျူအန့်ကူသည် တိအော်ဖိန်လှေကားမှ ဆင်းသွားသည်ကို
စောင့်ကြည့်နေ၏။ လှေကားရင်း၌ ရပ်စောင့်နေသည်ကိုလည်း တွေ့
ရ၏။ ဤမျှဆိုလျှင် အလုပ်လုပ်ရပေပြီ။ ခွေးကြီးကို လွှတ်ပေးလျှင်
တိအော်ဖိန် လှမ်းမခုခံနိုင်တော့ချေ။ သူသည် ကျင့်လင်ဘုရင်ကလေး
ထံသို့ ပြန်လျှောက်သွားလေ၏။

စားပွဲသောက်ပွဲနှင့် အခြားဝန်ကြီး မှူးမတ်တို့ကိုလည်း မဖိတ်
ချေ။

ကျောက်ဟွန်သည် ထူးခြားလှပေသည်ဟု တွေးပြီး အစစအရာရာ သတိဝီရိယ ထားနေလေ၏။

ကျင့်လင်မင်းကလေး ကျောက်ဟွန်နှင့် ကျူအန့်ကူတို့သည် သောက်စားရယ်မောနေကြလေ၏။ ကျောက်ဟွန်ကမူ .... အရမ်းမသောက်ချေ။ တို့ကနန်း ဆိတ်ကနန်းသာ စားသောက်နေသည်။ သူသည် ဘုရင်ကလေးနှင့် ကျူအန့်ကူတို့၏ အခြေအနေကို အကဲခတ်နေ၏။

ဤသို့ရှိစဉ် ကျင့်လင်မင်းကလေးက ကျောက်ဟွန်၏ဓားကို ကြည့်ပါရစေဟု တောင်းလေ၏။ ကျောက်ဟွန်လည်း သူ့ဓားကို ထုတ်ပြရန် ဟန်ပြင်လေ၏။

ထိုသို့ရှိစဉ် ထိုအဖြစ်အပျက်ကို လှေကားရင်း၌ စောင့်ကြည့်နေသော တီအော်ဖိန်က မြင်လေ၏။ တီအော်ဖိန်သည် ကျယ်လောင်စွာ အော်ဟစ်သတိပေးသည်။

"သခင်ကြီး သတိထားပါ .... ဘုရင်မင်းမြတ်ရှေ့တွင် မည်သည့်အခါမျှ ဓားမထုတ်ရပါ .... သတိထားဆင်ခြင်သင့်ပါသည် .... "

॥ ◆ ॥



(၅၆)

ဤတွင် ကျောက်ဟွန်သည် ဓားကိုမထုတ်တော့ဘဲ ဓားကို ပြန်သွင်းလိုက်သည်။ သူသည် သတိမေ့မြောပြီး ဓားကို ထုတ်မလိုဖြစ်သွားသည်။ ဓားထုတ်မိပါက ဘုရင့်အား လုပ်ကြံသည်ဆိုပြီး ရာဇဝတ်ဘေးဒဏ် သင့်နိုင်သည်။ ဤသည်မှာ ဘုရင်ကလေးနှင့် ကျူအန့်ကူတို့ ပူးပေါင်းလုပ်ကြံခြင်း ဖြစ်မည်ဟု ယူဆကာ နန်းရင်းဝန်ကြီးသည် မြန်ခွင့်တောင်းပြီး ပြန်လေတော့၏။

သူသည် ဤနန်းတော်၌နေလျှင် သူ့အတွက် ဘေးရန်တစ်ခုခု ကျရောက်မည်ဟု ရိပ်မိလာသဖြင့် နန်းတော်အတွင်းမှ အလျင်အမြန် ထွက်ခွာရန်သာ ပြင်ဆင်ရတော့သည်။ သူသည် တီအော်ဖိန်ရှိရာ

လျှောက်လာလေ၏။

တိအော်ဖိန်က ကျောက်ဟွန်အား မေးကြည့်ပြီး ....

"သခင်ကြီး စားသောက်၍မှ မပြီးမီ ပြန်တော့မည်လော"

ကျောက်ဟွန်က ....

"တိအော်ဖိန် .... ဤနန်းတော်၌နေလျှင် ငါ၌ အန္တရာယ်ရှိသည်၊ အန္တရာယ်အငွေ့အသက်ကို ငါရသည်၊ ငါ၏အိမ်ဂေဟာသို့ အမြန်ဆုံး ပြန်ရမည်"

"သခင်ကြီး ဤသို့ဆိုလျှင် ပြန်တော်မူပါ"

တိအော်ဖိန်သည် ကျောက်ဟွန်အား ဖေးမ၍ ခေါ်ဆောင်သွား၏။

ကျူအန့်ကူလည်း သူ၏အမဲလိုက်ခွေးကြီးကို လွှတ်ပေးလိုက်ရန် အချက်ပြလိုက်တော့သည်။ ခွေးထိန်းသည် သံကြိုးဖြေ၍ လွှတ်ပေးလိုက်၏။

ထိုအမဲလိုက်ခွေးကြီးသည် ကျောက်ဟွန်အား မြင်လျှင် သူဆိတ်သားစားနေရသည့် အရုပ်ဟု ထင်မှတ်ကာ တစ်ဟုန်ထိုး ပြေးလိုက်လေတော့၏။ တိအော်ဖိန်လည်း ခွေးဟိန်းသံကြားသဖြင့် လှည့်ကြည့်လိုက်သည်။ ခွေးကြီးသည် အမဲလိုက်ခွေးကြီးဖြစ်သဖြင့် ကြီးမားလှသည်။ ထို့ကြောင့် တိအော်ဖိန် ကြောင်သွားလေ၏။



သို့သော် .... ချက်ချင်း သတိဝင်လာပြီး ကျောက်ဟွန်းရှေ့၌ မားမားမတ်မတ် ရပ်လိုက်သည်။ ခွေးကြီး၏ နံရိုးအား လက်သီးဖြင့် ထိုးလိုက်လေ၏။

ခွေးကြီးသည် အော်ဟစ်ပြီး ဘေးသို့ လိမ့်ဆင်းသွား၏။ တိအော်ဖိန်သည် ခွေးကြီး၏ လည်မျိုကို ဆောင့်နင်းလိုက်သည်။ ခွေးကြီးသည် တအိုင်အိုင်အော်ဟစ်ပြီးနောက် ငြိမ်သက်သွားတော့၏။ သူသည် မားပင်မထုတ်လိုက်ရချေ။ ခွေးကြီးအား လက်နှင့်ပင် သုတ်သင်လိုက်နိုင်၏။

ထိုစဉ် ခန်းမဆောင်အတွင်းမှ ဆူဆူညံညံအသံများ ထွက်လာတော့သည်။ ကျင့်လင်မင်းကလေးသည် ခွေးကြီးအား တိအော်ဖိန်က သုတ်သင်သည်ကို မြင်သောအခါ ဒေါသပြင်းစွာ ထွက်သွားလေ၏။

"ဤသူအား ထွက်ဖမ်းကြလေလော့"

အစောင့်များသည် ပြေးထွက်လာကြ၏။ ကျောက်ဟွန်၏ ကိုယ်ရံတော် တိအော်ဖိန်သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး အားအင်ကြီးမားသူလည်း ဖြစ်သည်။

သူသည် ကျောက်ဟွန်အား အရေးတကြီး ပြောလေ၏။

"သခင်ကြီး .... နန်းတော်အောက်၌ မြင်းရထား အသင့်ရှိပါသည်၊ ဤသူများကို ကျွန်ုပ်တော် ကာကွယ်ထားပါမည်၊ သခင်ကြီးသာ

လွတ်အောင်ပြေးပါတော့”

သူသည် ရောက်ရှိလာသော စစ်သည်တော်များကို ပြင်းထန်စွာ ခုခံတိုက်ခိုက်လေ၏။ သူ၏ခုခံမှုကြောင့် စစ်သည်တော်ငါးဦးကျဆုံးပြီး သုံးဦး ဒဏ်ရာရသည်။

ကျောက်ဟွန်သည် မြင်းရထားရှိရာသို့ ပြေးဆင်းလာသည်။

တီအော်ဖိန်ကတော့ အစောင့်စစ်တပ်များအား ကြိုးစားခုခံဆဲရှိသည်။ သူသည် ဓားဒဏ်ရာသုံးချက် ရရှိသည့်တိုင် ဖွဲနပဲ ကြိုးစွာဖြင့် ခုခံနေလေ၏။

“လာခဲ့ကြ .... သင်တို့ကို ငါနှင့်အတူ သေမင်းပြည်သို့ အတူခေါ်ဆောင်သွားမည် .... ”

တီအော်ဖိန်သည် နောက်ထပ်စစ်သည်တော် တစ်ယောက်ကို သတ်ဖြတ်သုတ်သင်ပြီးနောက် သူလည်း လဲကျသွားတော့၏။ စစ်သည်တော်များက ဝိုင်းဝန်းတိုက်ခိုက် သတ်ဖြတ်လိုက်ကြသည်။

ဆင်းပြေးသော ကျောက်ဟွန်မှာလည်း မြင်းရထားမရောက်မီ လမ်းခုလတ်၌ ခလုတ်တိုက် လဲကျလေ၏။

ကျင့်လင်မင်း၏ ကိုယ်ရံတော်တစ်ဦးမှာ လှံကိုဆွဲ၍ ကျောက်ဟွန်အနီးသို့ ရောက်ရှိလာသည်။

ကျောက်ဟွန်မှာ သူသေပြီဟုသာ တွက်လိုက်သည်။ ပြေး



မလွတ်တော့ပြီဟု မှတ်ထင်လိုက်၏။ သူသည် လဲကျနေရာမှ အလျင်အမြန် မထနိုင်ဘဲ ရှိလေ၏။

သို့သော် ကိုယ်ရံတော်က ....

“နန်းရင်းဝန်ကြီး .... အလျင်အမြန် ထပါ .... အရှင့်ကို ကျွန်တော်မျိုး မြင်းရထားအထိ ရောက်အောင် ပို့ပေးပါမည် .... ”

ကိုယ်ရံတော်သည် ကျောက်ဟွန်အား ကုန်းပိုး၍ မြင်းရထားအထိ လိုက်ပို့ပေးလေ၏။

မြင်းရထားမောင်းသူအား ထိုကိုယ်ရံတော်က အရေးတကြီး ပြောလေ၏။

“အသင် .... အဘယ်ကြောင့် ငိုင်နေရသနည်း .... ဤအချိန်သည် နန်းရင်းဝန်ကြီး၏ အသက်ကို လုနေရချိန် ဖြစ်သည် .... မြင်းရထားကို အလျင်အမြန် မောင်းပါလော .... ”

ထိုအခါမှ မြင်းရထားသည် စထွက်၏။ ကိုယ်ရံတော်လည်း နန်းရင်းဝန်ကြီးအား စောင့်ရှောက်ရန် ဘေးမှခွဲ၍ လိုက်ပါလာလေသည်။ နန်းတော်မှ အစောင့်စစ်သည်များလည်း မြင်းများနှင့် လိုက်ပါလာလေတော့၏။

။ ။ ◆ ။ ။

## (၅၇)

### မင်းကလေး၏နိဂုံး

နန်းတွင်းမှ ကိုယ်ရံတော်စစ်သည်များသည် မြင်းရထားကို မီလာကြသည်။

ထိုအခါ တစ်ဖက်မှ လူတစ်စုလည်း မြင်းများနှင့် အပြင်းလာနေကြောင်း တွေ့ရသည်။

မြင်းရထားပေါ်မှ ပါလာသော ကိုယ်ရံတော်သည် သူ၏လုံ့ရှည်နှင့် အပြင်းအထန် ခုခံလေ၏။ ထိုအခါ ရောက်ရှိလာသော လူစုကလည်း ကိုယ်ရံတော် စစ်သည်များကို ဝင်ရောက်တိုက်ခိုက်ကြတော့၏။ ထိုအခါ ကိုယ်ရံတော် စစ်သည်ဆယ်ယောက်မျှ ကျဆုံးကုန်ပြီး ကျန်သောစစ်သားများက ကြောက်ရွံ့ထွက်ပြေးသွားကြလေ၏။



ထိုအခါ ကျောက်ပွန်သည် သူ့အား ကယ်ဆယ်သော ကိုယ်ရံတော်စစ်သည်အား မေးမြန်းလေ၏။

"သင် အဘယ်ကြောင့် ကျွန်ုပ်ကို ကယ်တင်လေသနည်း .... သင့်အမည် မည်သို့ခေါ်သနည်း .... "

ကိုယ်ရံတော်က ....

"ကျွန်တော်မျိုး နာမည်လင်းတီ ဖြစ်ပါသည် .... ကျွန်တော်မျိုးသည် နန်းရင်းဝန်ကြီး ရိုးသားမှု ဖြိုးခြံမြင့်မြတ်မှုတို့ကို ကျွန်တော်မြင်တွေ့ခဲ့ဖူးပါသည်။"

"ထို့ပြင် ဤခွေးကိစ္စမှာလည်း ရိုးသားမှုမရှိဟု တီးတိုးပြောဆိုနေကြသည်ကို ကျွန်တော်မျိုး ကြားသိရပါသည် .... ထို့ကြောင့် ကျွန်တော်မျိုး ဝင်ကူခြင်း ဖြစ်ပါသည် .... ဤမင်းထံတွင် အမှုတော် မထမ်းလိုတော့ပါ .... "

ကျောက်ပွန်သည် လင်းတီအား သူနှင့်အတူလိုက်ရန် ခေါ်မည်အပြု လင်းတီသည် သူ့အပြောကို မစောင့်ဘဲ လေကဲ့သို့ အလျှင်အမြန် ထွက်ပြေးပျောက်ကွယ်သွားသည်။

ကျောက်ပွန်က ....

"ယနေ့နံနက်တွင် ငါသည် သူရဲကောင်းနှစ်ယောက်ကို တွေ့ရသည် .... တစ်ယောက်မှာ ငါ၏ကိုယ်ရံတော် တိအော်ဖိန် ဖြစ်သည်၊

နောက်တစ်ယောက်မှာ လင်းတီဖြစ်သည် .... လင်းတီမကယ်လျှင် ငါသေနေလေပြီ .... "

ကျောက်ဟွန်သည် ဆက်ပြောလေ၏။

"ယခု ငါသည် ငါ၏အိမ်ဂေဟာသို့ ပြန်ရန် မဖြစ်နိုင်တော့ပေ၊ အိမ်ဂေဟာရောက်သည်နှင့် ကိုယ်ရံတော်စစ်သားများ ဝိုင်းလာကြမည် ဖြစ်သည် .... သွေးဆာနေသော ဘုရင်ကလေးသည် ငါ့အား သတ်ဖြတ်ရန် ဝန်လေးနေမည် မဟုတ်ချေ .... ငါသည် ဤမြို့မှ ထွက်ပြေးတော့အံ့ .... "

ကျောက်ဟွန်တို့သည် လိုက်ပါလာသည့် အိမ်တော်အမှုထမ်းများကို ရှောင်လွှဲနေရန် မှာကြားလျက် မြင်းရထားဖြင့် အနောက်တံခါးသို့ အလျင်အမြန် သွားရောက်ရလေတော့၏။

ထိုအခါ မြို့ပြင်မှ မြင်းရထားတစ်စီး မောင်းဝင်လာသည်ကို တွေ့ရတော့သည်။ ထိုမြင်းရထားသည် မြို့ပြင်သို့ မောင်းထွက်မည့် မြင်းရထားတစ်စီးကို တွေ့သဖြင့် ဖြည်းညင်းစွာ မောင်းလာလေ၏။

ကျောက်ချွမ်းနှင့် သူ့တပည့်များပေတည်း။ ကျောက်ချွမ်းသည် သူ့တပည့်များနှင့် အမဲလိုက်ရာမှ ပြန်လာခြင်း ဖြစ်လေသည်။

ကျောက်ချွမ်းသည် ကျောက်ဟွန်နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်၏။ သူသည် နတ်ရွာစံသွားသည့် ကျင့်ပိုက်လန်းမင်း၏ သမက်



တော်လေ၏။ ထို့ကြောင့် ကျင့်လင်မင်း၏ယောက်ဖ တော်စပ်လေ၏။

ကျောက်ဟွန်က ရှင်းပြလေ၏။

"ဘုရင်ကလေးနှင့် ကျူအန်ကူသည် ယခုအခါ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နေချေပြီ .... သူတို့သည် ကျွန်ုပ်အား လုပ်ကြံရန် ကြိုးစားကြသည် .... ပထမဦး ကျူဇီဆိုသော ကျွန်တစ်ယောက်ကို စေလွှတ်လုပ်ကြံခိုင်းသည် .... ကျူဇီသည် ကျွန်ုပ်ကို မသတ်လိုသဖြင့် သူ့ကိုယ်သူ သတ်သေသွားသည် .... ဒုတိယ အမဲလိုက်ခွေးနှင့် ကျွန်ုပ်အား လုပ်ကြံသတ်ဖြတ်၏ .... ထိုအကြံ မအောင်သောအခါ ကိုယ်ရံတော်စစ်သည်များနှင့် ဝိုင်းဝန်းလုပ်ကြံ၏ .... ကျွန်ုပ်၏သက်တော်စောင့် တိအော်ဖိန်နှင့် ကိုယ်ရံတော်လင်းတီတို့၏ ကယ်တင်မှုကြောင့် ယခု လွတ်မြောက်ခဲ့ရသည် .... "

ကျောက်ချွမ်းက ....

"ကျူအန်ကူသည် အကြံပက်စက်လေစွတကား .... "

"အကြံပက်စက်သည်မှာ ကမ်းကုန်လေပြီ .... ကျွန်ုပ်၏အသက်ကိုပင် လုပ်ကြံကြသည်ကို ကြည့်ပါလော့ .... "

"သင် ကျင့်ပြည်မှ လုံးဝမထွက်ခွာသင့်ပါ .... ကျင့်ပြည်ကြီးကို ထိန်းကျောင်းနေသူမှာ ဘုရင်ကလေး ကျင့်လင်မဟုတ်ပါ .... နန်းရင်းဝန်ကြီး ကျောက်ဟွန် ဖြစ်ပါသည် .... အပြည်ပြည်မင်းတို့ သိရှိကြသည်၊

သင်မရှိလျှင် အပြည်ပြည်မင်းတို့ စစ်ပြုလာကြလိမ့်မည် .... ကျွန်ုပ်သည် ကျင့်လင်မင်းသားအား တွေ့ဆုံပြီး ဖျောင်းဖျပါမည် .... သင့်အား မရွှေ့ မသွေ ပြန်ခေါ်ရမည် ဖြစ်ပါသည် .... "

"သင်မထင်နှင့် .... အပါးတော်မြဲဝန်ကြီး ကျူအန့်ကူ၏ စကားများကို နားဝင်နေသော ဘုရင်ကလေးသည် သင့်စကားကို နားဝင်မည် မဟုတ်ပါ .... သင် အမောသာ အဖတ်တင်လိမ့်မည် .... "

"သူ အကြိမ်ကြိမ်ပြောသဖြင့် သူ့စကားကို ဘုရင်ကလေး နားဝင်ပေသည် .... ကျွန်ုပ် အကြိမ်ကြိမ်ပြောလျှင် ကျွန်ုပ်စကားကို နားမဝင်ဘဲ ရှိပါမည်လော .... "

"ဤသို့ဆိုလျှင် ကျွန်ုပ်သည် ဟိုဘုန်းဒေသတွင် ခေတ္တရှောင်နေမည် .... သင်ပို့လာမည့်သတင်းကို ကျွန်ုပ်စောင့်နေမည် .... "

"ကောင်းပြီ .... ကျွန်ုပ်ပို့မည့်သတင်းကို စောင့်နေပါ .... "

ကျောက်ဟွန်၏ ရထားသည် မြို့ပြင်သို့ ထွက်သွားသည်။ ကျောက်ချွမ်း၏ရထားသည် မြို့တွင်းသို့ ဝင်လာလေ၏။

ကျောက်ချွမ်းသည် ကျင့်လင်မင်းအား ဝင်ရောက်တွေ့ဆုံလေတော့၏။

ကျောက်ချွမ်းသည် ကျင့်လင်မင်းအား ဒူးထောက်ရှိခိုးစေားသည်။



"ကျွန်တော်မျိုးသည် အရှင်မင်းသားကလေး၏ ယောက်ဖတော် ဖြစ်ပါသော်လည်း ကျွန်တော်မျိုး၏ အနွယ်တော်မှာ ကျောက်ပင် ဖြစ်ပါသည် .... ကျောက်ဟွန်သည် အရှင့်သားအား တော်လှန်ဆန့်ကျင်၍ ဤပြည်မှ ထွက်ပြေးလေပြီ .... "

မင်းကလေးက ....

"သူ ဤပြည်မှ ထွက်ပြေးသွားပြီလော .... "

"ထွက်ပြေးသွားပါပြီ အရှင်ကလေး .... "

"သူ ထွက်ပြေးသွားလျှင် ကောင်းသည် .... "

"ကျောက်အမျိုးအနွယ်များ အားလုံး ပြစ်ဒဏ်စီရင်ခံကြရပါလိမ့်မည် .... အရှင့်သားသည် ကျွန်တော်မျိုးအား ရာထူးမှ နုတ်ပယ်၍ ကျွန်တော်မျိုးအား ရှေးဦးစွာ အပြစ်ပေးတော်မူပါလော့ .... "

ထိုအခါ ကျင့်လင်မင်းက ....

"ယခု အရေးအခင်းသည် ကျောက်တစ်မျိုးလုံးနှင့် ဆိုင်သော ကိစ္စမဟုတ် .... ကျောက်ဟွန် တစ်ဦးတည်းနှင့်သာ ဆိုင်သည့်ကိစ္စ ဖြစ်သည် .... ကျောက်ဟွန်သည် ကျွန်ုပ်ကို နေ့စဉ်စိတ်မချမ်းမသာ ဖြစ်အောင် ပြုမူပြောဆိုနေသဖြင့် သူ့အား သုတ်သင်လိုခြင်း ဖြစ်သည်၊ စိတ်ချမ်းသာစွာ ပြန်သွားပါလေတော့ .... "

ကျောက်ချွမ်းသည် စိတ်သက်သာရာ ရသွားဟန်နှင့် သက်ပြင်း

ရှည်ကြီး ချလိုက်၏။

"အင်း .... အခုမှ ကျွန်တော်မျိုးအလုံးကြီး ကျသွားတော့သည်"

မင်းကလေးက ....

"ကျောက်တစ်မျိုးလုံးနှင့်မျှ မဆိုင်ဘဲ အဘယ့်ကြောင့် ကျွန်ုပ် ကျောက်တစ်မျိုးလုံးကို ဒုက္ခပေးရမည်နည်း .... "

သူတို့သည် အာလပသလ္လာပ ရယ်မောပြောဆိုကြလေသည်၊

မင်းကလေးက ....

"ကျောက်ဖွန်သည် ကျွန်ုပ် အပျော်အပါး လိုက်စားသည်ကို မနှစ်မြို့ဟန်ရှိ၏ .... "

"အရှင်ကလေးသည် ဤပြည်ကို ပိုင်စိုးသော ဘုရင်ဖြစ်ပေသည်၊ အရှင်ကလေးလုပ်သမျှ တင့်တယ်သည် .... အရှင်ကလေးအား သည် ဟာလုပ် ဟိုဟာလုပ်ဟု သူသည် မညွှန်ကြားနိုင်ပေ .... "

ကျင့်လင်ဘုရင်လေးသည် ကျောက်ချွမ်း၏ လျှောက်တင်ချက် ကို သဘောကျသွား၏။

"ကျောက်ဖွန်သည် သင်ကဲ့သို့ အသိရှိလျှင် ကောင်းလေစွ.... ကျွန်ုပ်သည် သူ့အား သတ်ဖြတ်ရန် မလိုတော့ပေ .... "

အနီးအနားၡ လူသူကင်းရှင်းနေသဖြင့် ကျောက်ချွမ်းသည် အနီး ကပ်၍ တီးတိုးမေးမြန်းလေ၏။



"အရှင်ကလေး .... ချီဝမ်မင်းတွင် မိဖုရား မည်မျှရှိပါသနည်း"

ကျင့်လင်မင်းကလေးသည် စိတ်တွင်းမှ ရေတွက်လိုက်လေ သည်။

"ဆယ်ပါးကျော် ရှိလိမ့်မည် .... "

ကျောက်ချွမ်းက ခေါင်းယမ်းလေ၏။

"အရှင့်သား .... အတွက်မှားလေပြီ .... ဆယ်ပါးမျှမက ရှိချေ သည် .... ထို့ပြင် သူ့နန်းတော်၌ အချောအလှ မြောက်မြားစွာ ရှိပါ သေးသည် .... ကျွန်တော်မျိုးတို့၏ ဘိုးတော်မင်းကြီးဆိုလျှင် အသက် ခြောက်ဆယ် ပြည့်ခဲ့ပေပြီ .... အပြည်ပြည်မင်းအပေါင်းတို့၏ ဦးစီး ခေါင်းဆောင်မင်းပင် ဖြစ်ခဲ့သည် .... သူ့နန်းတော်၌ အချောအလှ မြောက်မြားစွာ ရှိခဲ့သည် မဟုတ်ပါလော .... "

"မှန်ပါပေသည် .... ရှိခဲ့ပေသည် .... "

"အရှင်ကလေး၏ နန်းတွင်းမှာရော မိန်းမ အချောအလှများစွာ ရှိပါ၏လော .... "

ကျင့်လင်မင်းကလေးက ပြုံးလေ၏။

"သင်ကား ကျွန်ုပ်၏သဘောကို သိလှပေသည် .... ကျောက် ဖွန်သည် သင်ကဲ့သို့ ကျွန်ုပ်၏သဘောကို မသိပေ .... သူသည် ကျွန်ုပ် ကစားနေစဉ် ရောက်ရှိလာပြီး ကျွန်ုပ်ကို ဆုံးမရန် စဉ်းစားနေသည်....

ဤသည်မှာ သူလည်း အကျိုးမရှိ .... ကျွန်ုပ်လည်း အကျိုးမရှိဟူသည်ကို သူ မစဉ်းစားပေ .... ယခု သူသည် ပြည်ပသို့ ထွက်ပြေးရပြီ မဟုတ်ပါလော .... "

သူသည် ကျောက်ဟွန်အကြောင်း ပြောဆိုပြီးမှ စကားဆက်လေ၏။

"ဒါနှင့် မိန်းမချော မိန်းမလှများ စုဆောင်းပြီး နန်းတော်တွင်းသို့ သွင်းရန် မည်သူ့အား တာဝန်ပေးလျှင် ကောင်းမည်နည်း .... သ အကြံပေးပါဦးလော့ .... "

ကျောက်ချွမ်းက ရယ်မောရင်း ....

"အရှင်ကလေးသည် မိန်းမချော မိန်းမလှကလေးများစုဆောင်းရန်ကို ရှည်ရှည်ဝေးဝေး ရှာနေရသည်လော .... "

"ဤအနီးအနားဌာမိန်းမချောမိန်းမလှရှာဖွေမည့်သူကိုမတွေ့ရ"

"အရှင် မျက်စိမှောက်နေပါပြီ .... "

"မည်သူ ဖြစ်နိုင်သနည်း .... "

"မည်သူ ရှိရဦးမည်နည်း .... ဤကိစ္စမျိုးကို အရှင့်အပါးတော်မြဲ ဝန်ကြီး ကျူအန်ကူသည် ကောင်းစွာ ဆောင်ရွက်ပေးနိုင်သူ ဖြစ်ပါသည် .... သူသည် မည်သည့်ကိစ္စမဆို အရှင့် အကျိုးရှိမည်ဆိုလျှင် ဆောင်ရွက်ပေးနိုင်သူ ဖြစ်ပါသည် .... "



ဤသို့ဖြင့် ကျင့်လင်မင်းသည် ကျောက်ချွမ်း၏ စကားကို နားထောင်ကာ ကျူအန်ကူအား မိန်းမချော မိန်းမလှ ရှာဖွေ၍ နန်းတော်တွင်းသို့သွင်းရန် တာဝန်သတ်မှတ် ပေးတော်မူလိုက်သည်။

(၁၅)

ကျောက်ချွမ်းသည် ကျင့်လင်မင်းကလေး၏ အလိုဆန္ဒကို သိ
သည်။ ကျင့်လင်မင်းကလေး၏ အလိုဆန္ဒသည် တိုင်းပြည်အတွက် မ
သို့မျှ အကျိုးမရှိနိုင်သည်ကိုလည်း သိသည်။ သို့သော် သူသည် အ
အနေအရ မင်းလိုလိုက် မင်းကြိုက်ဆောင်ပြီး လျှောက်ထားခြင်း ဖြ
သည်။

ကျူအန့်ကူမှာ နန်းတွင်းကိုယ်ရံတော် တပ်ဖွဲ့ဝင်များ၊ မင်း
ထမ်းများကိုခေါ်၍ နယ်ထွက်သွားရပေသည်။ သူ့အား ဘုရင်ကလေ
က မိန်းမချော မိန်းမလှများ ရှာဖွေတင်သွင်းရန် တာဝန်ပေးအပ်လိုက်
သည် မဟုတ်ပါလော။



အခြေအနေကို စောင့်ကြည့်နေသူကား ကျောက်ချွမ်းသာ ဖြစ်
လေ၏။ အပါးတော်မြဲဝန်ကြီး ကျူအန့်ကူနှင့် ကိုယ်ရံတော် တပ်ဖွဲ့များ
နန်းတော်မှ ထွက်ခွာသွားသောအခါ သူ့လူယုံတပ်ဖွဲ့များအား နန်းတွင်း
လုံခြုံရေး တာဝန်များ၌ ချထားလိုက်လေ၏။

အပါးတော်မြဲဝန်ကြီး ကျူအန့်ကူအား မိန်းမချော မိန်းမလှ
ရှာဖွေရမည့်တာဝန်ကို ပျော်ပျော်ပါး တာဝန်ယူလေ၏။

သူသည် ဩဇာအာဏာ ပြလိုသည့် ဝန်ကြီးတစ်ဦး မဟုတ်ပါ
သလော။

သူသည် ဘုရင့်ကိုယ်ရံတော် တပ်ဖွဲ့ကိုဦးစီးပြီး ဘုရင်ကလေး
အတွက် ကိုယ်လုပ်တော် မောင်းမရှာဖွေသည့် အလုပ်ကို ဦးခေါင်းမော့
၍ လုပ်ဆောင်နေလေ၏။

ကျောက်ချွမ်းမှာ ဘုရင်ကလေးအား လှည့်ပတ်ပြောဆိုရန်
မခက်ပါ။

"အရှင်သား .... နန်းတော်၌ ကိုယ်ရံတော် စစ်သည်တော်
မြောက်မြားစွာ ရှိပါသည် .... ထိုစစ်သည်တော်များများမှာ အပါးတော်
မြဲဝန်ကြီး ကျူအန့်ကူနှင့် ပါသွားပါသည် .... အရှင်သဘောတူတော်
မူလျှင် အရှင်သား လုံခြုံရေးအတွက် ကျွန်တော်မျိုး၏ လူယုံတော်သား
များကို နန်းတွင်း၌ ချထားလိုပါသည် .... အရှင်သား သဘောတူမတူ

ကို သိလိုပါသည်အရှင် .... "

"ကျွန်ုပ်၏ လုံခြုံရေးဖြစ်၍ ကျွန်ုပ်က အဘယ့်ကြောင့် သဘော မတူရမည်နည်း .... သဘောတူသည် .... "

ကျောက်ချွမ်းသည် ဤမျှသာ လျှောက်ထားလိုက်ရသည်။ သူ လူယုံတော်များသည် နန်းတော်၏ အချက်အချာကျသော နေရာများ၌ တပ်စွဲနေရာယူလိုက်ကြသည်။

မကြာမီ ပွဲပြင်း၍ တပ်သားများ ဒိုက်မျှင်းသော တစ်နေ့ ကျောက်ချွမ်းသည် ကျင့်လင်မင်းသားကလေးအား ဖမ်းဆီး၍ သတ် ဖြတ်ပစ်လိုက်တော့သည်။

ဝန်ကြီး၊ မှူးမတ်၊ စစ်မှူး၊ စစ်သည်တော်များနှင့် နန်းတွင်းသူ နန်းတွင်းသားများ၊ တိုင်းသူပြည်သားများ အားလုံးသည် ကျင့်လင် ဘုရင်ကလေး သေသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေ၏။

ကျင့်လင်မင်းကား အရွယ်ရောက်စ မင်းကလေးသာဖြစ်၍ သားသမီး မထွန်းကားသေးချေ။ ထို့ကြောင့် ဝန်ကြီး၊ မှူးမတ်များစုရုံးပြီး မည်သူကို နန်းတင်ရမည်ကို ဆွေးနွေးလေ၏။

ကျင့်ပြည်ကြီးတွင် ကျင့်ဘွန်မင်းသည် တရားနှင့်အညီ အုပ်စိုးခဲ့ ပြီး တိုင်းပြည်လည်း စည်ပင်ဝပြောခဲ့သည်။ စစ်ရေးလည်း အတောင့် တင်းဆုံး တိုင်းပြည်ဖြစ်ခဲ့သည့် ကျင့်ဘွန်မင်း၏အမည်သည် ကျင့်ပြည်



တွင် မှုးစွာ ထင်ရှားခဲ့သည်။

ထိုမင်း၏ သားတော် အငယ်ဆုံး မင်းသားတစ်ပါး ရှိသည်။ ဝန်ကြီး မှူးမတ်များသည် ထိုမင်းသားကို နန်းတင်ရန် ကြံကြလေ၏။

ဝန်ကြီးတစ်ပါးက ....

"ကျွန်ုပ်တို့သည် ကျင့်ဘွန်မင်း၏သားတော် အငယ်ဆုံးအား ထီးနန်းတင်မည် .... ကန့်ကွက်မည့်သူများ ရှိပါသေး၏လော .... "

ထိုမေးမြန်းချက်ကို မည်သူကမျှ မဖြေကြားသဖြင့် ကျင့်ဘွန် မင်း၏ အငယ်ဆုံးသားတော်ကို ထီးနန်းတင်မြှောက်လိုက်ကြတော့၏။

ထိုမင်းသည် ကျင့်စိမ်မင်း ဖြစ်လာလေ၏။

ကျင့်စိမ်မင်း နန်းတက်သောအခါ ကျောက်ဟွန်သည် ကျင့် ပြည်သို့ သွားလေသည်။ ကျင့်စိမ်မင်းသည် ကျောက်ဟွန်ကို လွန်စွာ ယုံကြည်အားကိုးလေ၏။

ဤအဖြစ်အပျက်တို့ကား ဘီစီ ၆၀၆ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့ သည့် အကြောင်းအရာတို့ပင် ဖြစ်သည်။

ကျောက်ဟွန်ကား ကျင့်ပြည်၏နန်းရင်းဝန်ကြီးတာဝန်ကိုထမ်း ဆောင်ရလေသည်။

ဘုရင်က ယုံကြည်လွှဲအပ်ထားသူ ဖြစ်ရကား တိုင်းပြည်အရေး ကို နေ့မအိပ် ညမအိပ် ဆောင်ရွက်ရလေသည်။

ကျွင့်စိမ်မင်းသည် ကျောက်ဟွန်ကို မည်မျှယုံကြည်သနည်းဆိုသော် သူ၏သမီးတော် ကျွမ်းယွင့်နှင့် ကျောက်ဟွန်၏သား ကျောက်တိတို့ကို ထိမ်းမြားပေးစားထားလိုက်သည်။ ဤမျှအထိ ယုံကြည်အားကိုးတော်မူသည်။

ထို့ကြောင့် ရေမြေသခင်နှင့် မင်းမှူးထမ်းဝန်ကြီးတို့ ဆွေမျိုးတော်စပ်သွားကြလေ၏။

ကျွင့်ပြည်နယ် အသီးသီးသို့ မိန်းမချော မိန်းမလှလေးများ အရှာဖွေထွက်နေသော ကျူအန့်ကူသည် ကျွင့်လင်မင်း လုပ်ကြံသတ်ဖြတ်ခံရသည့် သတင်းကိုကြားသောအခါ ကိုယ်ရံတော် စစ်သည်များကို စွန့်ပစ်ခဲ့ပြီး ကျွင့်နေပြည်တော်သို့ တိတ်တဆိတ် ပြန်လာလေတော့သည်။

ထို့နောက် ကျောက်အမျိုးအနွယ်တို့၏ အိမ်ဂေဟာတွင် ရင်းနှီးကျွမ်းဝင်စွာ နေထိုင်လေတော့သည်။

ကျူအန့်ကူသည် ဖြတ်ထိုးဉာဏ် မဆိုးလှချေ။ ကျွင့်စိမ်မင်းလက်ထက်တွင် ကျောက်မျိုးနွယ်တို့ တန်ခိုးထွားနေသည်မဟုတ်ပါလော။ ကျောက်မျိုးနွယ်တို့ကို အမှီအခိုပြုနေခြင်းသည် သူ့အတွက် တစ်နည်းတစ်ဖုံ ဘေးရန် လုံခြုံနေသည် မဟုတ်ပါလော။

ကျူအန့်ကူ ကျောက်အမျိုးအနွယ်များတွင် မှီခိုကပ်နေခြင်းကို



ကျောက်ချွမ်းသည် သတင်းရလေ၏။ သူသည် ကျူအန့်ကူကို စိတ်မချပေ။ ကျူအန့်ကူသည် ချက်ကောင်းစောင့်ပြီး သူတို့အား မျိုးဖြတ်ပစ်မည်ဟု ယူဆနေပေသည်။

ကျောက်ချွမ်းသည် ကျောက်ဟွန်အား ဤသို့ပြောလေသည်။

"သင် .... ကျူအန့်ကူ သတင်းကို မကြားသလော .... "

"ကြားပါသည် .... သူသည် ကျောက်အမျိုးအနွယ်များကို မှီခိုနေသည် မဟုတ်ပါသလော .... "

"မှန်ပါသည် .... ကျောက်အမျိုးနွယ်စုများကို မှီခိုနေပေသည်၊ ဤအချက်ကို ကျွန်ုပ်ဘဝင်မကျပေ .... သူသည် မကောင်းမှုတစ်ခုပြုလုပ်ရန် ကြံနေသည်ဟု ကျွန်ုပ်ထင်သည် .... သူ့အား အသက်ရှည်ရှည်မထားသင့်ချေ .... သူသည် ကျွန်ုပ်တို့ ကျောက်မျိုးနွယ်အားလုံးကို ဖျက်ဆီးမည့်သူ ဖြစ်နေသည် .... "

ထိုအခါ ကျောက်ဟွန်က ကျောက်ချွမ်းအား မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်လေသည်။

"သင် မည်ကဲ့သို့ ပြောဆိုလေသနည်း .... လုပ်ကြံခံရသော ဘုရင်ကလေးသည် တိုင်းပြည်မှ မလိုလားသော ဘုရင်ကလေးဖြစ်နေ၍သာ သင်သည် ကိုယ့်ဘုရင်ကို လုပ်ကြံသည်ဟု အပြစ်ပြော မခံရခြင်းဖြစ်သည် .... ကျူအန့်ကူအား သင်အန္တရာယ်ပေးပါက သင့်အား လူ

သတ်သမားဟု အပြစ်ပြောကြလိမ့်မည် .... ကျူအန့်ကူလည်း သင့်ကို မကောင်းမြင် ကြံစည်ပေတော့မည် .... ထို့ကြောင့် ကျူအန့်ကူအား မကောင်းကြံစည်သည့် စိတ်များကို ဖယ်ရှားလိုက်တော့ .... ယခု သူသည် အေးအေးချမ်းချမ်း ငြိမ်ငြိမ်သက်သက် နေ့နေသည် မဟုတ်ပါလော .... ”

ကျောက်ချွမ်းမှာ ငြိမ်သက်သွားရလေသည်။

ထို့နောက် ကျောက်ချွမ်းသည် ကျင့်စိမ်မင်းအား လွန်စွာရင်းနှီးစွာနေပြီး မကြာခဏ ဝင်ထွက်စားနေလေသည်။ သူသည် မကြာမီ အခွင့်အရေးတစ်ခု တောင်းဆိုလေသည်။ သူ့အား လက်ရှိရာထူးမှ တိုးမြှင့်ခန့်ထားရန် ကျင့်စိမ်မင်းအား လျှောက်တင်လေတော့သည်။

ကျင့်စိမ်မင်းသည် ထိုအရေးကိစ္စအား နန်းရင်းဝန်ကြီး ကျောက်ဟွန်ထံသို့ပင် ပြန်လွှတ်လိုက်လေသည်။ ကျောက်ဟွန်သည် ကျောက်ချွမ်းအား မည်သည့်အတွက်ကြောင့် ရာထူးတိုးမပေးနိုင်သည်ကို ရှင်းပြပြီး ရာထူးတိုးမြှင့်ခန့်ထားရေးကိစ္စကို ပယ်ချလိုက်လေသည်။

ကျောက်ချွမ်းသည် ကျောက်ဟွန်အပေါ်၌ မကျေမနပ်ဖြစ်ကာ အိပ်မပျော်စားမဝင် ဖြစ်နေတော့သည်။

လအနည်းငယ်ကြာသော် ကိုယ်စိတ်နှစ်ပါးဆင်းရဲသော ဝေဒနာဖြင့်ပင် ကွယ်လွန်သွားတော့သည်။



ကျောက်ချွမ်း ကွယ်လွန်သွားသောအခါ သားဖြစ်သူကျောက်ဝင်းက ကျောက်ဟွန်ကို သွားရောက်တွေ့ဆုံပြီး သူ့ဖခင်ရာထူးကို သူ့အား လွှဲပြောင်းပေးအပ်ရန် ပန်ကြားလေတော့သည်။

ကျောက်ဟွန် ခေါင်းခါလေသည်။

“ရာထူးကို ပေးအပ်သည်မှာ လွယ်ကူပါ၏ .... ရာထူးနှင့် ထိုက်တန်သော တာဝန်ကို ထမ်းဆောင်ရန်ဆိုသည်မှာ အလွန်ခက်ခဲလှပါသည် .... အမောင်သည် အရှင်မင်းကြီး၏ အကျိုးကို သယ်ပိုးပါဦးလော့၊ ကျွန်ုပ်သည် သင် တာဝန်ထမ်းဆောင်သည်ကို ကြည့်ရှုပြီး ရာထူးဌာနန္တရ ပေးအပ်ပါမည် .... ”

ကျောက်ဝင်းသည် စိတ်လက်မကြည်မသာစွာ ပြန်ထွက်သွားရလေတော့သည်။ သူတောင်းဆိုသည့်အရာမရသဖြင့် သူသည် ကျောက်ဟွန်အပေါ်၌ စိတ်ကွက်သွားလေသည်။

ကျောက်ဟွန်ကား ယင်းသို့သော ပုဂ္ဂိုလ်ဖြစ်သည်။ ဆွေမျိုးသားချင်းပင် ဖြစ်သော်လည်း မထိုက်တန်သော ရာထူးပေးကမ်းခြင်းကို အဝေးက ရှောင်ရှားသည်။

သမာဓိရှိလှသည့် ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်တကား။

‖ ◆ ‖

## (၁၄)

### အာကာမိုးခွင်တိုးဝင်သည့်ငှက်

ဘီစီ ၆၁၃ ခုနှစ်တွင် ချူပြည်၌ ချူစိမ်မင်း၏မြေးတော် ထီးနန်းအရိုက်အရာကို ဆက်ဆံလေ၏။ ထိုမင်းသည် ချူကျွမ်းမင်းဖြစ်သည်။

ချူပြည်တွင် ချူစိမ်မင်း နတ်ရွာစံပြီး ထီးနန်းအပြောင်းအလဲဖြစ်နေစဉ် ကျင့်ပြည်၌ ကျောက်ဟွန်သည် အပြောင်းလဲကြီးများကို ပြုလုပ်လျက်ရှိသည်။

သူသည် စုံပြည်၊ လူးပြည်၊ ချင်ပြည်၊ ဇေပြည်၊ ကျန့်ပြည်၊ ချိုင်ပြည်နှင့် စီပြည်မင်းတို့အား ဖိတ်ခေါ်ကာ မဟာမိတ်ဖွဲ့စည်းမှုကို အသစ်ပြင်ဆင်လေ၏။ ပြည်ထောင်မင်းအပေါင်းတို့သည်ကျင့်မင်း၏ဦးဆောင်မှုကို ကျေနပ်မှု ရှိကြသဖြင့် ထိုမင်းများ၏ ဦးစီးခေါင်းဆောင်မင်းအဖြစ် ကျင့်မင်းကို ခန့်အပ်ကြလေ၏။



ဤသည်မှာ ချူပြည်၌ မင်းအပြောင်းအလဲ ဖြစ်နေစဉ် အခြားပြည်များ၌မည်သို့ပြောင်းလဲနေသည်ကို သိစေရန် ဖော်ပြခြင်းသာတည်း။

ချူပြည်မှ ဝန်ကြီး၊ မှူးမတ်၊ စစ်သေနာပတိများသည် ချူကျွမ်းမင်းအား စောင့်ကြည့်နေကြလေ၏။ သူတို့သည် သူတို့ဘုရင်အား .... အားမလိုအားမရ ဖြစ်နေသည်။ အဘယ်ကြောင့် သူတို့ အားမလိုအားမရ ဖြစ်နေသနည်း။

ချူကျွမ်းမင်းသည် နေ့အခါ တောလည်ထွက်သည်။ အမဲပစ်ထွက်သည်။ နောက်လိုက်နောက်ပါ အမှုထမ်းများသည် ချူကျွမ်းမင်းပစ်သည့် အမဲသားကောင်များကို နန်းတော်သို့ သယ်ယူပြီး တပျော်တပါး စားသောက်ကြသည်။

သူသည် နေ့ဘက်တောလည်ထွက်ပြီး ညဘက်တွင်နန်းဆောင်သို့ ပြန်ဝင်သည်။ နန်းဆောင်တွင် စားသောက်ပျော်ပါးပြီး နန်းတွင်းသူတို့၏ အဆိုအက ဖျော်ဖြေမှုများကို ရှုစားနေ၏။

ဤကား ချူကျွမ်းမင်း၏ နိစ္စဓူဝလုပ်နေသော အလုပ်တည်း။ ဤသို့ဖြင့် သူသည် သုံးနှစ်သုံးမိုးတိတိ ထီးနန်းစိုးစံခဲ့လေသည်။

တစ်နှစ်လည်းမဟုတ်၊ နှစ်နှစ်လည်းမဟုတ်၊ သုံးနှစ်ကြီးများ တောင်ဆိုတော့ ဝန်ကြီး၊ မှူးမတ်များနှင့် စစ်သေနာပတိများလည်း စိတ်ပျက်မည်ဆိုက စိတ်ပျက်ကြပေမည်။

ချူကျွမ်းမင်းကို စည်းစိမ်ယစ်မူးသော မင်းအဖြစ်သာ ယူဆမည်ဆိုကလည်း ယူဆနိုင်ပေသည်။ သူပြုလုပ်နေသော အပြုအမူကလည်း စည်းစိမ်ယစ်မူးသည့်အသွင် ဖြစ်နေသည်ကိုး။ အမှန်တော့ .... ချူကျွမ်းမင်းသည် အရည်အချင်းရှိသော မင်းဖြစ်သည်။ သူသည် စိတ်ထဲ၌ ကျိတ်၍ကြံစည်ထားသော အရာများရှိနေသည်။ သူသည် အချိန်အခါကို စောင့်လင့်နေသူဖြစ်သည်။ အချိန်မရောက်သေးသဖြင့် ဤသို့ စည်းစိမ်ခံနေသယောင် ဟန်ဆောင်နေခြင်းဖြစ်သည်။

ချူနန်းတွင်းရေး၌ ဦးစီးခေါင်းဆောင်ပြုပြီး ခြယ်လှယ်နေသူမှာ တို့ရဲ့စု ဖြစ်လေသည်။ တို့ရဲ့စု၏ ဩဇာအာဏာမှာ အလွန်ထက်နေသည်။

ချူကျွမ်းမင်းသည် တို့ရဲ့စု၏ ဩဇာအာဏာများကို ဖယ်ရှားလိုနေသည်။ တိုင်းပြည်အုပ်ချုပ်ရေး ကိစ္စအဝဝကို သူလက်သူ့ခြေ လုပ်ကိုင်လိုသည်။ သို့သော် တို့ရဲ့စု၏ အုပ်ချုပ်မှုအဝဝမှာ အမြစ်တွယ်သလိုဖြစ်နေသဖြင့် သူသည် လက်ပိုက်ကြည့်နေရတော့သည်။

တို့ရဲ့စု၏ လက်တံမှာလည်း အလွန်ရှည်လှသည်။ နန်းတော်တွင်းသို့ ဘုရင်ဝင်ထွက်သည့် အချိန်ကိုပင် တို့ရဲ့စု သိနေပေသည်။ ချူကျွမ်းမင်းအနေဖြင့် အချိန်စောင့်ရုံမှအပ ဘာမှလုပ်ရန် မလိုတော့ပေ။



နန်းတော်တွင်းက ချုပ်ကိုင်နိုင်သည့် အာဏာအားလုံး တို့ရဲ့စုက အဆုံးအဖြတ်ပေးသည်။ ဘုရင်သည် ရုပ်သေးရုပ်ပင်။

ထို့ကြောင့် ချူကျွမ်းမင်းသည် အေးအေးလူလူနှင့် အမဲလိုက်စားသောက်ပျော်ပါးနေခြင်းဖြစ်သည်။

တစ်နေ့သောအခါ ချူကျွမ်းမင်း၏ဆရာ စင်းဝူဝေ ရောက်ရှိလာလေ၏။

ချူကျွမ်းဘုရင်က ခရီးဦးကြိုပြု၍ မေးမြန်းလေ၏။

"ဆရာ .... ဘာလာလုပ်ပါသလဲ .... အရက်သောက်စားလို၍ လာပါသလော .... သို့တည်းမဟုတ် တေးဂီတ နားထောင်လို၍ လာပါသလော .... သို့တည်းမဟုတ် နန်းတွင်းသူများ၏အကကို ရှုစားလို၍ လာပါသလော .... "

စင်းဝူဝေက ရယ်မောပြီး ပြောသည်။

"တစ်ခုမျှ မဟုတ်ချေ .... "

"သို့ဖြစ်လျှင် ဆရာ မည်သည့်ကိစ္စအတွက် လာသနည်း .... "

"အရှင်မင်းကြီး .... ကျွန်ုပ်သည် အရှင်မင်းကြီးနှင့် စကားထာဝှက်လိုသဖြင့် လာရောက်ခြင်း ဖြစ်ပါသည် .... "

"စကားထာ .... "

ချူကွမ်းသည် ထိုသို့ရေရွတ်ပြီးနောက် ရယ်မောလေသည်။

"ဆရာ .... ကျွန်ုပ်သည် ကလေးသူငယ် မဟုတ်တော့ပြီ - စကားထာ ဝှက်တမ်းကစားသည့် အရွယ် မဟုတ်တော့ပြီ .... "

စင်းဝ္စေက ရယ်မောသည်။

"အရှင်မင်းကြီး .... ကျွန်ုပ်လာသည်မှာ ကလေးသူငယ်နှင့် စကားထာဝှက်ခြင်း ကစားရန် မဟုတ်ပေ .... သက်ကြီးရွယ်အိုနှင့် စကားထာဝှက်ရန် လာခြင်းဖြစ်သည် .... "

ချူကျွမ်းသည် အရယ်ရပ်သွား၏။

"ဆရာ၏စကားထာကို ပြောပါဦး .... ကျွန်ုပ် နားထောင်ကြ ပါဦးမယ် .... "

ချူကျွမ်းသည် စိတ်ဝင်စားသွားပြီး မေးလေ၏။

စင်းဝ္စေက စကားထာကို ပြောပြလေ၏။

"ချူပြည်တောင်တန်းပေါ်၌ ငှက်ကြီးတစ်ကောင်ရှိသည် - ထိုငှက်ကြီးမှာ အမွေးအတောင် အရောင်ငါးရောင်ဖြင့် တင့်တယ်လှ သည် .... ထိုငှက်သည် သုံးနှစ်မျှ မပျံသန်းဘဲ နေသည် .... အဘယ် ကြောင့် မပျံသန်းသည်ကို လူများက မသိကြပေ .... ထိုငှက်က မည်သည့်ငှက်နည်း .... "

ချူကျွမ်းမင်းသည် သူ့ကို သွယ်ဝိုက်၍ဆိုကြောင်း သိသဖြင့် ရယ်မောလေ၏။ သူက ပြန်ဖြေသည်။



"ဆရာ .... ထိုငှက်ကား သာမန်ငှက်မဟုတ်ပေ .... သုံးနှစ်မျှ မပျံသန်း မအော်မြည်ဘဲ နေခြင်းကား အကြောင်းရှိပေသည် .... သူ ပျံသန်းလျှင် မိုးယံဝက်ဝက်ကွဲလေမည် .... သူ အော်မြည်လျှင်လည်း ဘဝက်လှုံလိုက်မည် .... ဆရာ မစိုးရိမ်ပါနှင့် .... "

စင်းဝ္စေသည် ကျေနပ်စွာ ခေါင်းညိတ်လေ၏။

"အရှင်မင်းကြီး .... ကျွန်ုပ် ကျေနပ်ပေသည် .... အရှင်မင်းကြီး လည်း ဉာဏ်ရည်သွားလှပေသည် .... "

ဆရာစင်းဝ္စေသည် ပြန်သွားလေတော့၏။

မကြာမီကာလအတွင်း ချူကျွမ်းမင်းသည် အုံဩဖွယ်ရာ တက်ကြွလာလေ၏။ သူ့လုပ်ရှားမှုကလည်း အုံဩဖွယ်ကောင်းသည်။ သူသည် တိုင်းပြည်အာဏာ အဝဝကို သိမ်းပိုက်လိုက်တော့သည်။

ချူကျွမ်းမင်းသည် အိပ်ရာမှနိုးလာသည့် နဂါးကြီး တစ်ကောင် အလား တို့ရဲ့စု၏ အာဏာများကိုပါ အမြစ်လှန်၍ သိမ်းပိုက်လိုက်၏။ တိုင်းပြည်ရေးရာ ကိစ္စအဝဝနှင့် စစ်ဘက်ရေးရာကိစ္စအဝဝတို့ကို စီမံ ဆောင်ရွက်တော်မူလေ၏။

စစ်လက်နက်ပစ္စည်းများ စုဆောင်းခြင်း၊ မြင်းများဝယ်ယူစု ဆောင်းခြင်း စသည့်အောက်ခြေသိမ်းအလုပ်များအား လုံးချူကျွမ်းမင်း မည်မျှ လုပ်ကိုင်သနည်းဆိုသော် သုံးနှစ်အတွင်း တောင်ပိုင်းဒေသ၌

လူမျိုးစုငါးစုတို့ကို သူ့လက်အောက်သို့ စုစည်းနိုင်ခဲ့သည်။

၁၁၈၅ ဖြစ်စနှစ်တွင် ချူကျွမ်းမင်းသည် စုံပြည်အား တိုက်ခိုက်အောင်မြင်လေ၏။

သူသည် စစ်အောင်ရန် အမြဲတွေးတောကြံဆနေပြီး သူ၏ စွမ်းအင်အားကိုလည်း အမြဲတမ်းတိုးချဲ့နေသည်။ စုံပြည်အား တိုက်ခိုက်အောင်မြင်ပြီး .... နှစ်နှစ်အကြာတွင် ကျိုကျင်းပြည်နယ်ကို တိုက်ခိုက်အောင်မြင်ခဲ့ပြန်လေ၏။

ချူကျွမ်းမင်းသည် ကျိုကျင်းပြည်နယ်ကို တိုက်ခိုက်အောင်မြင်ပြီး ပြန်လာသောအခါ သူ့ပြည် ချူနယ်စပ်သို့အရောက်တွင် စစ်တပ်ကြီးတစ်တပ် ကာဆီးထားကြောင်း တွေ့ရလေ၏။

ထိုစစ်တပ်ကြီး၏ ဦးစီးမှူးကားအခြားသူမဟုတ် နန်းရင်းဝန်ကြီး တို့ရဲ့စုပင်ဖြစ်လေ၏။ တို့ရဲ့စုသည် လေးသည်ကျော်တစ်ဦးဖြစ်ရာ စစ်ဆင်ရေး စစ်တက် အတတ်ပညာကို တတ်ကျွမ်းသူဖြစ်လေ၏။

တို့ရဲ့စုသည် သူ့လက်တွင်းမှ အာဏာများကို ချူကျွမ်းမင်းက သိမ်းယူသွားခဲ့သည်မှစ၍ မကြည်မလင် ဖြစ်နေခဲ့သည်။ ထို့ကြောင့် သူသည် တိတ်တဆိတ် ကြိတ်၍ လူသူလက်နက်ကို စုဆောင်းနေခဲ့သည်။ သူစုဆောင်းသည့် လူသူလက်နက်များမှာလည်း ရှိခဲ့ပါ၏။

မကြာမီ .... သူသည် အခွင့်ကောင်းတစ်ရပ် ကြုံရတော့၏။



အကြောင်းမှာ ချူကျွမ်းမင်းသည် ကျိုကျင်းပြည်နယ်အား စစ်ပြုရန် ထွက်ခွာသွားတော့၏။ ချူကျွမ်းမင်းသည် အခြားမင်းများကဲ့သို့မဟုတ်၊ သူကိုယ်တိုင် တပ်ဦးမှ ချီတက်ရမှ သဘောကျ ကျေနပ်နေသူဖြစ်သည်။

ယခု .... ကျိုကျင်းပြည်နယ်ကို တိုက်ခိုက်ရန် သူကိုယ်တိုင် ဦးဆောင်ချီတက်သွားတော့၏။

တို့ရဲ့စုသည် ချူကျွမ်းမင်းအား တော်လှန်ပုန်ကန်ရန် ကြံစည်နေခဲ့သူဖြစ်ရာ ချူကျွမ်းမင်း စစ်ချီသွားသည်နှင့် သူလည်း သူ့တပ်ကို စုစည်းပြင်ဆင်လေတော့သည်။

တို့ရဲ့စုသည် နန်းမြို့တော်ကို သိမ်းပိုက်လိုက်လေ၏။ မြို့တွင်း၌ နေသားကျအောင် စီမံသည်။ ထို့နောက် စစ်တပ်ကြီးနှင့် ချီတက်ကာ နယ်စပ်မှ ချူကျွမ်းမင်း၏စစ်တပ်ကြီးကို စောင့်ဆိုင်းနေလေသည်။

ချူကျွမ်းမင်းသည် သူ့တိုင်းပြည်ကို တို့ရဲ့စု သိမ်းပိုက်လိုက်သည်ကို သတင်းမရချေ။ သူသည် အေးအေးဆေးဆေးပင် ပြည်တော်သို့ ပြန်လာရာ နယ်စပ်၌ စစ်တပ်ကြီးနှင့် ရင်ဆိုင်တိုးမိတော့မှ အဖြစ်မှန်ကို သိရတော့သည်။

ချူကျွမ်းမင်းက ....

"အကြံပက်စက် ဆန်ကောလောက်မှ ဓောက်မနက်သော တို့ရဲ့စု .... သင်သည် ကျွန်ုပ်မရှိစဉ် တိုင်းပြည်အား ကောင်းမွန်စွာ ထိန်း

သိမ်းထားသင့်ပါလျက် သင်မို့ ယခုကဲ့သို့ လုပ်ရက်ပေသည် .... "

တို့ရဲ့စုက ....

"ချူကျွမ်းဘုရင် .... သင်သည် ကျွန်ုပ်၏လက်မှ ဩဇာအာဏာများကို သိမ်းပိုက်လိုက်သည်မဟုတ်ပါလား .... ယခု ကျွန်ုပ်သည် ထိုဩဇာအာဏာများကို ကျွန်ုပ်လက်ဝယ်ရောက်အောင် ကြိုးပမ်းတော့မည် .... သင့်စစ်တပ်ကြီးနှင့် ကျွန်ုပ်စစ်တပ်ကြီး စစ်တိုက်ကြရတော့မည် .... "

ထို့နောက် စစ်တပ်ကြီးနှစ်တပ်သည် စစ်တိုက်ရန် ပြင်ဆင်ကြတော့၏။

သို့သော် မည်သို့ဖြစ်သည်မသိ။

ချူကျွမ်းမင်း၏ စစ်တပ်ကြီးမှာ အလျင်အမြန် ဆုတ်ခွာသွားလေ၏။

ချူကျွမ်းမင်းသည် မြစ်ကူးတံတားတစ်ခုအနီးတွင် တပ်ကို ရပ်တန့်ပြီး အခြေအနေစောင့်ကြည့်လေ၏။

ရန်သူတပ်ကြီးသည် အဘယ်ကြောင့် ဆုတ်သွားရသနည်း။ ရန်သူတပ်ကြီးကို တိုက်သင့်မတိုက်သင့်ကို စစ်မှူးကြီးတို့ရဲ့စုသည် သူ၏စစ်မှူးများနှင့် ခေါင်းချင်းရိုက် တိုင်ပင်ကြတော့သည်။

ချူကျွမ်းမင်းလည်း မြစ်ကူးတံတားကို အုပ်စီးထားရာမှ ဆက်လက်ဆုတ်ခွာလေတော့၏။



ထိုအခါ တို့ရဲ့စု ထခုန်တော့သည်။ ဤသည်မှာ ချူကျွမ်းမင်း အတားအဆီးမရှိ ဆုတ်ခွာသည်ကို ပြခြင်းပင် မဟုတ်ပါလော။

တို့ရဲ့စုသည် မြစ်ကူးတံတားကိုဖြတ်ကူး၍ အပြင်းလိုက်လေ၏။ ချူကျွမ်းမင်း၏တပ်များမှာ လုံးဝမခုခံချေ။ ဆုတ်ပြီးရင်းသာ ဆုတ်နေသည်။

တစ်လီကျော်လိုက်လံပြီးမှ တို့ရဲ့စုတို့သည် သံသယဝင်လာလေ၏။ ထို့ကြောင့် တံတားဆီသို့ အပြင်းပြန်ဆုတ်လာသောအခါ တံတားကျိုးပျက်နေသည်ကို တွေ့ရတော့၏။

"တောက် .... ပရိယာယ်ညွှတ်ကွင်းတွင် ငါတို့ဝင်လေပြီ"

တို့ရဲ့စုက ပြောလေ၏။

တစ်ဘက်ကမ်းတွင်မူ ချူကျွမ်းမင်း၏ စစ်တပ်ကြီးကို တွေ့ရလေ၏။

ချူကျွမ်းမင်း၏ စစ်ပရိယာယ်ပင်တည်း။ ချူကျွမ်းမင်းသည် သူ၏တပ်သားများကို တံတားမရောက်မီကာလအတွင်း တပ်များကို ဖျောက်ခိုင်းလိုက်သည်။ အစုလိုက်အဖွဲ့လိုက် တပ်များသည် ပျောက်သွားသည်။ တံတားကို ဖြတ်ကျော်ပြေးသည့်တပ်များမှာ သူ့တပ်ကြီး၏ ဆယ်ပုံတစ်ပုံမျှသာ ရှိတော့သည်။

ယခုတော့ သူ့တပ်ကြီးမှာ နေပြည်တော်နှင့် လုံးဝအဆက်အသွယ်ပြတ်သွားပြီး ဖြစ်လေသည်။ သူ့တပ်ကြီး ဤမြစ်ကြီးကို ဖြတ်ကူးရမည်ဆိုလျှင် တစ်လလောက် အချိန်ယူရမည် ဖြစ်လေသည်၊ တံတားလည်းကျိုးပျက် လှေသမ္ဗန်လည်းမရှိ ဖြစ်နေသည်မဟုတ်ပါလား။

ချူကျွမ်းမင်း၏ စစ်ပရိယာယ်သည် အောင်မြင်သွားလေသည်။ သူ့နေပြည်တော်ကို လွယ်လွယ်ကူကူ ပြန်ရရှိသွားပေပြီ။

တစ်ဘက်ကမ်းဝယ် မြင်းစီးစစ်သည်မှူးကြီး တစ်ဦးသည် ကြွားဝွံဟန်ချိလျက် ရပ်နေလေ၏။

ထိုစစ်မှူးကြီးက တို့ရဲ့စုအား လှမ်းအော်သည်။

"စစ်မှူးကြီး .... သင့်ကို စစ်မှူးကြီးလို့ပိုက် စောင့်နေ၏ .... သင် ဒူးထောက်အညံ့ခံမည်လော .... သို့မဟုတ် အသေခံတိုက်မည်လော .... "

တို့ရဲ့စုသည် ထိုစစ်မှူးကြီးအား မြားနှင့် ပစ်နိုင်းသည်။ တို့ရဲ့စု၏ စစ်သည်များလည်း မြားနှင့်ပစ်ကြလေ၏။

စစ်မှူးကြီးလို့ပိုက်၏ လက်အောက်တွင် စစ်ဗိုလ်ကလေးတစ်ဦးရှိ၏။

သူ့နာမည်မှာ ယံရှိချီဖြစ်သည်။



တို့ရဲ့စုတို့ ပစ်သောမြားသည် အရှိန်ကုန်သောအခါမှ တစ်ဘက်ကမ်းသို့ ရောက်လေသည်။ ယံရှိချီက တို့ရဲ့စုအား လှမ်းအော်သည်။

"သင်တို့ အရှုံးများလော .... "

"ငါတို့ မရှုံး .... သင်တို့သာ ရှုံးမည် .... "

"သင်တို့ ရှုံးမည် .... ဤမျှကျယ်ဝန်းသော မြစ်ကြီးခံနေသည်ကိုပင် သင်တို့ မြားနှင့်ပစ်နေသည် .... ကျွန်ုပ်သည် စစ်မှူးကြီးတို့ရဲ့စုအား ပြောလိုက်သည် .... သင်သည် လေးသည်ကျော် တစ်ဦးဖြစ်သည်မဟုတ်ပါလော .... ကျွန်ုပ်နှင့်သင်သည် မြားချင်းယှဉ်ပြိုင်ပစ်ခတ်ကြမည် .... "

တို့ရဲ့စုသည် သဘောတူလိုက်၏။

"ငါ သဘောတူသည် .... အရှုံးအနိုင်၏ အကျိုးဆက်ကား မည်သို့နည်း .... "

ထိုအခါ ယံရှိချီသည် စစ်မှူးကြီးလို့ပိုက်နှင့် တိုင်ပင်ရတော့၏။

ယံရှိချီက ....

"ကျွန်ုပ်တို့ရှုံးလျှင် သင့်အား မြို့တော်သို့ပြန်နိုင်ရန် လမ်းဖွင့်ပေးမည် .... သင်ရှုံးလျှင် ဘာမျှပြောစရာမလိုတော့ပေ .... "

တို့ရဲ့စုက ခေါင်းညိတ်လေ၏။

"ကြိုက်ပြီ .... သဘောတူသည်"

တို့ရဲ့စုက ဆက်၍မေးလေ၏။

"မြားပစ်ပုံပစ်နည်း ရှိရဦးမည် .... မည်သို့ ပစ်ရမည်ကို ရှေးဦးစွာ ညှိနှိုင်းသင့်သည် .... "

ယံရှိချီက ....

"ကျွန်ုပ်တို့နှစ်ဦးသည် တံတားပျက်ထိပ်တွင် ရပ်ကြမည် .... တစ်ဦးကို မြားသုံးစင်းသာ ဖြစ်ရမည် .... လေးစင်းမပစ်ရ .... "

တို့ရဲ့စုက ပြန်အော်လေ၏။

ဤသို့ဆိုလျှင် ကျွန်ုပ်က အရင်ပစ်မည် .... အသင် သဘောတူပါ၏လော .... "

ယံရှိချီက လက်ခံ၏။

"ကောင်းပြီ .... အသင် ရပ်လော့ .... "

တို့ရဲ့စုနှင့် ယံရှိချီတို့သည် တံတားထိပ်တွင် နှစ်ဦးသား ရင်ဆိုင်ရပ်လိုက်ကြလေတော့၏။

▪▪▪ ◆ ▪▪▪



(၆၀)

## သူပုန်ရန်တို့ပြိုပျက် မြားတစ်ချက်

တို့ရဲ့စုသည် ယံရှိချီအား မြားတစ်စင်းကို ချိန်ရွယ်ပြီး ပစ်လွှတ်လိုက်သည်။ မြားသည် အားပျော့နေသည်။ မြစ်ကို ဖြတ်ကူးလာသော မြားသည် ယံရှိချီထံသို့ ရောက်သောအခါ အားကုန်နေသည်။ ယံရှိချီသည် မြားတံကို လေးကိုင်းဖြင့် ရိုက်ချလိုက်သည်။ မြားတံသည် ရေထဲသို့ ကျသွားလေ၏။

တို့ရဲ့စုသည် ဒုတိယမြားတံကို ပစ်လွှတ်လိုက်ပြန်သည်။ ဒုတိယမြားတံမှာ အနည်းငယ် ပို၍ အရှိန်ရှိသည်။ ယံရှိချီသည် မုဆိုးဒူးထောက်ထိုင်ချလိုက်ပြီး ဦးခေါင်းငုံ့၍ ရှောင်လိုက်၏။ ဒုတိယမြားချက်သည် ယံရှိချီ၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွား၏။

ယံရှိချီသည် ထိုမြားချက် အရှိန်ပြင်းသည်ကို သိသည်။ ထို့ကြောင့် သူသည် လေးနှင့် မရိုက်ဖယ်တော့ချေ။ ဒူးထောက်ပြီး ငုံ့ရှောင်လိုက်ခြင်း ဖြစ်သည်။

တို့ရဲ့စုသည် .... ယံရှိချီ ရှောင်တိမ်းသည်ကို မြင်လေ၏။ ထို့ကြောင့် အော်ပြောလေသည်။

"သင်သည် အဘယ်ကြောင့် ဒူးထောက်ထိုင်ချပြီး ငုံ့ရှောင်ရသနည်း .... ဤသို့ ရှောင်တိမ်းခြင်း မပြုရသည်ကို သင် မသိသလော"

ယံရှိချီသည် ဒူးထောက်ရာမှ ထရပ်သည်။

"ကောင်းပြီ .... ဒီတစ်ခါ ငုံ့မရှောင်ပါဘူး .... ဒူးထောက် မထိုင်ပါဘူး .... သင် ပစ်မှာသာ ပစ်ပါ .... ကျွန်ုပ် ဒူးထောက်ပြီး ငုံ့ရှောင်လျှင် ကျွန်ုပ် ရှုံးပြီဟုမှတ်ပါ .... "

တို့ရဲ့စုသည် တတိယမြားကို ပစ်လွှတ်လိုက်၏။ ထိုမြားချက်သည် ပျော့သွား၏။ ယံရှိချီက လက်နှင့်ဖမ်းယူလိုက်သည်။ မြားတံကို လက်ကကိုင်ပြီး ယံရှိချီက အော်ပြောသည်။

"ကဲ .... ခင်ဗျားအလှည့် ကုန်ပြီ .... "

"မှန်သည် .... ငါ့အလှည့်ကုန်ပြီ .... သင် ပစ်ရန်သာ ကျန်တော့သည် .... "

"ကျွန်ုပ် စပစ်မည် .... သင် ရှောင်ပေတော့ .... "



ယံရှိချီသည် မြားကို ပစ်လိုက်၏။ မြားချက်တို့သည် တို့ရဲ့စုကို မထိပေ။ လွဲချော်သွားလေ၏။ ယံရှိချီ၏ လေးကိုင်းသည် အတော်ပြင်းပုံရသည်။ မြားချက် လွဲချော်သွားသော်လည်း လေတိုးသံသည် အော်မြည်သွား၏။

တို့ရဲ့စုသည် ရင်ထိတ်သွား၏။

"ဤမြားချက်သာ ငါ့ကို မှန်ပါလျှင် ငါသေမည် မချွတ်တည်း၊ မြားချက်သည် အတော်ပြင်း၏ .... "

တို့ရဲ့စုသည် ထိုသို့တွေးသည်။

ထိုစဉ် ယံရှိချီက အော်ပြောလေ၏။

"ခေတ္တ စောင့်ပါဦး .... ကျွန်ုပ် မြားချက် မထိရောက်ဟု ထင်သည် .... လေးကြိုးကို ထပ်မံတင်းလိုက်ပါဦးမည် .... "

ယံရှိချီသည် လေးညှို့ကြိုးကို တကယ်တင်းခြင်း မဟုတ်ပေ။ သူသည် လေးညှို့ကို တင်ရမည့်အစား မြားကိုလေးပေါ်တင်လျက် လေးညှို့ကို ဆွဲယူလိုက်၏။

တို့ရဲ့စုသည် ပထမအကြိမ် ယံရှိချီ ပစ်စဉ်ကပင် လေးချက်ပြင်းသဖြင့် ထိတ်လန့်နေသည်။ ယံရှိချီက လေးကြိုးကို ပြန်တင်းဦးမည်ဟု အော်ပြောလိုက်သည့်အခါတွင်ကား .... ခြေလှမ်းတစ်လှမ်းစာမျှ နောက်ဆုတ်ရန် နောက်ဘက်သို့ ခပ်သွက်သွက်ပြန်လှည့်ကြည့်လေ၏။

ထိုစဉ် ယံရှိချိသည် ဒုတိယမြှားချက်ကို အားကုန်တင်၍ ပစ်လိုက်လေ၏။

"ဗိုး ..."

မြှားချက်သည် တို့ရဲ့စု၏ နောက်စေ့သို့ မှန်လေ၏။ တို့ရဲ့စုမှာ ဘာမှန်းမသိလိုက်ရဘဲ သေဆုံးသွားတော့သည်။ တို့ရဲ့စုမှာ အလွန်ပင် မြင့်မားကြွံနိုင်သည်။ တို့ရဲ့စုမှာ တုံးခနဲ လဲကျသွားသည်မှာ တစ်ဘက်ကမ်းတွင်ရှိကြသော ချူစစ်သည်တို့အားလုံး မြင်ကြရလေ၏။

သစ်ပင်ကြီး ပြိုလဲကျသောအခါ ကျေးငှက်သတ္တဝါတို့သည် အဝေးသို့ ရှောင်ပြေးကြလေ၏။

တို့ရဲ့စုသည် တော်လှန်ပုန်ကန်ကြသူတို့၏ အားထားရာ၊ မှီခိုရာ၊ လဲလျောင်းရာ သစ်ပင်ကြီးဖြစ်သည်။

ထိုသစ်ပင်ကြီး လဲပြိုသောအခါ တို့ရဲ့စု၏ လူယုံတပည့် စစ်မှူး စစ်သည်များမှာ ဘေးလွတ်ရာသို့ ရှောင်ပြေးကြလေတော့သည်။ စစ်သည်အများအပြားမှာ ဒူးထောက်လက်နက်ချကြလေတော့သည်။

ယံရှိချိကား မြှားတစ်စင်းနှင့် သူပုန်တပ်ကြီးကို ဖြိုခွင်းခဲ့သည်ဟု ပြောစမှတ်ပြုလေသည်။

ချူကျွမ်းမင်းသည် ယံရှိချိအား ချီးကျူးလေသည်။ ဆုလာဘ်တော်များလည်း ပေးကမ်းချီးမြှင့်သည်။



တို့ရဲ့စုသည် မလုပ်အပ်သော အလုပ်ကို လုပ်ခဲ့မိသဖြင့် ဤသို့ သေဆုံးရခြင်းဖြစ်သည်။ ကိုယ့်တိုင်းပြည်သာဖြစ်ရာ မည်သူအုပ်ချုပ်အုပ်ချုပ် တိုင်းပြည်စည်ပင်သာယာရေးသာ လိုရင်းဖြစ်သည်။ ယခုမူ သူသည် အာဏာကို ချုပ်ကိုင်ခြင်းမပြုရသဖြင့် တစ်စင်ထောင်လိုပြီး တော်လှန်ပုန်ကန်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးမှာ သူသာ သေဆုံးသွားခဲ့ရ၏။

သူ့ကို မှီခိုအားထားသော စစ်မှူးစစ်သည်များထဲ၌လည်း အားကိုးရမည့်လောက်သူ မပါချေ။ ထို့ကြောင့် တို့ရဲ့စု သေဆုံးပြီးနောက် အားလုံးလိုလို ထွက်ပြေးသွားကြခြင်း ဖြစ်သည်။ ဦးစီးဦးဆောင် ပြုနိုင်သူ ပါမလာချေ။

ချူကျွမ်းမင်းသည် ချူပြည်ကြီးကို သိမ်းမြန်းအုပ်စိုးလေသည်။

သူသည် သူ၏ နန်းတွင်းရေးရာကိစ္စကို ထိန်းချုပ်နိုင်မည့်သူ၊ သူ ယုံကြည်အားကိုးရမည့်သူတစ်ဦးကို ရှာဖွေလေသည်။ တို့ရဲ့စုကဲ့သို့ အာဏာကို ငမ်းငမ်းတက် မက်မောသောလူ မဖြစ်ရန်လည်း လိုအပ်ပေသည်။

သူသည် လူပုဂ္ဂိုလ်တစ်ယောက်အား တွေ့ရှိလေသည်။ ထိုလူသည် နန်းတွင်းရေးကိစ္စများကိုလည်း ဖြေရှင်းပေးနိုင်သူ ဖြစ်သည်။ သူ ယုံကြည်အားထားရမည့်သူလည်း ဖြစ်ပေသည်။ ထိုသူမှာ ဝေအမျိုး

အနွယ် ဖြစ်သည်။

ထိုသူကို အောှဟု ခေါ်သည်။ ယေိနာမည်မှာ စွန်းစု ဖြစ်သည်၊ သို့သော် သူ့မိခင်ကသာ သူ့ယေိနာမည်ကိုသာ ခေါ်သည်။ အများကမူ သူ့နာမည်ကို မခေါ်ချေ။ ဝေစုအောှဟုသာ ခေါ်ဝေါ်ကြသည်။

ဝေစုအောှ၏ ယေိစဉ်ဘဝကား ရယ်စရာကောင်းလှ၏။ သူသည် ယေိစဉ်ကာလက သူများ ပြောသံဆိုသံဖြင့် ဦးခေါင်းနှစ်လုံးမြွေ တွေ့မြင်လျှင် သေမည်ဟု ထင်မြင်နေသတည်း။ ထို့ကြောင့် ဝေစုအောှသည် ဦးခေါင်းနှစ်လုံးကို တွေ့မြင်မှာကို အလွန်စိုးရိမ်သည်။

ဦးခေါင်းနှစ်လုံးမြွေကို တွေ့မြင်လျှင် သူ သေရမည် မဟုတ်ပါလား။

တစ်နေ့တွင် ဝေစုအောှသည် ငိုယိုပြီး ပြန်လာသည်။ သူ့မိခင်ကြီးသည် ထွက်ကြည့်သည်။ ငိုယိုပြန်လာသော ဝေစုအောှကိုတွေ့လျှင် အဘယ်ကြောင့် ငိုယိုပြန်လာရသနည်းဟု မေးလေသည်။

ဝေစုအောှသည် ငိုရှိုက်ပြီး ပြောသည်။

"အမေ .... ကျွန်တော် သေရတော့မည်၊ ကျွန်တော့်အတွက် သင်္ဂြိုဟ်ရမည့်ကိစ္စကို စီမံပါလေလော့ .... ခေါင်းဝယ်ရန် မြေမြှုပ်သင်္ဂြိုဟ်ရန် စီမံပါလော့ .... "

မိခင်ကြီးသည် ထိတ်လန့်အံ့ဩသွားသည်။



"မည်သို့ဖြစ်သနည်း ငါ့သား .... "

"ကျွန်တော် တောစပ်သို့ သွားပါသည် .... ကျွန်တော် မည်သည့်အရာကို တွေ့မြင်ခဲ့သည်ဟု မိခင် ထင်မြင်ပါသနည်း။ ကျွန်တော်သည် ဦးခေါင်းနှစ်လုံးမြွေကို တွေ့မြင်ပါသည် .... "

"ထိုမြွေကို သား အဘယ်ကဲ့သို့ ပြုလုပ်လိုက်ပါသနည်း .... "

"ကျွန်တော် ပေါက်တူးနဲ့ ပေါက်သတ်လိုက်ပါပြီ .... မြွေလည်း သေသွားပါပြီ .... ကျွန်တော်လည်း သေရပါတော့မည် .... ခေါင်းနှစ်လုံးမြွေကို ကျွန်တော် တွေ့ခဲ့ရသည် မဟုတ်ပါလား .... "

မိခင်ကြီးက ရယ်မောရှ ပြောဆိုလေသည်။

"သား .... မြွေကိုမြင်သဖြင့် သေရမည်ဟု မည်သူပြောဆိုသနည်း"

"ဤသို့ပင် သူပြောငါပြော ပြောဆိုနေသည်ကို ကျွန်တော်ကြားသိရပါသည် .... "

"သား .... မြွေဆိုသည်မှာ လူကို ကိုက်မိမှ ပေါက်မိမှ ထိုလူတွင် အန္တရာယ်ရပါသည် .... ဦးခေါင်းနှစ်လုံးနဲ့မြွေကို သား တွေ့မြင်ရုံမျှဖြင့် သားသည် မသေနိုင်ချေ .... မြွေ၏ အစွယ်တွင် အဆိပ်ရှိသည်၊ ထိုအစွယ်မှ အဆိပ်ရည်ဝင်လျှင် လူသည် သေတတ်သည် .... အဆိပ်ရည်မဝင်လျှင် လုံးဝမသေနိုင်ပေ .... ယခု သားအား မြွေသည် မကိုက်

ခဲ့ချေ .... သားကိုယ်သို့ အဆိပ်ရည်မထိချေ .... ထို့ကြောင့် သား မသေနိုင်ချေ .... စိတ်ချမ်းသာစွာနေလော့ .... "

ဝေစုအော့သည် မိခင်ကြီးပြောပြမှ စိတ်ချမ်းသာရာ ရရှိသွားသည်။

ဝေစုအော့ကို ချူကျွမ်းက နန်းတွင်းရေးရာဝန်ကြီးအဖြစ် ရွေးချယ်လိုက်သည်။

ဝေစုအော့ကလည်း နန်းတွင်းရေး တည်ငြိမ်အောင် တိုင်းပြည် စည်ပင်ဝပြောအောင် ကြိုးပမ်းစီမံတော့သည်။

ချူပြည်တွင် တူးမြောင်းကြီးတစ်ခု ပြည်သူလူထုအင်အားဖြင့် တူးဖော်ခဲ့သည်။ ထိုတူးမြောင်းဖြင့် လယ်ဧက တစ်သိန်းကျော်ကို ရေပေးသွင်းပြီး စိုက်ပျိုးရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ချူပြည်သည် စားနပ်ရိက္ခာများ ပိုမိုထွက်ရှိလေတော့သည်။

နောက်သုံးနှစ်ကြာသောအခါ ချူပြည်သည် ကျင့်ပြည်နှင့် ဦးစီးခေါင်းဆောင်နေရာအတွက် စစ်မက်ဖြစ်ပွားလေ၏။ ထိုအချိန်ကာလမှာ ဘီစီ ၅၉၇ ခုနှစ် ဖြစ်သည်။

ထိုအချိန်တွင် ကျင့်ပြည်ကြီးတွင် ကျင့်စိမ်မင်းနှင့် နန်းရင်းဝန်ကြီး ကျောက်ဟွန်တို့လည်း မရှိကြတော့ပေ။ ကျင့်ကျင်မင်း နန်းတက်နေသည်။ ကျင့်ကျင်မင်း နန်းတက်သော်လည်း ကျင့်ပြည်ကြီးမှာ စစ်



အင်အား တောင့်တင်းနေဆဲသာ ဖြစ်လေ၏။

ကျင့်စစ်တပ်ကြီးနှင့် ချူစစ်တပ်ကြီးတို့သည် အပြင်းအထန် ရင်ဆိုင်တွေ့ဆုံပြီး စစ်ပွဲဖြစ်ပွားလေတော့၏။

ချူစစ်တပ်ကြီးသည် ကျင့်စစ်တပ်ကြီး ပြိုကွဲသွားအောင် တိုက်နိုင်ခဲ့သည်။ ချူကျွမ်းမင်းသည် ရှုံးနိမ့်ဆုတ်ခွာပြေးသော ကျင့်စစ်သည်များကို လိုက်လံမသတ်ဖြတ်ပါချေ။

ချူကျွမ်းမင်းသည် အမြော်အမြင်ကြီးသူ ဖြစ်သည်။

"ရှုံးနိမ့်ထွက်ပြေးသော ရန်သူများကို လိုက်လံသတ်ဖြတ်၍ အဘယ်အကျိုးရှိပါအံ့နည်း .... ဤသို့ ဆုတ်ခွာခွင့်ပေးလိုက်ခြင်းက ငါတို့အဖို့ ပို၍ အကျိုးရှိနိုင်ပေသည် .... သူတို့သည် ငါ့ထံ သံတမန်များ စေလွှတ်၍ ငြိမ်းချမ်းရေးစကား ဆိုကြပေမည် .... "

ချူကျွမ်းမင်း၏ မြော်တွေးမှုသည် လွန်စွာ မှန်ကန်လေ၏။ ကျင့်ကျင်မင်းသည် စစ်ပြေငြိမ်းရေးစကား ကမ်းလှမ်းလာသည်။ ချူကျွမ်းမင်းကလည်းလက်ခံပြီး နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းစွာနေရန် သဘောတူလိုက်သည်။

မကြာမီ ချူကျွမ်းမင်းသည် ပြည်ထောင်မင်းများ၏ ဦးစီးခေါင်းဆောင်မင်း ဖြစ်လာတော့၏။ သူသည် သုံးနှစ်ကျော်မျှ အပျော်အပါး အစားအသောက်ဖြင့် ငြိမ်ဝပ်စွာနေခဲ့၏။ သုံးနှစ်လွန်သော် တို့ရဲ့စုထံ

မှ အာဏာကိုသိမ်းပြီး တိုင်းပြည်တိုးတက်အောင် ပြုလုပ်ခဲ့သည်။ တိုင်းပြည်သည် စပါးဆန်ရေ တိုးတက်စေခဲ့ပြီး စစ်ရေးအင်အားလည်း အတောင့်တင်းဆုံး ဖြစ်ခဲ့လေပြီ။ ချူကျွမ်းနဂါးကြီးကား အောင်မြင်မှု သရဖူဆောင်းနေလေပြီ။

ချိဝမ်မင်းမှ အစပြုပြီး စုံလန်မင်း၊ ကျင့်ဘွန်မင်း၊ ချူကျွမ်းမင်း အဆုံး ထိုအချိန်ပိုင်းကာလကို ငါးပြည်ထောင် ဦးသျှောင်မင်း ခေတ်ကာလဟု ခေါ်ဆိုသမုတ်ကြလေ၏။

■■ ◆ ■■



(၆၁)

မျိုးဆက်ရင်သွေး

ကျင့်ပြည်သည် ချူပြည်အား စစ်ရေးရှုံးနိမ့်ပြီးနောက် တောင်ပိုင်းဒေသသို့ သူ့ဩဇာအာဏာ မဖြန့်ကြက်နိုင်တော့ဘဲ ရှိသည်။ အဘယ်ကြောင့်ဆိုသော် တောင်ပိုင်းဒေသ၌ ချူပြည်၏ ဩဇာအာဏာမှာ ဖြန့်ကြက်လျက်ရှိပြီ မဟုတ်ပါလား။

ကျင့်မင်းသည် တောင်ဘက်သို့ သူ့ဩဇာအာဏာကို မဖြန့်ကြက်နိုင်တော့သည့်အလျောက် အနောက်ဘက်သို့ နယ်ချဲ့ရန် ကြံစည်ရတော့သည်။

ထိုအချိန်တွင် အိမ်နီးချင်း တိုင်းပြည်တစ်ပြည် ဖြစ်သည့် လူးပြည်တွင် နန်းတွင်းရေးရာများ ရှုပ်ထွေးပြီး အစ်ကိုက ညီကို သတ်၊

ညီက အစ်ကိုသတ်ဖြင့် တစ်နန်းဆောင်လုံး သွေးချောင်းစီးနေတော့သည်။ နန်းတွင်းရေးများမှာလည်း ဖြေရှင်းမရအောင် ရှုပ်ထွေးနေသည်။

ထိုသတင်းကို ချင်ပြည်မင်းသည် သတင်းရရှိလေ၏။ ပြည်တွင်းတွင် အချင်းချင်းသတ်ဖြတ်နေလျှင် ပြည်ပရန်ကို မကာကွယ်နိုင်တော့ချေ။ အချင်းချင်း စည်းလုံးညီညွတ်မှုမရှိလျှင် ပြည်ပမှ ဝင်ရောက်နိုင်သည်သာတည်း။ နွားကွဲလျှင် ကျားကိုက်သည်ဟူသော စကားပုံသည် ရှိသည် မဟုတ်ပါလော။

ထိုသတင်းအရ ချင်ပြည်သည် လူးပြည်ကို တိုက်ခိုက်ဝင်ရောက်ရန် ချီတက်လာလေတော့၏။

သို့သော် ချင်ပြည်ကား နောက်ကျသွားလေပြီ။ အဘယ်ကြောင့်ဆိုသော် ကျင့်ပြည်မင်းသည် လူးပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက်ပြီး ထိန်းချုပ်လိုက်သောကြောင့်ပေတည်း။

ချင်ပြည်သည် ဤသည်ကို မကျေနပ်ပေ။ ကျင့်မင်းသည် သူစားခွက်ကို ဝင်လုသည်ဟု သူ ယူဆသည်။ သူ ဝင်တိုက်လုဆဲဆဲတွင် ကျင့်မင်းက ဝင်ရောက်သိမ်းပိုက်လိုက်သည် မဟုတ်ပါလော။

အလွန်အလွန် ဒေါသဖြစ်နေသော ချင်ပြည်မင်းသည် ကျင့်မင်းသိမ်းပိုက်ထားသော လူးပြည်သို့ ချီတက်လာလေ၏။ ချင်စစ်တပ်ကြီးသည် ကျင့်စစ်တပ်ကြီးကို အပြင်းအထန် တိုက်ခိုက်သည်။



ကျင့်စစ်တပ်ကြီးက အပြင်းအထန် တွန်းလှန်သဖြင့် ချင်စစ်တပ်ကြီး နောက်ဆုတ်ရသည်။ ချင်စစ်တပ်ကြီးသည် ကျင့်စစ်တပ်ကြီးကို နိုင်အောင် မတိုက်နိုင်ချေ။

ကျင့်စစ်တပ်သည် တွန်းလှန်ရုံမက ဆုတ်ခွာသွားသည့် ချင်စစ်တပ်နောက်သို့ပါ လိုက်တိုက်သဖြင့် ချင်စစ်တပ်ကြီးသည် ခွေးပြေးဝက်ပြေး ဆုတ်ခွာရတော့သည်။ ချင်စစ်သည်တော် တော်တော်များများ ကျဆုံးကုန်သည်။

ချင်စစ်တပ်သည် အရှုံးကို ရင်ဝယ်ပိုက်ကာ ပြည်တော်သို့ ပြန်ရလေ၏။

ကျင့်ကျင်မင်းသည် ချင်စစ်တပ်အား အောင်နိုင်ပြီးသောအခါ ချီပြည်ကို တိုက်ခိုက်ပြန်၏။ ချီပြည်အား အဘက်ဘက်မှ ဝိုင်းဝန်းပိတ်ဆို့ပြီး တိုက်ခိုက်သည်။ ကျင့်ကျင်မင်းသည် စစ်အင်အားအရ အလွန်အသာစီးရနေရကား ချီပြည်သည် ကျင့်စစ်တပ်ကြီးအား မခုခံနိုင်အောင် ဖြစ်ရသည်။ နောက်ဆုံး ချီပြည်သည် ကျင့်ကျင်မင်းအား လက်နက်ချ အရှုံးပေးရလေတော့၏။

ချီပြည်သည် ကျင့်ကျင်မင်း၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်သွားလေပြီ။

ထို့ကြောင့် .... ကျင့်ကျင်မင်းသည် မာနတောင်လွှားလာလေ

တော့၏။ အနားပတ်လည်တွင်လည်း ခေါင်းတော်ညိတ် စိတ်တော်သိ မြောက်ပင့်လျှောက်ထားတတ်သည့် ဝန်ကြီးမှူးမတ်များ ဝိုင်းဝိုင်းလည် နေတော့၏။ ဤမင်းသည် သူ့အား ဆန့်ကျင်မည့်သူကို အလိုမရှိပေ။ သူ့အား ထောက်ခံမည့်သူကိုသာ အလိုရှိပေသည်။

ကျင့်ကျင်မင်း အပါးတွင် စုတွေ အစရှိသည့် ဝန်ကြီးများ၊ ပညာရှိပုဏ္ဏားလ်များ မရှိတော့ပေ။ အသက်ရှည်လျက် ကျန်ရစ်သူကား ကျူးအန်ကူ ဖြစ်လေ၏။ ကျူးအန်ကူကား အလွန်အသက်ရှည်ပေသည်။ ကျူးအန်ကူ၏ တစ်ခေတ်ထပြီဟု ဆိုရပေမည်။

ယခင်ကဆိုလျှင် ကျူးအန်ကူသည် ကျောက်ဟွန်တို့၏ မျိုးနွယ်စုများကို ခွေးတစ်ကောင်ကဲ့သို့ အမြီးနန့်၍ လိုက်လံပေါင်းသင်းနေရသည်။

ကျောက်မျိုးနွယ်စုတွင် ကျောက်ဟွန်သည် ရာထူးအကြီးမြင့်ဆုံးသူ ဖြစ်သည်။ သို့ရာတွင် သူ့ဆွေမျိုးများကိုပင် မထိုက်တန်လျှင် ရာထူးတိုးမပေးသူ ဖြစ်သည်။ ဤမျှအထိ ဖြူစင်သန့်ရှင်းစွာ တိုင်းပြည်နှင့် ဘုရင်အတွက် အမှုထမ်းခဲ့သူ ဖြစ်သည်။

ယခု ကျောက်ဟွန်လည်း မရှိတော့ပေ။ ကျောက်ဟွန်လည်း ကွယ်လွန်သွားခဲ့ပေပြီ။ ကျောက်အမျိုးအနွယ်များမှာ ထိုက်သင့်သော ရာထူးများ၌ ရှိသော်လည်း အမြင့်ဆုံးရာထူးတော့ မရရှိတော့ပေ။



သို့သော် ကျောက်ဂေဟာတွင် ကျောက်ထုံ၊ ကျောက်ဒို နှင့် ကျောက်တီတို့ တန်ခိုးအာဏာ ထက်မြက်နေသည်။ အုပ်ချုပ်ရေး ရာထူးများ၌ ကျောက်အမျိုးအနွယ်များ မြောက်မြားစွာ ရှိနေသဖြင့် တိုင်းပြည်အုပ်ချုပ်ရေးကို ကျောက်မျိုးနွယ်များက အုပ်စီးထားသကဲ့သို့ ရှိနေလေ၏။

ကျူးအန်ကူသည် ကျောက်အမျိုးအနွယ်များကို မျက်နှာချိုသွေးလျက် ပေါင်းသင်းနေရသော်လည်း စိတ်ထဲကမူ နေသေးသပ ချီထကချီသွေးလို့ တမြမြဟူသော စိတ်ထားမျိုး ထားနေသည်။ သို့သော် ကျောက်အမျိုးအနွယ်များကမူ သူ့အား ရန်မပြုကြချေ။ သာမန်လူကြီး တစ်ယောက်အနေနှင့်သာ လေးလေးစားစား ဆက်ဆံကြသည်။

ကျောက်ဟွန်နှင့် ကျောက်ချွမ်းတို့ သက်ရှိထင်ရှား ရှိစဉ်က ကျောက်ချွမ်းသည် ကျင့်လင်မင်းကလေးအား လုပ်ကြံပြီးနောက် ကျူးအန်ကူသည် ကျောက်အမျိုးအနွယ်များကို ဒုက္ခပေးမည့်သူ ဖြစ်သည်။ ရှင်းပစ်မှ တော်မည်ဟု ကျောက်ချွမ်းက ပြောခဲ့သည်။ ထိုအခါ ---- ကျောက်ဟွန်က မျက်လုံးပြူးချက်ဆန်ပြူးနှင့် သင် လူသတ်သမား လုပ်တော့မည်လားဟု ပြန်မေးပြီး ကျူးအန်ကူအား မသတ်ရန် တားမြစ်ခဲ့ပေသည်။

ကျူးအန်ကူသည် ကျောက်အမျိုးအနွယ်အားလုံးကို သတ်ဖြတ်

ဖယ်ရှားလိုသော်လည်း သူတစ်ယောက်တည်း၏ အင်အားဖြင့် ကျောက်တစ်မျိုးနွယ်လုံးကို ဖယ်ရှားပစ်နိုင်မည်မဟုတ်သည်ကို သူ သိပေသည်။ ဤသို့ဖြင့် သူသည် ကျင့်ကျင်မင်း ယုံကြည်ကိုးစားသည့် ဝန်ကြီးမှူးမတ်အချို့ကို အစစအရာရာ အနစ်နာခံ၍ ပေါင်းသင်းပေသည်။ သူသည် ဤသို့ဖြင့် နန်းတော်ထဲ၌ ဝင်ဆံ့နိုင်ရန် ကြိုးစားလေ၏။

သူသည် ကျင့်ကျင်မင်းအပါး၌ အချိန်များများ ခစားနိုင်ခွင့်ရအောင် ကြိုးပမ်းသဖြင့် ကြိုးပမ်းသည့်အတိုင်း အချိန်တော်တော်များများ ခစားနိုင်ခွင့် ရရှိလေတော့သည်။ သူသည် ကွယ်လွန်သူ ကျင့်လင်မင်းကလေးအား ခေါင်းတော်ညိတ် စိတ်တော်သိ ခစားဖူးသူဖြစ်၍ ဤမှာဘက်တွင် အထာကျွမ်းသူ ဖြစ်သည်။ များမကြာမီ ကျင့်ကျင်မင်း၏ ယုံကြည်မှုကို ကျူအန့်ကူ ရရှိလာလေတော့၏။

ထိုအခါ သူသည် လုပ်ငန်းစလေတော့၏။ သူ့လုပ်ငန်းကား ကျောက်မျိုးနွယ်စုတို့ ဒုက္ခရောက်စေရန် ချောက်တွန်းခြင်းပေတည်း။

သူက ကျင့်ကျင်မင်းအား လျှောက်ထားသည်။

"အရှင်မင်းကြီး .... ကျောက်မျိုးနွယ်စုများသည် နေပြည်တော်အတွင်းတွင် ဥစ္စာ၊ ဓန၊ ရာထူးဂုဏ်ရှိန် လွန်စွာမြင့်မားလျက် ရှိပါသည်၊ နန်းတွင်း၌လည်း အုပ်ချုပ်ရေး ရာထူးအဆင့်ဆင့်၌ ကျောက်မျိုးနွယ်တို့ ဦးစီးဦးဆောင် ပြုနေပါသည် .... ဤသို့ ခုံကျောက်မျိုးနွယ်တို့ အမြစ်



တွယ်နေခြင်းမှာ အရှင်မင်းကြီး၏ ထီးနန်းအရိုက်အရာကို စိုးရိမ်ရပါသည် .... "

ပထမအကြိမ် လျှောက်ထားသောအခါ ကျင့်ကျင်မင်းသည် ရယ်မောလေ၏။

"ကျူအန့်ကူ .... သင် အစိုးရိမ်လွန်တော့သည် .... "

ကျူအန့်ကူသည် နှုတ်ပိတ်သွားရလေ၏။ သို့သော် သူသည် နောက်သုံးလအကြာတွင် ထိုစကားကို ပြန်လျှောက်ထားပြန်လေ၏။ ထိုအခါတွင် ကျင့်ကျင်မင်းသည် ကျောက်အမျိုးအနွယ်တို့၏ ရာထူးယူမှု အခြေအနေကို စူးစမ်းလေတော့၏။

ကျောက်အမျိုးနွယ်များ၏ ရာထူးရထားမှုမှာ လွန်စွာများပြားသဖြင့် သူသည် လွန်စွာထိတ်လန့်သွားလေတော့သည်။

ဒုတိယအကြိမ် လျှောက်ထားသည့်အခါတွင် ကျင်ကျင့်မင်းသည် ကျူအန့်ကူအား ဘာမှမိန့်တော်မမူချေ။ ထို့ကြောင့် ကျူအန့်ကူသည် နောက်တစ်လတွင် ကျောက်အမျိုးအနွယ်တို့ကို စိုးရိမ်ရကြောင်း ထပ်မံလျှောက်ထားပြန်လေတော့၏။

"များမကြာမီအချိန်က ကွယ်လွန်သူ ကျောက်ဟွန်သည် သူ့တပည့်သားချင်း ဆွေမျိုးများနှင့် ပူးပေါင်းကာ ကျွန်တော်မျိုးတို့၏ အရှင်ကလေး ကျင့်လင်မင်းကို လုပ်ကြံသတ်ဖြတ်ခဲ့ပါသည် .... အရှင်

မင်းကြီး မသိသလော .... "

"ငါ သိပါ၏ .... "

"ထိုသို့ လုပ်ကြံခြင်းမျိုးမှာ .... လွန်စွာ ကြောက်မက်ဖွယ်ရာ ကောင်းလှပါသည်၊ အစရှိအနှောင်နှောင် ဆိုသလိုဖြစ်မှာစိုးရိမ်ရပါသည်၊ ကျောက်မျိုးနွယ်တို့၏ အသိတွင် ဘုရင်တစ်ပါးကို အလွယ်တကူ လုပ်ကြံနိုင်သည်ဟု သူတို့သွေးထဲတွင် အသိဝင်နေပါသည် .... ကိုယ့်အရှင်ကို ကိုယ်ပြန်လုပ်ကြံသော အစဉ်အလာရှိသဖြင့် အရှင်မင်းကြီး၏ နောင်ရေးကို စိုးရိမ်ရသည်ဟု ကျွန်တော်မျိုး လျှောက်သားပါသည် .... မစိုးရိမ်ရလျှင် ကျွန်တော်မျိုး လုံးဝမလျှောက်ပါ .... "

စိုးရိမ်စိတ် ဝင်နေပြီဖြစ်သော ကျင့်ကျင်မင်းကလည်း ကျူအန့်ကူအား တီးတိုးပြောလေ၏။

"ငါသည် ကျောက်အမျိုးအနွယ်တို့၏ ရာထူးယူထားမှု အခြေအနေကို စုံစမ်းပြီးလေပြီ .... သူတို့သည် အရေးကြီးသော ရာထူးများအားလုံးကို ယူထားကြသည် .... ငါသည် ကျောက်အမျိုးအနွယ်တို့ကို နှိပ်ကွက်ဆုံးမရန် ဆုံးဖြတ်ထားချေပြီ .... သို့သော် သူတို့သည် အရေးကြီးသော ရာထူးဟူသမျှကို ယူထားသဖြင့် သူတို့အား ချက်ချင်းအရေးယူရန် မဖြစ်သေးချေ .... ငါတို့၌ အမာခံသစ္စာရှိသူများရှိရန် လိုအပ်ချေသည် .... "



ကျူအန့်ကူက လျှောက်ထားလေ၏။

"ကျွန်တော်မျိုးသည် ကျောက်အမျိုးအနွယ်တို့နှင့် လက်ပွန်းတတီးနေခဲ့သဖြင့် မည်သူတို့သည် ကျောက်အမျိုးအနွယ်တို့ကို လိုလား၍ မည်သူတို့သည် ကျောက်အမျိုးအနွယ်တို့ကို မလိုလားသည်ကို သိရှိပါသည် .... အရှင် ခွင့်ပြုတော်မူလျှင် ကျောက်အမျိုးအနွယ်တို့ကို မလိုလားသော သူတို့ကို ကျွန်တော်မျိုး စည်းရုံး... .... "

ကျင့်ကျင်မင်းက ခေါင်းညိတ်၏။

"ငါ ခွင့်ပြု၏ .... "

ကျူအန့်ကူသည် ကျောက်အမျိုးအနွယ်တို့အား ဆန့်ကျင်သည့်လူများကို စည်းရုံးလေတော့၏။

တချို့လူများသည် အောင်မြင်သည့်လူများကို မုန်းတီးမြဲ ဖြစ်သဖြင့် ကျောက်အမျိုးအနွယ်တို့အား ဆန့်ကျင်သည့်လူများကို ကျူအန့်ကူ လွယ်ကူစွာ စည်းရုံးနိုင်ခဲ့လေ၏။

နောက်သုံးလခန့် ကြာသောအခါ ကျင့်ကျင်မင်းသည် ကျူအန့်ကူအား အမိန့်တစ်ခု ချမှတ်ပေးသည်။ ထိုအမိန့်အား ကျောက်အမျိုးအနွယ်တို့အတွက် အမိန့်ကောင်းမဟုတ်ချေ။ ဘေးဒုက္ခ အတုံးလိုက်အခဲလိုက် ဝင်သောအမိန့်ဖြစ်သည်။

"ကျောက်အမျိုးအနွယ်မှန်သမျှအားလုံး တစ်ယောက်မကျန်

ကွပ်မျက်စေ၊ သူတို့ဉစ္စာပစ္စည်း အားလုံးတို့ကိုလည်း တိုင်းပြည်ဘဏ္ဍာအဖြစ် သိမ်းစေ .... သူတို့သည် ငါ၏ ဘိုးလောင်းတော် ဘေးလောင်းတော်တို့အား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် အပြစ်ကြီးရှိသည် .... "

ထိုအမိန့်ရရှိပြီးသော် ကျူအန့်ကူသည် နန်းတွင်းကိုယ်ရံတော်တပ်ဖွဲ့မှ ကိုယ်ရံတော်များ၊ မြို့စောင့်စစ်သည်များထံမှ လက်ရွေးစင်စစ်သည်များ၊ ပါးကွက်အာဏာသားများကိုခေါ်၍ ကျောက်ဂေဟာသို့ ရုတ်တရက် ဝင်စီးလေ၏။

ကျောက်ထုံ၊ ကျောက်ခိုနှင့် ကျောက်တီတို့မှာ အသတ်ခံရပြီး အအွားအိုများ၊ ကလေးငယ်များ၊ မိန်းမများ၊ နို့စို့ကလေးများပါမကျန် အားလုံး ကြောက်ခမန်းလိလိ အသတ်ခံရလေ၏။

ကျူအန့်ကူက ပါးကွက်အာဏာသားများကို အမိန့်ပေးလေ၏။

"အားလုံးသတ် .... တစ်ယောက်မှ မကျန်စေနဲ့ .... "

ပါးကွက်အာဏာသားများသည် ချောင်ကြိုချောင်ကြားမကျန် အားလုံးကိုရှာဖွေသည်။

ချောင်ကြိုချောင်ကြား၌ ပုန်းနေသူကိုတွေ့လျှင် ဆွဲထုတ်သတ်ပစ်ကြသည်။

ကျူအန့်ကူသည် ကျောက်အမျိုးအနွယ်ပိုင် ပစ္စည်းများကိုလည်း အားလုံး တိုင်းပြည်ဘဏ္ဍာအဖြစ် သိမ်းလေသည်။ သူသည်



ကျောက်ဂေဟာ၌ရှိသမျှ ကျောက်အမျိုးအနွယ်အားလုံးကို သတ်ပြီးလေပြီ။

ကျောက်ဂေဟာအတွင်း သွေးချောင်းစီးသွား၏။ ဂေဟာတစ်ခုလုံး မြင်မကောင်းတော့ချေ။

ကျောက်ဂေဟာသို့ ဝင်မစီးမီကတည်းက ကျူအန့်ကူသည် ကျောက်မျိုးနွယ်စာရင်းတစ်ခုကို ပြုစုထား၏။ သေသူများကိုထိုစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးလေ၏။

ထိုအခါ ကျောက်ဂေဟာမှ အမျိုးသမီးတစ်ဦး လျော့နည်းနေကြောင်း စစ်ဆေးတွေ့ရှိရတော့သည်။

ထိုအမျိုးသမီး မည်သူနည်း။

ထိုအမျိုးသမီးမှာ ကျောက်တီ၏ဇနီး ကျွမ်းယွင်ပေတည်း။ ကျွမ်းယွင်မှာ အခြားသူမဟုတ်ပေ၊ ကျင့်စိမ်မင်း၏ သမီးတော် ဖြစ်ပေသည်။ ကျောက်ဟွန်၏သား ကျောက်တီနှင့် ပေးစားထားသူ ဖြစ်လေသည်။

လက်ရှိ ကျင့်ကျင်မင်း၏ ညီမတော်လည်း ဖြစ်သည်။ ထိုနေ့က ကျွမ်းယွင်သည် မယ်တော်၏နန်းဆောင်ထဲ ရောက်ရှိနေသဖြင့် သတ်ဖြတ်ခြင်းမှ လွတ်ကင်းသွား၏။

သတ်ဖြတ်ခြင်းမှ လွတ်ကင်းသွားသဖြင့် ကျွမ်းယွင်သည် ဝမ်း

မသာနိုင်ပါ။ သူမအတွက် အန္တရာယ်သည် အသင့်စောင့်ကြိုနေသော
ကြောင့်တည်း။

သူမသည် ကျောက်တီ၏ကိုယ်ဝန်ကို လွယ်ထားရသည်။ မယ်
တော်သည် ကိုယ်ဝန်အရင့်အမာနှင့် သမီးတော်အား သူ့နန်းဆောင်ထဲ
တွင် ဝှက်ထားလေ၏။

ကျူအန့်ကူသည် သူ့စာရင်းကို စစ်ဆေးသည်။ သူသည် ...
ကျောက်အမျိုးအနွယ်များနှင့်လည်း လွန်စွာရင်းနှီးသဖြင့် မည်သူဖြ
သည်ကို သူ သိလေသည်။ မင်းသမီး ကျွမ်းယွင် လိုနေသည်ကို သူ
သိသည်။

သူသည် ကျွမ်းယွင်၏သတင်းကို အထောက်တော်များနှင့် စုံ
စမ်းလေ၏။

မယ်တော်၏ အဆောင်တော်၌ ရောက်နေကြောင်း .... သူ
သတင်းကြားသိရလေသည်။

ထိုအခါ သူသည် ကျင့်ကျင်မင်းထံ အခစားဝင်ရောက်တော
သည်။

"ကျူအန့်ကူ .... သူ့ကို ခွင့်လွှတ်လိုက်ပါတော့ .... မယ်တော်
သည် ကျုပ်နမတော်ကို အလွန်ချစ်သည် .... သူ့ယောက်ျား ကျောက်
အမျိုးအနွယ်ဝင် ဖြစ်သော်လည်း သူက ကျောက်အမျိုးအနွယ်ဝင်



မဟုတ်ပါ .... ကျွန်ုပ်၏ ဆွေမျိုးအရင်းကြီး ဖြစ်နေပါသည် .... သူ့
အတွက် ကျုပ် တာဝန်ယူပါသည် .... သူ မယ်တော်နှင့် ယခုအတိုင်း
ချမ်းသာစွာနေပါစေ .... "

ကျင့်ကျင်မင်းသည် သူ့နမတော်အား ဤသို့ ခွင့်လွှတ်လိုက်
လေ၏။ သို့သော် ကျူအန့်ကူက ....

"အရှင်မင်းကြီး .... ကျွန်တော်မျိုးသည် အရှင့်နမတော်အသက်
အန္တရာယ်မပြုလိုပါ .... သို့သော် အရှင့်နမတော်အတွက် ကိုယ်ဝန်အရင့်
အမာ ရှိနေပါသည် .... ဤသည်မှာ ပြဿနာဖြစ်နေပါသည်၊ သူ မွေး
လာသည့် ကလေးသည် ယောက်ျားလေးဖြစ်က ကျောက် အမျိုးအနွယ်
တို့၏ မျိုးဆက်ရင်သွေးပင်တည်း .... ကျွန်တော်မျိုးသည် ထိုကလေး
ကိုပင် စိုးရိမ်ပါသည် .... "

ကျင့်ကျင်မင်းသည် တွေးတောနေ၏။

"ဤဝန်ကြီးကား ငါ့နမကိုပင်မချန် သတ်ဖြတ်လိုနေသည် ....
သူသည် ကျောက်အမျိုးအနွယ်နှင့် ရသော်လည်း သူ့ဘာသာ အေးအေး
ချမ်းချမ်း နေသူဖြစ်သည် .... ငါ့နမသည် ငါ့ထီးနန်းကို လုယူမည့်သူ
မဟုတ်ချေ .... "

ကျင့်ကျင်မင်းသည် ထိုသို့တွေးတောပြီး ကျူအန့်ကူကို ကြည့်
လေ၏။

ထို့နောက် ....

"ကျုပ်နှမ မွေးပါစေဦး .... သူ ဘာမွေးမည်ကို မည်သူမျှ ကြိုတင်မသိရဲ့ .... မိန်းကလေးမွေးလျှင် ဘာမှ လုပ်စရာမလိုပေ ... ယောကျ်ားလေးမွေးလျှင် ယူ၍ သတ်ပစ်လိုက်ရုံပင် .... "

ကျူအန့်ကူသည် ဘာမျှ ပြန်မပြောဝံ့တော့ပေ။ သူ ဆက်ပြောနေလျှင် ဘုရင့်နှမကို သတ်လိုသဖြင့် ကျားကုတ်ကျားခဲ ပြောနေသည်ဟု ဘုရင်က အထင်ရှိသွားပေမည်။ ဤသို့ အမြင်မကြည်လင် ဖြစ်သွားလျှင် သူ့အဖို့ မလွယ်တော့ပေ။ ကျူအန့်ကူသည် အထာသိသူ ဖြစ်သည်။ သူသည် နှုတ်ပိတ်ရှေ့နေလေတော့၏။

▮▮ ◆ ▮▮



(၆၂)

ကလေးငယ်များအား သုတ်သင်ခြင်း

ကျင့်ကျင်မင်း၏ စိတ်ထဲတွင် .... ကျောက်အမျိုးအနွယ်တို့အကြောင်း လုံးဝမရှိတော့ပေ။ သူသည် ကျောက်အမျိုးအနွယ်တို့ကို မေ့လျော့သွားလေ၏။

မမေ့သူမှာ ကျူအန့်ကူတည်း။ ကျူအန့်ကူသည် ကျောက်အမျိုးအနွယ်တို့ကို မုန်းတီးနေသူဖြစ်ရာ ကျောက်အမျိုးအနွယ်တစ်ယောက် ကျန်နေခြင်းသည် အသည်းထဲသို့ ဆူးတစ်ချောင်း စိုက်ဝင်နေသကဲ့သို့ ခံစားရလေ၏။

သူသည် နေ့စဉ်နေ့တိုင်း မင်းသမီး ကျွမ်းယွင်၏သတင်းကို စုံစမ်းနေ၏။ ကျွမ်းယွင်မှာ ကျောက်တီ သေဆုံးသွားသဖြင့် မုဆိုးမ

ဖြစ်သွားသည်။ ဤသတ်ဖြတ်မှု၏ လက်သည်တရားခံမှာ ကျူအန်ကူ ဖြစ်ကြောင်း သိရှိရသဖြင့် ကျွမ်းယွင်သည် ကျူအန်ကူအပေါ် အဲ့မကြေနိုင်အောင် ဖြစ်နေရလေသည်။

ကျူအန်ကူတစ်ယောက်တည်း ကျွမ်းယွင်၏ သတင်းကို စုံစမ်းနေသည် မဟုတ်ပါ။ အခြားသူနှစ်ယောက်လည်း ရှိနေပါသေးသည်။

ထိုလူနှစ်ယောက်မှာ ကျောက်ဟွန်၏ လူယုံတော်ကြီး နှစ်ယောက်ပေတည်း။ ကျောက်တီမှာ ကျောက်ဟွန်၏ သားဖြစ်ရာ သူတို့သည် ကျောက်တီပေါ်လည်း သစ္စာရှိကြပါသည်။ ထိုနှစ်ယောက်၏ အမည်များမှာ စွန်းကျူချူနှင့် ချင်အင်းတို့ ဖြစ်ကြလေသည်။

သူတို့နှစ်ယောက်၏ အကြံအစည်မှာ ကျွမ်းယွင် မွေးဖွားလာသည့် ကလေးသည် ယောကျ်ားလေးဖြစ်လျှင် ကယ်တင်ထွက်ပြေးကြမည် ဖြစ်သည်။ မိန်းကလေးဖြစ်လျှင်တော့ ကျောက်မျိုးဆက် တုံးပြီဖြစ်သည်။

နောက်လအနည်းငယ် ကုန်လွန်သောအခါ မယ်တော်၏ နန်းဆောင်မှာ သတင်းတစ်ခု ထွက်ပေါ်လာ၏။ မိန်းကလေးမွေးသည့် သတင်းပေတည်း။

စွန်းကျူချူ ငိုရှိုက်ပြီး ချင်အင်းကို ပြောလေ၏။

"မိန်းကလေးတစ်ယောက်မွေး၍ ဘာအသုံးချနိုင်မည်နည်း။



ကျောက်အမျိုးအနွယ်အတွက် လက်စားချေမည့်သူ မရှိတော့ပြီ .... ကျောက်မျိုးဆက် ပြတ်ပါပြီ .... "

ကျောက်မျိုးနွယ်စုမှာ အစဉ်အဆက် ချမ်းသာကြွယ်ဝသော မျိုးစဉ်မျိုးဆက်ကြီး ဖြစ်သည်။ သူတို့ဆီ၌ မျိုးရိုးမှာ အလွန်အရေးကြီးသည်။ ကျောက်မျိုးနွယ်များသည် သမာဓိတည်ကြည်ရုံမျှမက အပေးအကမ်းလည်း ရက်ရော၊ လက်အောက်လူများကိုလည်း သနားကြင်နာစွာ ကြည့်ရှုထောက်ပံ့လေ့ရှိသဖြင့် သစ္စာရှိသူများမှာ အလွန်ပင် သစ္စာရှိကြသည်။ ယခုပင်ကြည့် ကျောက်ဟွန်၏ လူယုံတော် နှစ်ယောက်မှာ ကျောက်တီမရှိတော့သည်ပင် ကျောက်မျိုးအပေါ် သစ္စာရှိနေသေးသည်။

ချင်အင်းသည် စွန်းကျူချူအား နှစ်သိမ့်ပြောဆိုသည်။

"သိပ်လည်း စိတ်မပူပါနှင့် သူငယ်ချင်း .... နန်းဆောင်မှ ထွက်ပေါ်လာသည့် သတင်းသည် အမှန်ဖြစ်ချင်မှ ဖြစ်လိမ့်မည် .... "

"အဘယ်ကြောင့် အမှန်မဖြစ်ရမည်နည်း .... "

"အဘယ်ကြောင့် အမှန်မဖြစ်ရမည်နည်းဟူမူ လူသတ်သမားသည် နန်းဆောင်အား စောင့်ကြည့်နေမည်ဖြစ်သောကြောင့်တည်း၊ သူတို့သည် ကလေး၏အသက်ကို အန္တရာယ်ဖြစ်မည်စိုးသဖြင့် .... မိန်းကလေးမွေးသည်ဟု သတင်းလွှင့်ခြင်း ဖြစ်မည် .... အမှန်တကယ်

တော့ မိန်းကလေးမွေးသည် ယောကျ်ားလေးမွေးသည်ကို မင်းတို့ငါတို့ မသိနိုင်ချေ .... ငါ သွားစုံစမ်းဦးမည် .... ”

ချင်အင်းသည် နန်းဆောင်မှ နန်းတွင်းသူတစ်ဦးနှင့် ဆက်သွယ်ကာ မင်းသမီး ကျွမ်းယွင်ထံသို့ လျှို့ဝှက်စာပို့၍ မေးမြန်းလေ၏။

မင်းသမီးကျွမ်းယွင်ကို သူ့မယ်တော်က လုံခြုံစွာ ကာကွယ်စောင့်ရှောက်ပြုလေ၏။ အဆောင်တစ်ခုလုံးရှိ နန်းတွင်းသူများသည် မယ်တော်၏ လူများချည်း ဖြစ်သည်။ မယ်တော်သည် နန်းတွင်းသူအသစ်များကို လက်မခံချေ။ သူ့နန်းတွင်းသူများမှာ ငယ်မွေးခြံပေါက်များသာ ဖြစ်သည်။

နန်းတွင်းသူသည် ချင်အင်းအား စာရွက်တစ်ရွက်ပေးသည်။ ထိုစာရွက်ပေါ်တွင် စာလုံးတစ်လုံးတည်း ရေးထား၏။ ထိုစာလုံးမှာ ဝှဟူသော စာလုံးတည်း။

ဝှဟူသော စာလုံး၏အဓိပ္ပာယ်မှာ တိုက်နိုက်စွမ်းရည်ရှိခြင်းဟူသော အဓိပ္ပာယ်ရသည်။

ချင်အင်းသည် ထိုစာလုံးကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။

ထိုအမျိုးသမီးကြီးသည် နန်းဆောင်မှကလေးကိုကြည့်ပြီး ကျူအန်ကူအား လာရောက်သတင်းပေးသည်။



“သခင်ကြီး ကလေးကိုတော့ မမြင်ခဲ့ရပါ .... မိန်းကလေးဟု ပဲ ပြောပါသည် .... ကလေးကို မမြင်ခဲ့ရသည်မှာ ထိုကလေး သေဆုံးခဲ့ရပြီဖြစ်သောကြောင့်ပါ .... ”

ထိုအခါ ကျူအန်ကူသည် လုံးဝ မယုံတော့ချေ။ မိန်းကလေးမွေးသည်မှာ မဖြစ်နိုင်ဟု ထင်မှတ်နေစဉ် သွားကြည့်နိုင်းသူ ပြန်လာသောအခါ ထိုမိန်းကလေး သေဆုံးသွားပြီဟု ပြောကြပြန်သည်။ သူမယုံ ဘယ်နည်းနှင့်မျှ မယုံနိုင်ချေ။

ကျူအန်ကူသည် သံသယတဖွားဖွားဝင်လာခဲ့ချေ၏။ ကျောက်အမျိုးအနွယ် ယောကျ်ားကလေးတစ်ယောက် အသက်ထင်ရှားရှိနေလျှင် သူ့အသည်းထဲ၌ ဆူးတစ်ချောင်း ဝင်နေသည်သို့ ရှိနေသည်မဟုတ်ပါလား။ သူသည် ကျင့်ကျင်မင်းထံသို့ အမြန်ဆုံး ဝင်တွေ့လေ၏။

“အရှင်မင်းကြီး မင်းသမီးကျွမ်းယင်နှင့် ပတ်သက်၍ အရှင့်မယ်တော်သည် ဖုံးကွယ်မှုများ ပြုလုပ်နေသည်ဟု ကျွန်တော်မျိုး ယူဆပါသည် .... ”

ကျင့်ကျင်မင်းက ....

“မယ်တော်သည် အဘယ်ကဲ့သို့ ဖုံးကွယ်မှုပြုနေသနည်း”

“သမီးတော် ကျွမ်းယင် မွေးဖွားသည့်ကလေးကို မိန်းကလေးဟု သတင်းလွှင့်ပါသည် .... ကျွန်တော်မျိုးစိတ်ထင်ယောကျ်ားကလေး

ဖြစ်မည် ထင်ပါသည်"

"စုံစမ်းနိုင်းလျှင် ဤအကြောင်းအရာသည် သိရန်မခက်ခဲပါ"

"ကျွန်တော်မျိုး စုံစမ်းနိုင်းပါသည် .... ပထမ စုံစမ်းသူက မိန်းကလေးမွေးဖွားသည်ဟု သိလာပါသည် .... ဒုတိယ စုံစမ်းသူ သွားသောအခါ ထိုမိန်းကလေးကို မတွေ့ရတော့ပါ .... သေပြီဟု ပြောကြပါသည် .... ဤသည်မှာ ရိုးသားသောအဖြေဟု ကျွန်တော်မျိုး မယူဆပါ .... "

"မွေးဖွားပြီးစ ကလေးတိုင်း အသက်မရှင်တတ်ပါ .... "

"ဤသည်မှာ နန်းတော်ဖြစ်ပါသည် .... အစစအရာရာ ပြည့်စုံပါသည် .... မွေးဖွားပြီးစ ကလေးအတွက် လုံခြုံမှုများ အစစအရာရာ ပြည့်စုံနေပါသည် .... ကျောက်အမျိုးအနွယ်တွင် ယောကျ်ားကလေးတစ်ယောက် အသက်ရှင်လျက် ရှိခဲ့သော် နောင်ကို အရှင်မင်းကြီးနှင့်တကွ ကျွန်တော်မျိုးပါ ကလဲ့စားချေ သတ်ဖြတ်မည်ကို စိုးရိမ်ရပါသည်၊ ကျွန်တော်မျိုးအား မယ်တော်၏ အဆောင်တွင်းသို့ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ရှာဖွေစစ်ဆေးခွင့်အမိန့် ထုတ်ပေးတော်မူပါလျှင် .... ထိုကျောက်အမျိုးအနွယ် ယောကျ်ားကလေးကို ကျွန်တော်မျိုးရအောင် ရှာဖွေဖော်ထုတ်နိုင်မည်ဟု ထင်ပါသည် အရှင် .... "

"သင်တို့ ပြုလုပ်ရန် ဆန္ဒပြင်းပြနေပါလျှင် ငါ အမိန့်ထုတ်ပေးမည် .... "

ကျင့်ကျင်မင်းသည် ကျူအန့်ကူအား မယ်တော်အဆောင်တော်အတွင်းသို့ ဝင်ရောက်ရှာဖွေခွင့်ကို အမိန့်ထုတ်ပေးလိုက်သည်။

ကျူအန့်ကူသည် နန်းတွင်း ကိုယ်ရံတော်စစ်သည်များကို ခေါ်၍ မယ်တော်၏အဆောင်တော်အတွင်းသို့ဝင်ကာ ရှာဖွေစစ်ဆေးတော့သည်။

"မွေးဖွားသည့်ကလေးမှာ မိန်းကလေးဖြစ်ပါသည် .... မွေးဖွားပြီး ခြောက်ရက်အကြာတွင် သေဆုံးသွားပါသည် .... သေဆုံးသောအလောင်းကို ရေတွင်မျှောချလိုက်ပါသည် .... "

မယ်တော်က ထိုသို့ဖြေလေ၏။ ထိုအဖြေကြောင့် ယောကျ်ားကလေးမွေးသည်ဟု ကျူအန့်ကူ လုံးဝယူသွားတော့၏။

အဘယ်ကြောင့်ဆိုသော် ကလေးအား မြေမြှုပ်သည်ဟု ပြောလျှင် ကလေးအလောင်းကို ရှာဖွေတူးဖော်ကြည့်နိုင်သည်။ ယခု ရေတွင် မျှောလိုက်သည်ဟုဆိုသောအခါ လုံးဝ ခြေရာဖျောက်သွားသည် မဟုတ်ပါလား။ ကျူအန့်ကူ သံသယသည် ပိုမိုနိုင်မာသွားလေ၏။

ကျူအန့်ကူသည် နန်းဆောင်တစ်ခုလုံး ရှာဖွေလေ၏။ အကြိမ်ကြိမ် အကြားမကျန် ရှာဖွေသည်။ နောက်ဆုံး လက်လျှော့ရတော့သည်။

မင်းသမီး ကျွမ်းယင် မွေးဖွားသောကလေးသည် ယောကျ်ား

ကလေးဖြစ်သည်ဟု ကျုံအန့်ကူ အခိုင်အမာ ယုံကြည်သွားပေပြီ။

နန်းဆောင်အပြင်သို့ သူ၏သူလျှိုများ မသိစေဘဲ ခေါ်ထုတ်သွားပြီဖြစ်သည်ဟု သူ ယူဆသည်။

ကျုံအန့်ကူသည် ကျင့်ကျင်မင်းကို အကျိုးအကြောင်း တင်ပြလျှောက်ထား၏။ မီးကြွင်းမီးကျန်ကို ချန်မထားကောင်းကြောင်း၊ မီးကြွင်းမီးကျန်မှ တစ်အိမ်လုံး လောင်မြိုက်ပြာကျစေနိုင်ကြောင်း ရှင်းလင်းပြောပြလေ၏။

ကျင့်ကျင်မင်းသည် ကျင့်ပြည်အတွင်းရှိ ပြည်နယ်များထဲ၌ လိုအပ်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပေးလေ၏။ ထိုအမိန့်ကား

"ကျောက်အမျိုးအနွယ်ဆက် ကလေးငယ်၏ သတင်းကို ပေးနိုင်သူအား ရွှေစင်လုံတစ်ထောင် ဆုငွေချီးမြှင့်မည် .... ထိုကလေးငယ်အား လက်ခံခြင်း၊ ပြုစုခြင်း၊ မွေးမြူခြင်း၊ ထိန်ဝှက်ထားခြင်း ပြုသူတို့အား တစ်အိမ်ထောင်စုလုံး သေဒဏ်သင့်စေ .... "

ကျုံအန့်ကူသည် သူ၏လူယုံတပည့် မင်းမှုထမ်း အမြောက်အမြားကို နယ်အရပ်ရပ်သို့စေလွှတ်ပြီး ကလေးငယ်သတင်းကို စုံစမ်းထောက်လှမ်းစေ၏။ ကျုံအန့်ကူ၏လူများသည် ကလေးငယ်ကို ပိုက်စိပ်တိုက် ရှာဖွေကြလေတော့၏။ သူတို့သည် ကလေးငယ်ရှိသမျှ အိမ်များကို စုံစမ်း၍ ဝင်ရောက်ကြည့်ရှုစစ်ဆေးကြတော့၏။ အိမ်ရှင်များကို



မေးမြန်းစစ်ဆေးကြသည်။

အိမ်ရှင်များမှ ထိတ်လန့်နေကြသည်။ အဖြေမှားသော် .... ကလေးငယ်မှာ အသတ်ခံရတော့၏။ ဤသို့ဖြင့် ကလေးငယ်ပေါင်း မြောက်မြားစွာ သေကြေကြတော့သည်။

ထိုသို့ ပိုက်စိပ်တိုက်၍ ကလေးငယ်များကို ရှာလာရာ ချင်အင်းနှင့် စွန်းကျူချူတို့ ပုန်းစရာနေရာမရှိ ဖြစ်လာတော့၏။ သူတို့ ပုန်းအောင်းနေသည့် ပြည်နယ်သို့ ကျုံအန့်ကူ ရောက်ရှိလာပြီး တစ်အိမ်တက်ဆင်း ဝင်ရောက်ရှာဖွေနေကြပြီမဟုတ်ပါလား။

ကလေးငယ်ကို သူတို့သည် နန်းဆောင်မှ မယ်တော်၏ အကူအညီဖြင့် ခိုးထုတ်လာနိုင်ခဲ့ကြသည်။ သို့သော် သူတို့အဖို့ ပြေးစရာမြေမရှိတော့ပေ။ ဆုတော်ငွေ ရွှေစင်လုံတစ်ထောင် ဆိုသည်မှာ လူတစ်သက်တာလုံး ထိုင်စားနေနိုင်သည့် ငွေကြေးဖြစ်သည် မဟုတ်ပါလော။ သူတို့ ကလေးကိုပိုက်၍ လမ်းတကာထွက်၍ ရှောင်နေလျှင် အားလုံး သိသွားမည်မဟုတ်ပါလော။ သတင်းပေးမည့်သူများမှာ အနှမတင့်ပင်။ ထို့ကြောင့် ချင်အင်းနှင့် စွန်းကျူချူတို့မှာ ကျုံအန့်ကူ၏ လူများလက်တွင် အမိခံရမည်ကဲ့သို့ ရှိနေလေ၏။

စွန်းကျူချူက ညည်းညူသည်။

"ဤအတိုင်းနေ၍ မဖြစ်တော့ပေ .... ငါတို့ တစ်စုံတစ်ခု ပြု

လုပ်မှ ဖြစ်တော့မည် .... ဤအတိုင်းနေလျှင် ငါတို့ အဖမ်းခံရမည်မှာ မုချပင်၊ ငါတို့နှစ်ယောက်အပါအဝင် ကလေးပါအသက်ဆုံးရှုံးတော့မည်"

ချင်အင်းက ....

"ခဏနေပါဦး .... ငါ စဉ်းစားပါဦးမည်"

"ကျူအန့်ကူကား ရောက်လာတော့မည် .... သင် စဉ်းစားလျှင် မြန်မြန်စဉ်းစားပါ .... နို့မဟုတ်လျှင် ကျွန်ုပ်တို့သုံးယောက်စလုံး သေဆုံးကြရမည်သာ"

ချင်အင်းသည် မကြာမီ အကြံတစ်ခုအား တွေးမိလေ၏။ သူ့အကြံမှာ မဆိုးလှသော်လည်း မကြာမီက မွေးထားသည့် သူ့ရင်သွေးကလေး သေဆုံးရမည်ဖြစ်သဖြင့် သူ့အဖို့ ရင်နာစရာကောင်းလှပါသည်။

"အင်း .... ဘာပဲဖြစ်ဖြစ် ငါဟာ ကျောက်အမျိုးတွေအပေါ်မှာ သစ္စာရှိရမယ် .... ဘာဖြစ်လို့လဲဆိုတော့ ကျောက်အမျိုးတွေက ကူညီထောက်ပံ့ခဲ့လို့ ငါဟာအခုထက်ထိချမ်းချမ်းသာသာ နေနေရတာ"

ချင်အင်းသည် စွန်းကျူချူအား ဤသို့ပြောလေ၏။

"ငါ တစ်ခုစဉ်းစားသည် .... ငါ့အစီအစဉ်မှာ ငါ့ရင်သွေးကလေး၏အသက်နှင့် လဲရမည့်အစီအစဉ် ဖြစ်သဖြင့် အောင်မြင်မည်ဟုတော့ ယုံကြည်သည် .... "

စွန်းကျူချူက ....



"ပြောပါ .... ငါ စိတ်ဝင်စားလာပြီ"

"ငါ့သားကလေးအား သင်တို့ထံ အပ်ထားမည် .... ကျောက်မျိုးရိုးဝင် ကလေးကိုတော့ ငါ့မိန်းမအားပေး၍ အဝေးသို့ ရှောင်နိုင်းထားမည် .... ငါတို့အား စစ်ဆေးပြီးလျှင် ငါ့မိန်းမနှင့်ကလေးမှာ ဘေးရန်ကင်းပေပြီ .... ငါကတော့ ကျူအန့်ကူထံသွားပြီး နန်းတော်မှ ကလေးကို သင် ယူဆောင်ထားသည်ဟု ငါ ပြောမည် .... ရွှေစင်လုံးတစ်ထောင်လိုချင်၍ ငါ ဖွင့်ပြောသည်ဟု ပြောမည်၊ ထိုအခါ ကျူအန့်ကူသည် မုချ ယုံကြည်ပြီး ကလေးကို သတ်မည်မှာ သေချာသည်"

စွန်းကျူချူမှာ မျက်ရည်များ ရစ်ဝဲလာပြီး ....

"သခင်ကြီး ကျောက်ဟွန်၏မျက်နှာကို ထောက်ထား၍ သင်သည် အမှုကိုပြုသည်ဟု ငါ ယုံကြည်ပါသည် .... သင် ပြုပါလေလော့၊ ဤသို့ပြုမှ ကျောက်မျိုးနွယ်ဝင်သည့် သားကလေး အသက်ချမ်းသာရာရမည် မဟုတ်ပါလား .... "

ချင်အင်းသည် မတိမ်းမယိမ်း အသက်အရွယ်ရှိသော သားကလေးကို စွန်းကျူချူအား ပေးအပ်လိုက်၏။ သူ့ဇနီးကိုမူ ကျောက်မျိုးနွယ်ဝင်ကလေးကို ပေးအပ်လျက် အဝေးသို့ရှောင်နေစေ၏။ သူ့ဇနီးမှာလည်း မျက်ရည်လည်ရွဲနှင့်ပင်၊ သူတို့၏ရင်သွေးကလေး သေဆုံးမည်ကို သိနေသောကြောင့်တည်း။

သို့သော် သူမတို့၏ ဘဝတစ်သက်တာလုံး ကျောက်မျိုးနွယ်ကို ကူညီထောက်ပံ့ပေးခဲ့သည်ကို သူမ မမေ့ချေ။ ကျောက်မျိုးနွယ်တို့အတွက် ကိုယ့်ရင်သွေးသာမက ကိုယ့်အသက်ကိုပင် အဆုံးရှုံးခံစရာရှိက အဆုံးရှုံးခံရမည်ကို သူမ သိသည်။ ထို့ကြောင့် သူမသည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ချင်အင်း၏ အစီအစဉ်ကို လက်ခံရလေ၏။

ယင်းသို့ စီစဉ်ပြီးသော် ချင်အင်းသည် ကျူအနဲ့ကူအား သွားရောက်တွေ့ဆုံလေတော့သည်။

စာစဉ်(၃)ပြီး၏။

စာစဉ်(၄–စာတ်သိမ်းပိုင်း)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်